
www.burmeseclassic.com



www.burmeseclassic.com


| | |
|---|---|
| | စာမူခွင့်ပြုချက်အမှတ် ၄၁၇/၉၈ (၈) |
| | မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၇၆/၉၈ (၉) |
| | ပထမအကြိမ် |
| | ၁၉၉၈ ခုနှစ်၊ အောက်တိုဘာလ |
| တန်ဖိုး | ကျပ်တစ်ရာသုံးဆယ် |
| အုပ်ရေ | ၅၀၀ အုပ် |
| မျက်နှာဖုံးပန်းချီ | တင်ရွှေချို |
| ကာလာခွဲ | |
| ကွန်ပျူတာစာစီ | |
| မျက်နှာဖုံး | ဒေါ်ခင်စန်းမြင့် (၀၅၄၄၉) |
| ပုံနှိပ်သူ | ဟံသာ **OFFSET**<br>၁၁၊ ၁၂၅ လမ်း၊ မင်္ဂလာတောင်ညွန့်၊<br>ရန်ကုန်မြို့။ |
| အတွင်းဖလင် | ဇင်ဦးနှင့်ညီများ |
| ထုတ်ဝေသူ | ဦးတင်အုန်း (မြ ၀၉၄၃)<br>မိုးမင်းစာပေ<br>၉၃၊ ရှိပ်သာလမ်း၊ လေးဒေါင့်ကန်ရပ်၊<br>သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဒေါ်မမ (မြ ၀၂၁၄၃) |


# ဇော်ထက်အောင်

ခင်ရန်နိုင်နှင့် ကောရီရဲ့မြား

www.burmeseclassic.com

www.burmeseclassic.com

## ဒိုတာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အချာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းမျဉ်းကိုက်ညီ ဘေးကင်းမည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

# "ကောရီရဲ့မြား"

## အခန်း(၁)

အချိန်အခါမှာညနေစောင်း အချိန်အခါမို့ မြစ်ဆိပ်တွင် လူသူရှုပ်ထွေးနေ၏။ ခရီးသည်များမှာလည်း ဆိပ်ခံဘောတံတားပေါ်တွင် ဆင်းလိုက်တက်လိုက်နှင့် ရှုပ်ထွေးနေ၏။ ကုန်တင်ကုန်ချ အလုပ်သမားများမှာလည်း ချွေးတလုံးလုံးနှင့် ကုန်ပစ္စည်းများကို အပြေးအလွှားသယ်ပို့နေ၏။

မြစ်ပြင်တွင် မော်တော်များ၊ သင်္ဘောများ၊ လှေငယ်များ အစုန်အဆန်သွားလာနေကြ၏။

ငါးဖမ်းလှေကလေးများမှာလည်း မြစ်ထဲတွင် တအိအိနှင့် ရွက်ဖွင့်သွားလာရင်း ငါးအရကို စောင့်ဆိုင်းနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် လှိုင်းစီးသည့် စင်ရော်တစ်အုပ်မှာ ရေဆန်ကို မောင်း ချလာသော ရွှေမြင့်မိုရ်သင်္ဘောကြီးကို တွေ့လိုက်ကြသဖြင့် တကွိကွိ အော်ကာ သင်္ဘောကြီးဆီသို့ ပြန်သွားကြ၏။

စင်စစ် နေဝင်ချိန်ရောက်ပြီးဖြစ်သော်လည်း၊ စင်ရော်အုပ်မှာ အစာရှာလို့မဝသေး။ လှိုင်းစီးမပျက်ကြသေးချေ။

ထိုအချိန်တွင် မြစ်ပြင်ထဲ၌ ငါးရှာနေသော လှေကလေး တစ်စင်းပေါ်မှ တံငါသည်ကြီး ဦးဘအိုသည် ရေစုန်ရေဆန်ကို ကြည့် ရင်း ပဲ့ပိုင်းတွင် ထိုင်နေသော စောခိုင်ကို လှမ်းပြောလိုက်၏။

'အင်း.. အချိန်လဲ မရှိတော့ဘူး စောခိုင်ရေ၊ ရေ အခြေအ နေကလဲ ထူးနေတယ်ကွ၊ ရေ ရောက်လာလည်း ငါး ပါပုံသိပ်မပေါ် ဘူးဟေ့'

'ဒါဆို.. ပိုက်သိမ်းတော့မလား ဦးကြီး'

'အေးကွာ... သိမ်းလိုက်ရင်ကောင်းမယ်ထင်တယ်ကွ'

'ဒါဆို.. ကျွန်တော် ရွက်ချလိုက်ဦးမယ်'

'အေး.. အေး'

စောခိုင်သည် ပဲ့ပိုင်းမှ ထလာကာ တလူလူလွင့်နေသော ရွက် တိုင်ကို ဆိုင်းကြိုးများဖြုတ်၍ အောက်သို့ချလိုက်၏။ ထိုအချိန်တွင် ဦးဘအိုသည် မြစ်ပြင်တွင် ပေါလောမျောနေသော ပလပ်စတစ်ဘော လုံးများဆီသို့ လှေကို လှော်ခတ်ခဲ့ပြီး အနားရောက်သည်နှင့် ဘောလုံး နှင့် ဆက်သွယ်ထားသော ပိုက်ကွန်ကို တဖြည်းဖြည်း ဆွဲတင်လိုက်





လေ၏။

'ဟာ... လေးလှချည်လားကွ'

'ဟင်... ဘာဖြစ်လို့လဲ ဦးကြီး'

'ဟာ.. ပိုက်ထဲ ဘာများပါလာလို့လဲမသိဘူးဟေ့၊ အတော့် ကို လေးတာကွ'

'ကေ့ွ မိကျောင်းကြီးများလား မသိဘူး'

'ကြုံကြုံဖန်ဖန်ကွာ၊ ပေါက်ကရမပြောနဲ့ဟေ့၊ မင်းစကားကို မြစ်စောင့်နတ်တွေ မကြိုက်လို့ ဟုတ်ပေ့ဖြစ်နေဦးမယ်'

'ဩော်.. ကန်တော့.. ကန်တော့.. ကန်တော့ ဦးကြီး'

ထိုအချိန်တွင် ဦးဘအိုသည် ပိုက်ကြီးကို အားကုန်ဆွဲတင် နေ၏။ စောခိုင်သည် ဦးဘအိုဘေးသို့ ရောက်ရှိလာပြီး ပိုက်ကို ဝင်၍ ဆွဲလိုက်၏။

'ဆွဲစမ်းပါကွ'

'ဆွဲပါတယ် ဦးကြီးရာ၊ ပိုက်က အတော်ကိုလေးတာဗျို့'

'ဆွဲ... ဆွဲ'

ပိုက်က ရေပေါ်တဖြည်းဖြည်းပေါ်လာ၏။ လှိုင်းဂယက်တွေ ကလည်း မြစ်ပြင်ပေါ်တွင် တဝဲဝဲ တလိမ့်လိမ့်လူးခတ်သွား၏။

နှစ်ဦးသား ချွေးတလုံးလုံးနှင့် ဆွဲတင်ခဲ့ကြရာ၊ ပိုက်ထဲတွင် ငါးတွေက ခုန်လျက်နေ၏။

ဦးဘအိုမှာ မထင်မှတ်သည့်မြင်ကွင်းကြောင့် အံ့တသြ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေ၏။

'ဟာ. . .ငါး အတော်ပါ ပါလားကွ'

'ဟုတ်ပါဗျာ'

'ဆွဲပေ့'

နှစ်ဦးသား ဝမ်းသာအားရနှင့် ပိုက်ကိုဆွဲတင်လိုက်ကြ၏။ ငါးမှာ အမျိုးစုံလှပြီး၊ ငါးမြင်း၊ ငါးသလောက်၊ ငါးအုပ်ဖားက အစ စုံလှသလို၊ ပုဇွန်ကျော၊ ပုဇွန်ထုပ်တွေပါ စုံလင်နေ၏။

ဦးဘအိုမှာ သူ့တွက်ကိန်းလွဲသွားပြီမို့ တဟားဟား အော်ရယ်ရင်း ပိုက်အနားများကို တဖြည်းဖြည်းနှင့် ဆွဲယူလိုက်၏။

ထိုစဉ် တဖျပ်ဖျပ်ခုန်နေသော ငါးကြီးတွေထဲတွင် ရွှံ့တွေ နုန်းတွေ အထပ်ထပ်ဖုံးနေသော ဖြူဖပ်ဖြူရော် အရာကြီးတစ်ခုကို စောနိုင် မြင်လိုက်ရ၏။

'ဟာ. . ဟို. . ဟိုမှာ ဘာကြီးလဲဗျ'

'ဟင်. . ဘာမြင်လို့လဲကွ'

'ဟိုမှာလေ'

'ဟင်. . . ဘာပါလိမ့်၊ ကဲ. . ပိုက်သာဆွဲတင်ပေ့'

'ဟုတ်. . ဟုတ်ကဲ့'

နှစ်ဦးသား ပိုက်ကြီးကို လှေဝမ်းထဲ အတင်းဆွဲတင်လိုက်ကြ၏။ ငါးကြီးငါးငယ်များကတော့ တဖျတ်ဖျတ်နှင့် ခုန်ထွက်ဖို့ ကြိုးစားနေကြဆဲ။ ဦးဘအိုတို့နှစ်ဦးမှာ ငါးကြီးကို ဂရုမစိုက်နိုင်။ ပိုက်ထဲတွင်





ပါလာသော အရာကြီးကိုသာ စိတ်ဝင်စားနေ၏။

အချိန်ကလည်း မြစ်ပြင်ပေါ်တွင် နေရောင်ပင် မရှိတော့ချေ။ ထို့ကြောင့် နှစ်ဦးစလုံး ပိုက်ထဲမှ ဖြူဖပ်ဖြူရော်နှင့် နုန်းတဖွေးဖွေးအရာကြီးကို ကြည့်ရင်း ပိုးတိုးဝါးတားဖြစ်နေ၏။

'စောနိုင်'

'ဗျာ. . . ဦးကြီး'

'မီးခွက်သွားယူစမ်းကွာ၊ ငါတော့ ပိုက်ထဲပါလာတဲ့ အရာကို မသင်္ကာဘူးကွ'

'ဟုတ်. . ဟုတ်ကဲ့ ဦးကြီး'

စောနိုင်သည် ပြောပြောဆိုဆိုနှင့် လှေ [illegible] တအောင့်မျှ အကြာတွင် မီးခွက်တစ်လုံးကို မီးညှိ [illegible]

'ဘာကြီးမှန်းလဲ မသိဘူး'

'နေဦး. . . . ဦးကြီးရဲ့'

စောနိုင်သည် ခါးကြားတွင် ထိုးထားသော [illegible] တိုနှင့် ဖြူဖပ်ဖြူရော် အတုံးကြီးပေါ်တွင် ဖုံးနေသော [illegible] ဖယ်လိုက်၏။

'ဟာ. . အောင်မယ်လေးဗျ'

'ဘာကြီးလဲကွ'

'ဟို. . ဟို. . ဟို. . လူကြီးပါလား'

'ဟင်'



www.burmeseclassic.com

www.burmeseclassic.com



ဦးဘအိုသည် မီးခွက်ကို မြှင့်ကိုင်ကာ စောခိုင်ပြသည့် နေရာကို ကြည့်လိုက်၏။

'ဟင်. . . မိန်းမ တစ်ယောက်ပါလား'

'ဟာ. . ကိုယ်တစ်ပိုင်းပြတ်ကြီးဗျ. . . ရွံစရာကြီးဗျ'

'ဟင်. . လည်ပင်းမှာလည်း မနီလာကြိုးတွေနဲ့'

'ဟုတ်ပ့ါ. . အဲဒီကြိုးတွေက သူတစ်ကိုယ်လုံးကို အုတ်ခဲကြီးနဲ့ပတ်ပြီး ချည်ထားတာဗျ'

'ဒုက္ခပဲ စောခိုင်ရေ ဒါ. . လူသတ်မှုကွ၊ အရေးထဲကွာ ဘယ်လို လာကြုံရပါလိမ့် . . . ဘုရား. . ဘုရား'

ဦးဘအိုမှာ ကိုယ်တစ်ပိုင်းနှင့် လူသေအလောင်းကြီးကို ကြည့်ရင်း တအံ့တဩဖြစ်နေ၏။ စောခိုင်မှာလည်း တံတွေးတဗျစ်ဗျစ်ထွေးရင်း နှာခေါင်းကို ပုဆိုးနှင့် ပိတ်နေ၏။

ဦးဘအိုလည်း အလောင်းကြီးကို ကြည့်ရင်း တစ်စုံတစ်ခုလုပ်ဖို့ စဉ်းစားလိုက်၏။ ထိုစဉ် စောခိုင်က. . .

'ရေထဲ ပြန်ပစ်ချလိုက်မလား'

'ဟာ. . မလုပ်နဲ့ကွ၊ ခု ဥစ္စာက လူသတ်မှုဆိုတော့ ဆိုင်ရာကို အကြောင်းကြားရမယ်'

'ဟာ. . ကျွန်တော်တို့ကို အမှုပတ်နေပါဦးမယ် ဦးကြီးရာ'

'အို. . ဘာလို့ ပတ်ရမှာလဲကွ၊ ငါတို့က တာဝန်သိသိနဲ့ လာအပ်တဲ့ ကိစ္စပဲဟာ၊ ကဲ ပြောနေကြာတယ်ကွာ မြစ်ဆိပ်ကို အရောက်





သာ လော့'

'ဟုတ်. . . ဟုတ်ကဲ့ ဦးကြီး'

ပြောပြောဆိုဆိုနှင့် နှစ်ဦးသား ပိုက်ထဲက ငါးကိုပင် ဂရုမစိုက်နိုင်ကြတော့ဘဲ မြစ်ဆိပ်သို့ အရောက်လှော်ခတ်ခဲ့ကြလေသည်။

ကမ်းနားဆီရောက်သည်နှင့် လှေကြိုးကို မြစ်ဆိပ်ရှိ ငုတ်တိုင်တွင် ချည်လိုက်ပြီး နှစ်ဦးသား ဘောတံတားပေါ် တက်ခဲ့ကြ၏။ ခရီးသည်များမှာတော့ အသွားအလာ မပြတ်ကြပေ။

ထိုစဉ် သူတို့နှစ်ဦး ဘောတံတားဝင်ပေါက်မှ ထွက်ကာ မြစ်ဆိပ်ရဲစခန်းရှိရာသို့ ခပ်သွက်သွက်လျှောက်ခဲ့ကြ၏။

ထိုအချိန်တွင် မြစ်ဆိပ်လုံခြုံရေးကျနေသူ ဒုရဲအုပ် ကြီးမြင့်သည် စားပွဲအနောက်ဘက်ရှိ ခုံပေါ်တွင် ထိုင်ကာ အမှုတွဲဖိုင်တစ်ထပ်ကို လှန်လှောဖတ်ရှုနေ၏။

ဦးဘအိုတို့ နှစ်ဦးသည် ခပ်သုတ်သုတ်လျှောက်လာရင်း စခန်းထဲသို့ မရဲတရဲဝင်ခဲ့ကြ၏။ စားပွဲပေါ်တွင် စာငုံ့ဖတ်နေသော ဒုရဲအုပ်ကြီးမြင့်သည် အခန်းဝမှ ခြေသံကြောင့် ဖျပ်ခနဲ မော့ကြည့်လိုက်၏။

အပေါ်ပိုင်း ဗလာကျင်းနှင့် လူနှစ်ဦး၊ ညစ်ထေးနေသော ပုဆိုးများကို ခေါင်းပေါ်မှာ ဖြစ်သလို စည်းထား၏။ အသားအရည်ကလည်း ရေလေစားထားသည်မို့ မည်းမည်းကြုတ်ကြုတ်နှင့် မီးသွေးရောင်ပေါက်နေ၏။

ကြီးမြင့်သည် သူတို့နှစ်ဦးကို မြင်သည်နှင့် တပါးသည် နှစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



မန်းသိလိုက်၏။ သူတို့ အသွင်က မဝံ့မရဲအသွင်။ မျက်လုံးပုတ်ခတ် ပုတ်ခတ်လုပ်ရင်း သူ့အနီးသို့ ကပ်လာ၏။ ကြီးမြင့်သည် လက်ထဲက ဖိုင်ကို စားပွဲပေါ် ချလိုက်ပြီး မျက်မှန်ချွတ်ရင်း မေးလိုက်၏၊

'ဘာကူညီရမလဲ ပြောပါဦး'

'ဟို. . ဟို. . လူ. . တွေ့လို့'

'ဗျာ. . လူတွေ့လို့ ဟုတ်လား၊ ကဲ. . ထိုင်ကြပါဦးဗျာ'

'ဟို. . ကျွန်တော်တို့ တစ်ကိုယ်လုံးပေကျံနေတော့. . .'

'ရပါတယ်ဗျာ၊ ရဲရဲသာ ထိုင်စမ်းပါ'

ကြီးမြင့်သည် သူတို့၏ ရိုးသားလှပုံကို ကြည့်ပြီး ပြုံးငွေ့ငွေ့ ဖြစ်သွား၏။

ဦးဘအိုနှင့် စောခိုင်တို့ နှစ်ဦးမှာတော့ ခုံပေါ်တွင် မဝံ့မရဲ နှင့် ဝင်၍ ထိုင်လိုက်ကြ၏။ ကြီးမြင့်သည် သူတို့နှစ်ဦးကို အကဲခတ် ရင်း မေးလိုက်၏။

'ကဲ. . ပြောစမ်းပါဦး၊ ဘာတွေ ဖြစ်လာကြတာလဲ'

ဦးဘအိုသည် ကြီးမြင့်ကို မဝံ့မရဲအကဲခတ်ရင်း ထစ်ထစ်ငေါ့ ငေါ့နှင့် ပြောလိုက်၏။

'ဒီ. . ဒီလိုပါ ဆရာလေးရယ်၊ ဟို. . ကျွန်. . ကျွန်တော်တို့က တံငါသည်တွေပါ'

'ဟုတ်ကဲ့ ပြောပါဦး'

'ဒီ. . ဒီလိုပါ ဆရာလေး၊ ဟို. . . ကျွန်တော်တို့ မြစ်ထဲမှာ





www.burmeseclassic.com

www.burmeseclassic.com



ပိုက်ချနေတုန်း ပိုက်အဆွဲမှာ မိန်းမအလောင်းတစ်လောင်းပါလာလို့ ဗျ၊ ပြီးတော့ ကိုယ်တစ်ပိုင်းပြတ်ကြီး ဆရာ'

'ဟင်. . ဟုတ်လား၊ ဒါဆို အလောင်းကရော'

'ဟို. . လှေ. . လှေပေါ်မှာ ကျန်ခဲ့တယ် ဆရာ'

'ဟုတ်လား၊ ဒါဆို ကျွန်တော် လိုက်ကြည့်မယ်လေ'

'ဟုတ်. . . ဟုတ်ကဲ့'

ကြီးမြင့်သည် ထိုင်ရာမှ ရုတ်ခနဲ ထလိုက်၏။

'ကဲ. . ကျွန်တော်တို့ အမြန်ဆုံးသွားကြစို့'

'ဟုတ်ကဲ့ ဆရာ. . သွားမယ်လေ'

ပြောပြောဆိုဆိုနှင့် ဦးဘအိုနှင့် စောမိုင်တို့လည်း ထိုင်ရာမှ ထလိုက်ပြီး ဒုရဲအုပ် ကြီးမြင့်နှင့်အတူ မြစ်ဆိပ်ဘက်သို့ ခပ်သုတ်သုတ် လျှောက်ခဲ့ကြလေတော့၏။

အချိန်အခါမှာလည်း မြစ်ပြင်တစ်ခုလုံး အမှောင်ထုက ဖုံးလွှမ်းနေပြီဖြစ်၏။ ဒုရဲအုပ် ကြီးမြင့်သည် ဘောတံတားပေါ်ရောက်သည်နှင့် လုံခြုံရေး အစောင့်ကျနေသော ရဲသားသုံးဦးကိုပါ သူနှင့်တပါတည်းခေါ်ခဲ့ပြီး လက်နှိပ်ဓါတ်မီး တဝင်းဝင်းနှင့် မြစ်ဆိပ်ဘက်သို့ ဆင်းခဲ့ကြလေ၏။

'ဘယ်မှာလဲဗျာ'

'ဟို. . ဟို. . လှေပေါ်မှာပါ ဆရာ'

'ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



ဦးဘအိုက ညွှန်ပြသည်။ ရေစပ်ဘေးမှ လှေကလေးရှိရာသို့ လျှောက်ခဲ့ကြသည်။ အနီးသို့ရောက်သည်နှင့် လှေဦးပေါ်ခုန်၍ တက်လိုက်ကြပြီး ပေါင်းမိုးအနောက်ဘက်သို့ လျှောက်ခဲ့ကြ၏။

'ဟို . . ဟိုမှာ ဆရာ'

'ဟုတ်လား'

ဦးဘအို လက်ညှိုးထိုးပြသော နေရာကို ကြည့်လိုက်ရာ တဖျပ်ဖျပ်ခုန်နေသော ငါးတွေကြား တစ်စုံတစ်ရာကို တွေ့လိုက်ကြရသဖြင့် လက်ထဲမှ လက်နှိပ်ဓါတ်မီးနှင့် ဝိုင်းထိုးလိုက်ကြ၏။

'ဟင် . . အမျိုးသမီး တစ်ယောက်ပါလား'

'ကိုယ်တစ်ပိုင်းပြတ်ကြီးဗျ'

'ညီလိုက်တာကွာ'

သူတို့ လူစု မြင်ကွင်းကြောင့် အထိတ်တလန့်ဖြစ်သွား၏။ မျက်နှာပေါ်တွင်လည်း ဆံပင်တွေ အုပ်နေပြီး ပါးတစ်ဘက်တွင်လည်း သွေးစသွေးနကလေးများ ထွက်နေ၏။

ကြီးမြင့်သည် အသင့်ယူလာသော ဂင်မရာနှင့် ဓါတ်ပုံရိုက်လိုက်ပြီး မျက်နှာပေါ်မှ ဖုံးအုပ်နေသော ဆံပင်များကို စောခိုင်ဆီမှ ဓားတောင်းကာ ဖယ်ရှားလိုက်၏။

'အောင်မယ်လေးဗျ'

'ဟာ . . မင်းကလဲ . . အသည်းကြောင်လိုက်တာ'

'ဟို . . မျက် . . မျက်လုံးတွေမရှိတော့ မြင်ရဘာ ကြောက်စ





ရာကြီးဗျ'

စောခိုင်က အထိတ်တလန့်နှင့် အော်ဟစ်လာပေရာ၊ ကြီးမြင့်သည် စောခိုင်ကို ငေါက်ငမ်းလိုက်၏။ ထို့နောက် ဆီးစပ်အနားမှ ပြတ်နေသော ခန္ဓာကိုယ်ကြီးကို သယ်ယူရန် အမြန်ဆုံး စီစဉ်လိုက်၏။

ထို့အပြင် အလောင်းကို ဦးဆုံးတွေ့ရှိသော ဦးဘအိုနှင့် စောခိုင်တို့နှစ်ဦးအားလည်း တာဝန်အရ စစ်ဆေးမေးမြန်းကာ မှတ်တမ်းတင်လိုက်၏။

ထိုစဉ် အလောင်းတင်သည့် ကားမှ လူများ ရောက်ရှိလာပြီး လှေထဲမှ အမျိုးသမီးအလောင်းကို ကားရှိရာသို့ သယ်ယူသွားကြလေတော့၏။

ကြီးမြင့်မှာ အလောင်း၏ မျက်နှာကို မသယ်ခင် ဓါတ်ပုံ တဖျပ်ဖျပ်ရိုက်လိုက်၏။ ထို့နောက် သူတို့လူစု ဘောတံတားပေါ်သို့ တက်ခဲ့ကြလေ၏။

ကြီးမြင့်၏ စိတ်ထဲတွင် ယခုလို ကြောက်မက်ဖွယ်ရာ အလောင်းကို တစ်ခါမျှ မမြင်ဖူးခဲ့ချေ။ မြင်ခါစက အော်ကလီဆန်ချင်လောက်အောင် ပျို့တက်လာသေး၏။

သို့ပေသည့် စိတ်ကို အတည်ငြိမ်ဆုံးထားကာ တာဝန်အရ အသေးစိတ် ကြည့်ရှုစစ်ဆေးခဲ့၏။

မိန်းမပျို၏ အလောင်းက မြင်မကောင်း၊ ငါးတွေကိုက်ထားသဖြင့် ခန္ဓာကိုယ်တစ်ခုလုံး အသားတွေ ဖွာလန်ကြနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာအကောင်းဆုံးမှာ သူမ၏ မျက်နှာပင်ဖြစ်၏။ မျက်စိနှစ်လုံးမရှိတော့။ မျက်ကွင်း ဟောက်ပက်ကြီးဖြစ်ကာ သွေးတစိမ့်စိမ့်ယိုစီးနေ၏။

ထို့အပြင် လည်ပင်းတွင်လည်း မနီလာကြိုးများ၊ အုတ်ခဲအကျိုးအပဲ့များကို တွေ့လိုက်ရသဖြင့်၊ အလောင်းကိုသတ်ပြီး ဖျောက်ဖျက်ဖို့ ကြိုးစားသည့် အမှုဟု ယူဆလိုက်၏။

ထို့နောက် စခန်းရောက်သည်နှင့် မှတ်တမ်းမှတ်ရာများ ရေးသွင်းလိုက်ပြီး အလောင်းထားရှိသည့် စခန်းအနောက်ဘက် ဂိုဒေါင်ကလေးရှိရာသို့ လျှောက်ခဲ့၏။

ကြီးမြင့်သည် ဂိုဒေါင်ပေါက်ဝရောက်သည်နှင့် လုံခြုံရေး ရဲသားကို မေးလိုက်၏။

'အလောင်းအထဲရောက်နေပြီလား'

'ဟုတ်ကဲ့..ဆရာ'

သူမေးမြန်းရင်း အထဲသို့ ဝင်ခဲ့၏။ မီးရောင်အောက်တွင် ပိုးစိုးပက်စက် သေဆုံးသော အမျိုးသမီးအလောင်းကို ကျောက်ခုတင်ပေါ်တွင် တွေ့လိုက်ရ၏။

မြင်လို့လည်း လုံးလုံးမကောင်းတော့ချေ။ ကြီးမြင့်သည် အလောင်းကို လှည့်ပတ်ကြည့်ရှုရင်း အသေးစိတ် စစ်ဆေးလိုက်၏။

အမျိုးသမီး အရွယ်က ရှိလှ နှစ်ဆယ်ပင် မကျော်နိုင်သေး။ အရပ်အမောင်းကလည်း အနည်းဆုံးငါးပေလေးလက်မခန့် ရှိနိုင်၏။





ခန္ဓာကိုယ်ပေါ်တွင်တော့ ကုတ်ရာခြစ်ရာမတွေ့ရ။

ထို့နောက် လည်ပင်းတစ်ဝိုက်ရှိ မနီလာကြိုးကို ဖြုတ်ရင်း ကြည့်လိုက်ရာ ကြီးမားသော အပေါက်ကြီးတစ်ပေါက်ကို တွေ့လိုက်ရ၏။

အပေါက်ထဲတွင် ရွှံ့တွေ နုန်းတွေ ဝင်နေသဖြင့် သွေးပုပ်သွေး တစိမ့်စိမ့်ထွက်နေ၏။ ကြီးမြင့်သည် သွေးရောင်ကို ကြည့်ရင်း လုပ်ကြံခံရသည်မှာ အနည်းဆုံး ငါးရက်ခန့်ရှိပြီဟု တွက်လိုက်၏။ ထို့ပြင် လည်ပင်းမှ အပေါက်ကြီးကို ကြည့်ရင်း တစ်စုံတစ်ခုနှင့် ထိုးသတ်ခြင်း၊ သို့တည်းမဟုတ်၊ ဖေါက်ထွင်းခြင်း ခံရလိမ့်မည်ဟု ယာယီမှတ်ချက်ချလိုက်၏။ ခါးစပ်ပိုင်းတွင် အူတွေက ဟင်းလင်းပွင့်နေ၏။ ငါးများကိုက်ဖြတ်စားသောက်ထား၍လည်း အလျားလိုက် ခွဲနေသော အူကြီးမှာ အပြင်သို့ တထွေးကြီး ပြူးထွက်နေပြီး၊ အစာအိမ်နေရာမှာလည်း ဟင်းလင်းပွင့်နေ၏။

ကြီးမြင့်သည် လက်ထဲက လက်နှိပ်ဓါတ်မီးကလေးနှင့် အစာအိမ်ကို ထိုးကြည့်လိုက်ရာ တစ်စုံတစ်ခုကို တွေ့လိုက်ရ၏။

မည်းမည်းအလိပ်ကလေးတစ်ခု၊ မြင်ကွင်းတွင် မသက်သာသည့် အလောင်းဘေးတွင် ရှိသော သံချောင်းနှင့် အူနံရံကို ဖွင့်ပြီး အထဲမှ မည်းမည်းအလိပ်ကလေးကို ယူကြည့်လိုက်၏။

'ဟာ..ဖလင်လိပ် သေးသေးလေးပါလား'

ထူးဆန်းလှသည်မို့ ဖလင်လိပ်ကလေးကို ဆက်သေး



www.burmeseclassic.com

www.burmeseclassic.com



[illegible]အသားဖြင့် သိမ်းဆည်းလိုက်ပြီး၊ ဂိုဒေါင်အပြင်သို့ ထွက်ခဲ့၏။

'ဟေ့ကောင်. . . စိုးနိုင်'

'ဗျာ. . ဆရာ'

'ဒီအလောင်းကို အခု ချက်ချင်း ဆေးရုံအရောက်ပို့ပေတော့ ဟေ့'

'ဟုတ်ကဲ့ ဆရာ၊ ဆရာ မှတ်တမ်းယူပြီးပြီလား'

'အေး. . . ယူပြီးပြီ'

'ဟုတ်ကဲ့ ဆရာ၊ ဒါဆို ထွန်းနောင်တို့ ရောက်လာတာနဲ့ အလောင်းကို ဆေးရုံပို့လိုက်ပါ့မယ်'

'အေး. . အေး. . ဂရုလည်းစိုက်ဦး၊ ပြီးတော့ တာဝန်ခံ ဆေးဝန်တွေဆီကို ငါ မနက်ဖြန် စောစော အရောက်လာခဲ့မယ်'

'ဟုတ်ကဲ့ ဆရာ'

ကြီးမြင့်သည် တာဝန်ကျနေသော ရဲသားစိုးနိုင်ကို နှုတ်ဆက်ပြီး စခန်းဘက်သို့ ပြန်ခဲ့လေသည်။ စိတ်ထဲတွင်တော့ ထူးဆန်းလွန်းလှသည့် လုပ်ကြံမှုဟု အမျိုးမျိုးတွေးတောနေမိသည်မှာ အမှန်ပင် ဖြစ်လေသည်။

*** ***



## အခန်း(၂)

မာကျူရီမီးရောင်များနှင့် သစ်လွင်နေသော လမ်းမကြီးပေါ်တွင် ကားကြီး ကားငယ်တို့က တဝီဝီနှင့် အော်ရင်း မောင်းနှင်နေကြ၏။

လမ်းတစ်ဘက် တစ်ချက်တွင်လည်း ဆောက်လုပ်ပြီးခါစ တိုက်တာကြီးများက မိုးထိမတတ်မြင့်မားလှ၏။ လမ်းဘေး ပလက်ဖောင်းပေါ်တွင်တော့ လူသူများ ဥဒဟို သွားနေကြ၏။

ထိုအချိန် လမ်းမကြီးတစ်ဘက်ရှိ ဆယ့်နှစ်ထပ် အဆောက်အဦး၏ ရှေ့တွင် နောက်ဆုံးပေါ် ကားများတန်းစီ၍ ရပ်ထားလေ၏။ အဆောက်အဦး၏ ဆင်ဝင်အောက်တွင်လည်း အဝတ်အစားတောက်တောက်ပပ ဝတ်ဆင်ထားကြသော လူတစ်စု ရပ်ကာ စကားစမြည်



www.burmeseclassic.com

www.burmeseclassic.com



[illegible]ကြ၏။

သူတို့၏ အသွင်အပြင်များမှာ နိုင်ငံခြားသားများအလား အောင်းမေ့ရပေ၏။ ဝတ်စားထားသည်မှာလည်း အနောက်တိုင်း ဝတ်စုံများဖြစ်ပြီး ရိုးရာဝတ်စုံဟူ၍ တစ်ဦးတစ်လေမျှ မမြင်ရချေ။

တအောင့်မျှ အကြာတွင် ဆင်ဝင်တံခါးကြီး ပွင့်လာကာ ပြင်ပမှ လူစုလူဝေးကြီးကို အထဲသို့ ခေါ်သွင်းလိုက်၏။ သူတို့သည် လက်ထဲမှ လက်မှတ်ကလေးများကို ဂိတ်ဝတွင် ရပ်နေသူကို ပေးလိုက်ပြီး အထဲသို့ ဝင်ခဲ့ကြလေ၏။

အထဲရောက်သည်နှင့် အဆင်သင့် စောင့်ကြည့်နေသော ဓါတ်လှေကားကြီးနှစ်စင်းပေါ်ကို လူစုခွဲ၍ ဝင်လိုက်ကြ၏။ ဓါတ်လှေကားကြီး နှစ်စင်းမှာ အဆောက်အဦး အလယ်တွင် အပြိုင်တပ်ဆင်ထားပြီး၊ တည်ဆောက်ထားပုံကလည်း ခေတ်မီလှ၏။

တအောင့်မျှအကြာတွင် ဓါတ်လှေကားနှစ်ချပ် ဝေါခနဲ အလိုအလျောက် ပိတ်သွားပြီး မီးစိမ်းကလေး လင်းလာသည်နှင့် ငြိမ့်ခနဲ ထိုးတက်သွားလေတော့၏။

တစ်ထပ်ပြီး တစ်ထပ်၊ တစ်ထပ်ပြီး တစ်ထပ်နှင့် အဆင့်ဆင့်တက်ခဲ့ရာ ဆယ့်နှစ်ထပ် အဆောက်အဦးအရောက်တွင် ငြိမ့်ခနဲ ထိုးရပ်သွားလေတော့၏။ ထိုအခါ အလျားအလိုက် တံခါး လျောခနဲ ပွင့်သွားကာ အထဲမှ လူအုပ်စုကြီး နှစ်စု ဝေါခနဲ ပြုထွက်လာကြပြီး၊ ခန်းမကြီး ကျယ်ထဲသို့ ဝင်လာခဲ့ကြ၏။





ခန်းမအလယ်ခေါင်တွင် အလှူမီနီယံထိုင်ခုံများကို အစီအရီခင်းကျင်းထားပြီး၊ ခန်းမရှေ့တည့်တည့်တွင် အစိမ်းရောင် တန်ဆာကန့်လန့်ကာကြီး ချထားသော စင်မြင့်တစ်ခုလည်းရှိ၏။

ခန်းမကျယ်ကြီးထဲ ဝင်လာသော လူစုအဝေးများမှာ ထိုင်ခုံများတွင် ဝင်၍ အသီးသီးထိုင်လိုက်ကြ၏။ တအောင့်မျှ အကြာတွင် လူ တစ်စု ထပ်မံရောက်ရှိ လာပြီး လွတ်နေသော နေရာတွင် ဝင်၍ ထိုင်လိုက်ကြပြန်၏။

သူတို့ရှေ့တည့်တည့်ရှိ စင်ပေါ်တွင် ရွှေဖလားမီးဆလိုက်က ထိန်ထိန်သာလျက်ရှိ၏။ စင်ကြီး၏ နဖူးစည်းတွင်ကော့ ငွေရောင် စာလုံးကြီးများနှင့် ရေးထိုးထားသော စာတမ်းကြီး ချိတ်ဆွဲထား၏။

ထိုစာတမ်းပါ စာလုံးများကတော့ 'အရှေ့တိုင်း အလှဓကေရီ ရွှေးချယ်ပွဲ' ဟူ၍ ဖြစ်လေသည်။ ရောက်ရှိလာကြသော ပရိသတ်ကြီးမှာလည်း ရွှေရောင်စိန်ရောင်တွေနှင့် လင်းလက်တောက်ပနေ[illegible]။

ပွဲကြည့်ပရိသတ်ထဲတွင် အများဆုံးလာကြသူများမှာ အသက်ဆယ့်ခြောက်နှစ်ကျော်ကာစ မိန်းမပျိုကလေးများသာဖြစ်ကြ၏။

သူတို့၏ ဆံနွယ်စကလေးများမှာ ကြေးနီရောင်တောက်ပနေပြီး၊ နှုတ်ခမ်းအစုံကလေးတို့မှာလည်း မဟူရာရောင် တောက်ပနေပေ၏။ ထိုအချိန်တွင် စင်ကြီးပေါ်သို့ ကြိုးကြိုးချိတ် ဝတ်ဆင်ထားသေ အမျိုးသမီးကြီးတစ်ဦး ထွက်လာကာ အလှဓကေရီ ရွှေးပွဲကျင်းပသေ သည်ဖြစ်ကြောင်း လေသံအေးလေးနှင့် ကြေညာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအသံနှင့် မရှေးမနှောင်းတွင် ပရိသတ်ကြီးထံမှ လက်ခုပ်သံ တဖြောင်းဖြောင်း ထွက်လာလေ၏။ အတက်ကြွဆုံးမှာ ကြေးနီရောင် ဆံပင်နှင့် မိန်းမပျိုကလေးများပင်ဖြစ်သည်။ သူတို့သည် စိမ်းရှင့်ရှင့် ကတ္တီပါကြီးကို ပွင့်လာလိမ့်နိုးနိုးနှင့် တမျှော်မျှော်ဖြစ်နေကြ၏။

အချိန်အနည်းငယ်မျှ အကြာတွင် အနောက်တိုင်း တေးဂီတ တီးသံသဲ့သဲ့ကလေး ထွက်လာကာ စိမ်းရင့်ရင့် ကတ္တီပါလိုက်ကာကြီးလည်း တဖြည်းဖြည်း အပေါ်သို့ တက်သွားလေတော့၏။

ပရိသတ်ကြီးမှာ စင်ပေါ်သို့ ခေါင်းတမော့မော့နှင့် ဖြစ်နေကြ၏။ ထိုစဉ် စင်၏ တစ်ဘက်ထောင့်မှနေ၍ ကာလာစုံ အမျိုးသမီးငယ်ကလေးများ ကျော့ကျော့မော့မော့နှင့် ထွက်လာကြလေသည်။

အားလုံး ဆယ့်နှစ်ယောက်ဖြစ်ပြီး၊ ကာ့လာရောင်စုံကို ထက်အောက်ဆင်တူဝတ်ထား၏။ သူတို့လေးတွေမှာ ပြာလဲ့လဲ့ ဆလိုက်မီးအောက်တွင် နတ်မိမယ်လေးတွေလားပင် ယိုးမှားလောက်၏။

အရေပ်အမောင်းကလည်း တူညီလှသလို၊ ခန္ဓာကိုယ် အချိုးအစားကလည်း ပြေပြစ်တင့်တယ်လှပေ၏။ သူတို့လေးတွေအားလုံး ပြောင်လက်နေသော ကြမ်းပြင်ပေါ်တွင် ဆင်မယဉ်သာ လျှောက်လာကြရင်း၊ စင်ကြီး အနောက်ဘက်တွင် မခို့တရို့ ရပ်လိုက်၏။

တအောင့်မျှ အကြာတွင် တစ်ဦးချင်း၏ နာမည်နှင့် ကိုယ်ရေးအကျဉ်းချုပ်ကို အစီအစဉ်ကြေညာသူမှ အေးချမ်းသာယာလှသော အသံကလေးနှင့် ကြေညာလိုက်ရာ၊ ပရိသတ်ရှေ့သို့ တစ်ဦးချင်း ထွက်





၍ ရပ်ပြကြ၏။

ပရိသတ်ကြီးမှာ သူတို့လေးတွေကို ကြည့်ရင်း လက်ခုပ်သံ တဖြောင်းဖြောင်းနှင့် အားပေးချီးမြှင့်နေကြ၏။ သို့နှင့် ပရိသတ်ကြီးနှင့် မိတ်ဆက်ပေးပြီးသောအခါ တစ်ဦးချင်း ထွက်၍ သူတို့၏ လှသွေးလှရိပ်ကလေးများကို အစွမ်းကုန် လှစ်၍ ကိုယ်ဟန်အနေအထား အမျိုးမျိုးနှင့် မခို့တရို့ အလှပြကြလေတော့၏။

ပရိသတ်ကြီးမှာ သူတို့အလှကလေးတွေကို အကဲခတ်ရင်း လက်ခုပ်သံ တဖြောင်းဖြောင်းနှင့် ဖြစ်နေကြ၏။ အချိန်အနည်းငယ်မျှ အကြာတွင် သူတို့၏ အလှရိပ်ပြိုင်ပွဲ ပြီးဆုံးသွားကာ စင်အောက်ရှေ့ဆုံးတန်းတွင် ထိုင်နေကြသော အကဲဖြတ်ဒိုင်များက အမှတ်များပေါင်းရင်း၊ အလှဆုံး အမျိုးသမီးငယ်ကလေး သုံးဦး၏ အမည်ကို ကြေညာလိုက်၏။ ပရိသတ်ကြီးမှာ ရင်တဖိုဖိုနှင့် ဖြစ်နေကြပေရာ၊ အလှမယ်သုံးဦး၏ အမည်ကို ကြားလိုက်သည်နှင့် ဝမ်းသာအားရနှင့် အော်ဟစ်ဂုဏ်ပြုနေကြလေ၏။

ထိုစဉ် စင်၏ ညာဘက်မှ မစ်အေရှာဘွဲ့ရ အမျိုးသမီးငယ်ကလေး ထွက်လာ၏။ အရပ်အမောင်းက ငါးပေငါးလက်မ၊ ခန္ဓာကိုယ် အချိုးအစားကလည်း ငါးရံ့ကိုယ်လုံးကိုယ်ထည်ကလေးဖြစ်ပြီး၊ ရွှေဖလားရောင် ကတ္တီပါ ဝတ်စုံကလေးကို ထက်အောက်ဆင်တူဝတ်ထား၏။

ရှိုက်ကြီး ဖိုငယ် အသွယ်သွယ်နှင့် ပြေပြေပြစ်ပြစ်ရှိလှသော



www.burmeseclassic.com

www.burmeseclassic.com



မိန်းမငယ်ကလေးဖြစ်ပြီး ရုပ်ရည်ကလည်း ပြစ်မျိုးမဲ့မတင်ဟု ဆိုရပေ
မည်။

နက်မှောင်သွယ်တန်းသော မျက်ခုံးကလေးတစ်စုံ၊ ချွန်မြ
သော နှာတံ၊ သမင်မ၏ မျက်လုံးအစုံနှယ် ဝင်းတောက်ရွှန်းလဲ့နေသော
အကြည့်၊ မို့အစ်အစ်ပါးအစုံ၊ ရယ်လိုက်လျှင် ပါးချိုင့်ကလေးကလည်း
အထင်းသားပေါ်လွင်နေ၏။

နီထွေးအိတွဲနေသော နှုတ်ခမ်းအစုံကလည်း ကြာငုံကလေး
အလားပင်။ သူ့အမည်မှာ 'ပန်းနုက္ကန္ဒြေ' ဖြစ်ပေသည်။ အရွယ်မှာ
ဆယ့်ရှစ်နှစ်မပြည့်တပြည့်။ တက္ကသိုလ်တက်နေသော ကျောင်းသူ
ကလေးတစ်ဦးပင်ဖြစ်၏။

ပန်းနုက္ကန္ဒြေ၏ အလှဟန်ကို ပရိသတ်ကြီးက မှင်သက်မိနေ
၏။

ရှိုက်ကြီးဖိုငယ် အသွယ်သွယ်နှင့် လှပသော မနုဿ ပန်းပု
ရုပ်ကလေးနှယ်ပင်။ ခြေတစ်လှမ်းလှမ်းတိုင်း အလှလှိုင်းကလေးတွေ
တဝဲဝဲ တဝေ့ဝေ့ကျန်ခဲ့၏။ ဖြူဖွေးညီညာသော သွားကလေးတွေက
လည်း ပြုံးလိုက်လျှင် ပုလဲလေးတွေ သီတန်းထားသည့်အလားပင်။

ပရိသတ်ရှေ့တွင် အမျိုးမျိုးသော အလှရိပ်လေးများဖြင့်
လိပ်ပြာ လေးတစ်ကောင်လို ရစ်ဝဲလှည့်ပတ်ရင်း ဟန်ရေးပြလိုက်၏။

ပရိသတ်ကြီးမှာ နတ်မိုးသူဇာလေးဟု ထင်မှတ်ကာ ရင်သပ်ရှု
မော အံ့သြစွာဖြင့် ကြည့်နေကြ၏။ ပန်းနုက္ကန္ဒြေ၏ အလှည့်ပြီးဆုံးသွား





သော်လည်း ပရိသတ်ရင်ထဲတွင် ယစ်မူးခံစားနေရဆဲ။

ဒုတိယထွက်လာသူမှာ 'တာရာဒေဝီ'။ သူ့အလှက 'ပန်းနု
က္ကန္ဒြေ' နှင့် မတိမ်းမယိမ်း၊ ခန္ဓာကိုယ်တစ်ခုလုံးတွင် အလှဆုံးတာ၊
ခြေဖျား ထိလုနီးပါး မဟူရာဆံနွယ်စများပင်ဖြစ်၏။ ဘော်ငွေရောင်
ဝတ်စုံကို ဝတ်ဆင်ထားပြီး၊ အပြုံးက ကြယ်ပွင့်ကလေးတွေ ခုန်ထွက်
လာသည့် အလားပင်။

တာရာဒေဝီ၏ အလှက နု၏။ နွဲ့၏။ ရွှန်းသစ်ဝေဆာ၏။
မခို့တရို့အကြည့်။ ခပ်ဖွေ့ဖွေ့အပြုံး။ ကြယ်စင်ကြယ်ပွင့်ကလေးများ
ခုန်ထွက်လာသည့် အလှဟန်ကလေးကြောင့် ပရိသတ်ကြီးမှာ တအံ့
တသြဖြစ်နေ၏။

လက်ခေါက်မှုတ်သံ၊ လက်ခုပ်တီးသံတွေက ခန်းမကြီးတစ်ခု
လုံး ပွက်ပွက်ညံနေ၏။ တာရာဒေဝီပြီးသွားသည်နှင့် တတိယမင်းသမီး
ကလေး၏ အမည်မှာ 'မဒီငြိမ်းချမ်း' ဖြစ်၏။

သူကလေး၏ အလှကလည်း ပြစ်မျိုးမဲ့မတင်အလှ၊ မြင်သူ
ကကာ ရင်ဖိုဖွယ် ယစ်မူးဖွယ်ကောင်းသောအလှ။

နံနက်ခင်း ပွင့်သစ်စ ကြာဖူးကြာငုံကလေးနှယ်ပင်။ နုနုရွရွ
ဖွေးဖွေးပုံ့ပုံ့။ အလှရိပ်ကလေးတွေက တလဲ့လဲ့ဝေ့ဝဲနေ၏။

သူတို့သုံးဦး၏ အလှက ပရိသတ်၏ နှလုံးသားကို ချုပ်နေ
မ်းစားလိုက်သလိုပင်။ ပွဲသာ ပြီးဆုံးသွားပေမယ့်၊ အလှ[illegible]
ထဲတွင် တရစ်ဝဲဝဲ ပါသွား၏။ ပရိသတ်၏ ပါးစပ်ဖျားတွင်



www.burmeseclassic.com

www.burmeseclassic.com



သုံးဦး၏ အမည်က ငြိတွယ်ဝေ့ဝဲပါသွား၏။

အဖိုးအခ တစ်ထောင့်ငါးရာပေးရသော်လည်း ပရိသတ်အားလုံးကျေနပ်နေ၏။ ပွဲပြီးသည်နှင့် ပရိသတ်အားလုံးမပြန်ချင့် ပြန်ချင်နှင့် ထပြန်သွားကြ၏။

ပန်းနုက္ကန္ဒြေမှာ မစ်အေရှ ဘွဲ့ကို ဆွတ်ခူးရရှိခဲ့သည့်အတွက် ရင်ထဲတွင် ကြည်နူးရိပ်တွေ နေရာအနှံ့ဖူးပွင့်နေ၏။ ဝမ်းသာလွန်းလို့ မျက်ရည်ပုလဲဥကလေးများပင် သီဝေလာ၏။

သူ့နံဘေးတွင် မိတ်ဆက်လာသူတွေကလည်း ဝိုင်းဝိုင်းလည်နေ၏။ အော်တိုတွေလည်း လက်ညောင်းမတတ် ထိုးခဲ့ရ၏။ လက်ဆောင်တွေကလည်း သယ်လို့ပင် မနိုင်ချေ။

ပရိသတ်များ ပြန်သွားသည်နှင့် ဟောလ်ခန်းထဲမှ ထွက်ခဲ့ပြီး ဓါတ်လှေကားအခန်းထဲဝင်လိုက်၏။ သူနှင့်အတူ မိခင်ကြီးနှင့် ညီမလေး သီရိကြာဖြူ ပါလာ၏။ သူ့တို့မိသားစုနှင့်အတူ အမျိုးသမီးကလေးတစ်ဦးလည်း ဓါတ်လှေကားပေါ်တွင် ပါလာ၏။ ဓါတ်လှေကားကြီးကား အောက်သို့ တငြိမ့်ငြိမ့်ဆင်းနေစဉ် သူတို့မိသားစုမှာ ပြောလို့မဆုံးနိုင်အောင်ဖြစ်နေ၏။

ထိုစဉ် ခြောက်ထပ်မြောက်အရောက်တွင် ဓါတ်လှေကားအမိုးပေါ်ရှိ မီးအုပ်ဆောင်းကလေးမှ နေ၍ မီးခိုးငွေ့များ ဖြာထွက်လာ၏။

'ဟဲ့. . ဘာငွေ့တွေလဲ'





www.burmeseclassic.com

www.burmeseclassic.com



'အဟွတ်. . အဟွတ် လုပ်ပါဦး'

'အဟွတ်. . အောင်မယ်လေး'

မိသားစု သုံးဦးစလုံး အခိုးအငွေ့များကြား ဒယီးဒယိုင်ဖြစ်ကုန်၏။ ထိုစဉ် သူတို့ဘေးတွင် ပါလာသော ဖြူသွယ်သွယ် အမျိုးသမီးကလေးသည် တစ်ပွေ့တစ်ပိုက်ကိုင်ထားသော ပန်းစည်းများကြားမှ ခါတ်ငွေ့ကာ မျက်နှာဖုံးကို အမြန်စွပ်ချလိုက်၏။

ထိုစဉ် ဓါတ်လှေကားကြီးက လေးထပ်မြောက်အရောက်တွင် ရပ်သွား၏။ တံခါး ဝေါခနဲ ပွင့်သွားသည်နှင့် အဖြူရောင် မာစီဒီးကားတစ်စီးက ဓါတ်လှေကားတံခါးဝတွင် ဆီးကြိုနေ၏။

ထိုစဉ် ကားထဲမှ လူနှစ်ဦး အပြေးထွက်လာကာ အခန်းထဲတွင် မူးမေ့လဲကျနေသော ပန်းနုက္ကန္ဒြေ ကို ပွေ့ချီလိုက်ပြီးကားရှိရာသို့ အမြန်ဆုံး သယ်ယူသွား၏။

ဖြူဖြူသွယ်သွယ် မိန်းကလေးကလည်း သူတို့နောက်မှ လိုက်လာပြီး ကားထဲအမြန်ဝင်လိုက်၏။ တံခါးပိတ်ပြီးသည်နှင့် ကားစက်အမြန်နှိုးလိုက်၏။

'မောင်း မောင်း အမြန်မောင်း'

'ဝူး. . ဝေါ. . ဝေါ'

စက်နှိုးသည်နှင့် အဆောင်အဦးထဲတွင် ဖောက်လုပ်ထားသော ကားလမ်းအတိုင်း ဝေါခနဲ မောင်းထွက်သွားလေ၏။

ပန်းနုက္ကန္ဒြေ၏ မိခင်ကြီးနှင့် ညီမလေးသီရိကြာဖြူ နှင့်



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ ဓါတ်လှေကား ခန်းမထဲတွင် မေ့မြောနေဆဲ။

ကားကြီးထွက်သွားပြီး ဆယ့်ငါးမိနစ်ခန့်အကြာတွင် သူတို့နှစ်ဦး၏ အဖြစ်ကို လူတွေ မြင်သွား၏။

'ဟာ. . ဘယ်လိုဖြစ်တာလဲကွ'

'မူးတာထင်ပါရဲ့'

'အပြင်ခေါ်ထုတ်လေ'

လူကြီးသုံးလေးဦးက သူတို့သားအမိကို ပွေ့ချီပြီး နီးရာ အခန်းထဲရှိ ခုတင်ပေါ် တင်လိုက်၏။ ထို့နောက် ဆရာဝန် ချက်ချင်းခေါ်ပြီး ပြလိုက်ကြ၏။ ထိုအခါ ပန်းနုဏ္ဍ္ဍြေ၏ မိခင်ကြီးက ဦးဆုံးသတိရလာ၏။

'ဟင်. . ကျွန်. . ကျွန်မ ဘယ်ရောက်နေတာလဲဟင်'

'အစ်မကြီးတို့ ဓါတ်လှေကားအခန်းကြီးမှာ လဲကျနေတာ တွေ့လို့ ဒီကို ခေါ်ပြီး ဆေးကုနေတာပါ'

'အို. . ဟုတ်လား၊ ဒုက္ခပါပဲ ဘယ်လိုဖြစ်တာပါလိမ့်၊ ဟင်. . ကျွန်. . ကျွန်မ. . သ. . သမီးလေး တွေကော'

'ဟိုမှာလေ. . သူလဲ နည်းနည်း သတိရလာပါပြီ'

'ဒါ. . ဒါဆို သမီးကြီး ပန်းနု'

'ဗျာ. . ဘယ်က ပန်းနုလဲဗျ'

မေးနေသော လူကြီးနှစ်ဦးမှာ သူ့စကားကြောင့် ကြောင်စီစီဖြစ်သွား၏။





'အို. . ကျွန်. . ကျွန်မ သမီးကြီး ရှိသေးတယ်ရှင့်'

'ဟာ. . မတွေ့မိပါလားဗျ'

'အို. . ကျွန်မတို့နဲ့ အတူပါလာတာ'

'ဟုတ်ရဲ့လားဗျ'

'ဟုတ်ပါတယ်ရှင်၊ အို. . ဟိုအငွေ့. . ဟိုအငွေ့တွေ ရှုမိပြီး ကျွန်မတို့ မူးသွားတာ မဟုတ်လား'

'ဘယ်အငွေ့တွေသဲဗျ'

သူတို့ ပြောဆိုနေကြစဉ် သီရိကြာဖြူ သတိရလာ၏။ သတိလျှင် ရခြင်း ခုတင်ပေါ်မှ လူးလဲထကာ မိခင်ကြီးကို အတင်းပွေ့ဖက်လိုက်၏။

'မေမေ'

'သမီးလေး'

'ဟို. . သမီးတို့ ဘယ်လိုဖြစ်ကုန်တာလဲဟင်'

'ပြောတတ်ပါဘူးကွယ်၊ သမီး မမလဲ ဘယ်ရောက်သွားမှန်းမသိဘူး'

'ဟင်. . မမ ပန်းနု ဟုတ်လား'

သူတို့နှစ်ဦးပြောဆိုနေသည်ကို နံဘေးမှ ပုဂ္ဂိုလ်များမှာ နားမလည်နိုင်အောင် ဖြစ်နေကြ၏။ ထိုစဉ် သားအမိနှစ်ဦး ခုတင်ပေါ်မှ ဆင်းလိုက်ကြပြီး အနီးရှိ ပုဂ္ဂိုလ်ကြီးကို မေးလိုက်၏။

'ရှင်. . ရှင်တို့ ကျွန်မ သမီးကြီးတစ်ယောက်ကို မတွေ့မိဖူး



www.burmeseclassic.com

www.burmeseclassic.com



လားဟင်'

'မတွေ့မိပါဖူး အစ်မကြီးရယ်၊ ကျွန်တော်တို့ ဓါတ်လှေကား
စီးဖို့ ဝင်အလာမှာ အစ်မကြီးတို့သားအမိ အခန်းထဲမှာ မူးလဲနေ
ပဲ တွေ့လိုက်ရတာပါ'

'ဟင်. . ဟုတ်လား. . ဒုက္ခပါပဲ'

'အို. . အိမ်များ ပြန်ရောက်နေလား မသိဘူး'

'သမီးလေးကလဲကွယ်၊ မေမေတို့ကို ထားပြီး ပြန်သွားပါ့မလား'

'ဒုက္ခပါပဲ၊ ကဲ. . ခုလိုကူညီတာ ကျေးဇူးတင်ပါတယ်ရှင်
ကျွန်မတို့ကို သွားခွင့်ပြုပါဦး'

'ဟာ. . ဖြစ်ပါ့မလားဗျာ၊ ဒီအခန်းထဲမှာ သက်တောင့် သ
သာ လှဲနေလို့ရပါတယ်'

'ကျေးဇူးပါပဲရှင်၊ ကျွန်မတို့ သက်သာသွားပါပြီ'

သားအမိနှစ်ဦး အခန်းထဲမှ ထွက်လာကာ သမီးကြီး ပ
က္ကန္ဒြေကို တွေ့လို တွေ့ငြား တစ်ထပ်ဝင်တစ်ထပ်ထွက်နှင့် လိုက်
ဖွေရှာပါသော်လည်း ပန်းနုက္ကန္ဒြေ၏ အရိပ်အယောင်ကိုပင် မတွေ့

နောက်ဆုံး အိမ်ကို ဖုန်းဆက်ကြည့်သော်လည်း အချ
နီးပင်။ နောက်ဆုံးတွင် သားအမိနှစ်ဦး ဦးထူးဝေမြင့် ရှိရာ ရတ
ကုမ္ပဏီသို့ ရောက်ရှိလာကြလေ၏။

ဦးထူးဝေမြင့်မှာ ရတနာကုမ္ပဏီကြီး၏ ဥက္ကဋ္ဌဖြစ်ပြီး ရုံး
တွင် အချိန်ပြည့်ထိုင်ရ၏။ ယခုလည်း နိုင်ငံခြားမှ ရောက်လာ





ကုန်ပစ္စည်းစာရင်းများကို စစ်ဆေးနေစဉ် ဇနီးသည်ဖြစ်သူ ဒေါ်သီတာ
နု နှင့် သမီးငယ် သီရိကြာဖြူတို့ ရောက်ရှိလာလေရာ စာရင်းစာအုပ်
ကို ဘေးချပြီး အံ့ဩစွာ နှင့် မေးလိုက်၏။

'ဘယ်လိုဖြစ်တာလဲ နုရဲ့၊ အရေးတကြီး ကိစ္စရှိလို့ လိုက်လာ
တာလား'

'ဟုတ်တယ် အဖေကြီး၊ ရှင့်သမီး ပန်းနုလေ'

'ဟင်. . ပန်းနုဘာဖြစ်လို့လဲ'

ဦးထူးဝေမြင့်မှာ သမီးကြီးဆိုသည့် စကားကြောင့် အထိတ်
တလန့်ဖြစ်သွား၏။ သမီးကြီး ပန်းနုက္ကန္ဒြေက သူ့အသည်းစွဲ။ ဇနီး
သည်က မျက်လုံးပြူးမျက်ဆန်ပြူးနှင့် ပြောလာသည်မို့ စိုးရိမ်ပူပန်စွာ
နှင့် မေးလိုက်၏။

'ပြောစမ်းပါဦး နုရဲ့၊ သမီးကြီး ဘာဖြစ်လို့လဲ'

'ဟို. . သ. . သမီးကြီး ပျောက်သွားလို့'

'ဘာ. . သမီးကြီး ပျောက်သွားတယ် ဟုတ်လား၊ ဟာ မဖြစ်
နိုင်တာကွာ၊ မင်းတို့နဲ့ ကုမ္ပဏီရောင်စုံ အလှမယ်ရွေးပွဲသွားကြတာပဲ
မဟုတ်လား'

'ဟုတ်တယ်ရှင့်. . ဒါပေမယ့်. . အခု သမီးကြီးကို ဘယ်လို
မှ ရှာလို့မတွေ့ဘူးဖြစ်နေတယ်'

'ဩော်. . သူငယ်ချင်းတွေနဲ့များ ပါသွားသလား မသိဘူး'

'မဖြစ်နိုင်ဘူး ကိုထူးရဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်. . ဘာဖြစ်လို့လဲကွ၊ ပြောပါဦး'

'ဒီလို ကိုထူးရဲ့'

ဒေါ်သီတာနု သည် ပန်းနုက္ကန္ဒြေ ပျောက်ဆုံးသွားပုံကို အသေးစိတ် ပြောပြလိုက်ပေရာ၊ ဦးထူးဝေမြင့်မှာ စဉ်းစားလို့ မရအောင်ဖြစ်နေ၏။

နောက်ဆုံး ပန်းနုသွားတတ် လာတတ်သည့် သူငယ်ချင်းများထံ ဖုန်းနှင့်တစ်မျိုး၊ လူလွှတ်၍ တစ်မျိုး ရှာဖွေပါသော်လည်း မတွေ့နိုင်ဖြစ်နေကြ၏။

ဦးထူးဝေမြင့်တို့ ဇနီးမောင်နှံမှာ သူတို့ သမီးကြီးကို တွေ့လို တွေ့ငြား တိုးတိုးတိတ်တိတ် ရှာဖွေပါသော်လည်း တစ်ရက်မှ နှစ်ရက်၊ နှစ် ရက်မှ သုံးရက်သို့ပင် ကူးလာ၏။

'ဒုက္ခပါပဲ ကိုထူးရယ်၊ သမီးကြီးတော့ ဘာများဖြစ်နေပြီလဲ မသိဘူး၊ ဘုရား. . ဘုရား. . ဘုရား. . ကယ်တော်မူပါ'

'နေပါဦး နုရယ် ကိုယ်စုံစမ်းပါဦးမယ်'

'အို. . အခုပဲ သုံးရက်တောင် ရှိလာပြီ ကိုထူးရဲ့၊ သွားတတ် လာတတ်တဲ့ နေရာတွေ စုံစမ်းတာ နှံ့နေပြီ'

'ဟုတ်ပါ့ကွာ၊ ဘယ်လိုများ ဖြစ်ပါလိမ့်'

'အို. . ဘာမှ ရှာမနေနဲ့တော့၊ ရဲစခန်းမှာ လူပျောက်မှု ဖွင့်တော့မယ်'

'အေး. . မင်း အကြံဉာဏ် မဆိုးဘူး မနု၊ သမီးကြီး တစ်ခုခု





ဖြစ်သွားမှာ စိုးရတယ်ကွ၊ အဲဒီတော့ ရဲစခန်းကို အမြန်သွားကြစို့'

'ကျွန်မလဲ လိုက်မယ်'

'လိုက်ခဲ့ပါကွယ်'

သူတို့နှစ်ဦး ဂိုဒေါင်မှ ကားထုတ်ကာ သက်ဆိုင်ရာ ရဲစခန်းသို့ ထွက်ခဲ့ကြ၏။ ဒုရဲအုပ်ကျော်နိုင်သည် စခန်းတွင်းသို့ ဝင်လာသော ဦးထူးဝေမြင့်တို့ ဇနီးမောင်နှံအား နဂိုကလည်း သိနေသည်မို့ မြင်မြင်ချင်း ဖော်ရွေစွာ ဧည့်ခံလိုက်၏။

'ဟာ. . ဦးလေးထူးတို့ပါလား၊ ကြွပါ. . . ကြွပါ'

'ကိစ္စရှိလို့ ဆရာကျော်ရေ'

'ထိုင်ပါ. . ဦးလေးထူး. . . ထိုင်ပါ'

သူတို့ဇနီးမောင်နှံနှစ်ဦး ထိုင်ခုံတွင် ဝင်ချထိုင်လိုက်ကြပေ၏။ ဒုရဲအုပ် ကျော်နိုင်သည် လာရင်းကိစ္စကို မေးမြန်းလိုက်၏။ ဦးထူးဝေမြင့် သည် သူ့ဇနီးသည်နှင့်သမီးကြီးတို့ ကြုံခဲ့ရသော အဖြစ်အပျက်များကို စနစ်တကျ ရှင်းပြလိုက်လေ၏။

ကျော်နိုင်သည် ဦးထူးဝေမြင့်တို့၏ စကားကို ခေါင်းတညိတ်ညိတ်နှင့် နားစွင့်ရင်း အကျိုးသင့်အကြောင်းသင့် စဉ်းစားနေ၏။

'အင်း. . . ဦးလေးထူး ပြောသလိုဆိုရင်တော့ ဦးလေးထူး သမီးဟာ တစ်ဦးတစ်ယောက်ရဲ့ ဖမ်းဆီးချုပ်နှောင်မှုကို ခံလိုက်ရပြီ ထင်တယ်'

'ရှင်. . ဟုတ်ပါ့မလား ဆရာလေးရယ်'

www.burmeseclassic.com



ဒေါ်သီတာနုသည် ကျော်နိုင်၏ မှတ်ချက်ကြောင့် မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်ကာ မေးလိုက်၏။ ကျော်နိုင်သည် တအောင့်မျှ စဉ်းစားပြီး လေသံတိုးတိုးနှင့် ပြောလိုက်၏။

'ဒါအဖြစ်နိုင်ဆုံး ကောက်ချက်ချကြည့်တာပါ ဒေါ်ဒေါ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒေါ်ဒေါ်တို့ ကိုယ်တိုင် ကိုယ်တွေ့ ကြုံခဲ့ရတာမှ ဒါ ထူးခြားဆန်းကြယ်တဲ့ အဖြစ်ပဲလို့ ယူဆရမယ်၊ ပြီးတော့ ဒေါ်ဒေါ် သမီးလေးဟာ 'မစ်အေရှ' မယ်ကလေးမို့ အတော့်ကို စဉ်းစားစရာကောင်းတဲ့ အချက်ကလေးဖြစ်နေလို့ပါပဲ ဒေါ်ဒေါ်'

'ဒုက္ခပါပဲကွယ်. . . ဒါဆို ဘယ်လိုလုပ်ကြမလဲဟင်'

'ကျွန်တော် ကြိုးစားကြည့်ပါဦးမယ် ဒေါ်ဒေါ်၊ ဘာမှ စိတ်မပူပါနဲ့၊ ကျွန်တော်တို့ တွေ့အောင် အမြန်ဆုံးရှာပေးပါ့မယ်'

ဦးထူးဝေမြင့်သည် ကျော်နိုင်၏ စကားကို နားထောင်ရင်း ခေါင်းတညိတ်ညိတ်လုပ်နေရသော်လည်း၊ ရင်ထဲတွင် စိုးရိမ်စိတ်တွေက မီးတောက်မီးလျှံတွေလို လောင်မြိုက်နေပေ၏။ ဒေါ်သီတာနု ခမျာမှာလည်း သမီးကြီးကိစ္စနှင့် ပတ်သက်ပြီး အကြီးအကျယ် လှုပ်လှုပ်ရှားရှားဖြစ်နေ၏။

ဇနီးမောင်နှံနှစ်ဦး ပြန်သွားသည်နှင့် ကျော်နိုင်တစ်ယောက် အလုပ်ရှုပ်သွား၏။ ဦးဆုံး သူဦးတည်ရမည့်နေရာမှာ 'ရွှေအာရှ' ဟု အမည်ပေးထားသော အဆောက်အဦးကြီးဆီသို့ ပင်ဖြစ်သည်။

စင်စစ် ရွှေအာရှ ခန်းမကြီးမှ ကုမ္ပဏီပေါင်းစုံ၏ ငွေဖြင့်





စုပေါင်းဝယ်ယူထားသော ခန်းမကြီးဖြစ်၏။ ကုမ္ပဏီကိစ္စ၊ စီးပွားရေး လူမှုရေး၊ သာရေးနာရေး အစရှိသည့် ကုမ္ပဏီပေါင်းစုံ၏ ကိစ္စများကို ယင်းခန်းမတွင်သာ ကျင်းပခဲ့၏။

ပြီး ဦးထူးဝေမြင့်၏ သမီး ပန်းနုက္ကန္ဒြေတို့ အလှမယ်ရွေးပွဲကိုလည်း ယင်းခန်းမတွင်သာ ကျင်းပခဲ့ခြင်းဖြစ်၏။ ကျော်နိုင်သည် ဗီလိဂျစ်ကားကလေးကို အဆောက်အအုံကြီးရှေ့ရပ်လိုက်ပြီး အဆောက်အအုံ အောက်ထပ် ခန်းမထဲသို့ ဝင်ခဲ့၏။

သူ ဦးဆုံးအခင်းဖြစ်ပွားသည့် နေရာကို စုံစမ်းရမည်မို့ ဓါတ်လှေကားဝတွင် ရပ်နေသော ဧည့်ကြိုကလေးတစ်ဦးကို မေးလိုက်ရာ ဧည့်ကြိုကလေးက အခင်းဖြစ်ပွားခဲ့သည့် ညာဘက်ဓါတ်လှေကား အခန်းကလေးကို လက်ညှိုးထိုးပြခဲ့၏။

ကျော်နိုင်သည် အခန်းကလေးထဲသို့ ဝင်ခဲ့ပြီး၊ အမိုးပေါ်မော့ကြည့်လိုက်၏။ မီးသီးပြောင်းလဲတပ်ဆင်ထားဟန်ရှိပြီး၊ အုပ်ဆောင်းအတွင်းဘက်တွင် ဖြူညစ်ညစ်အမှုန့်များ ကပ်ငြိနေသည်ကို တွေ့လိုက်ရ၏။

ထိုအခါထိုင်ခုံတစ်ခုတောင်းပြီး မီးအုပ်စလောင်းအတွင်းပိုင်းတွင် ကပ်ငြိနေသော အမှုန့်များကို ခြစ်ယူလိုက်၏။ ထို့နောက် စက္ကူတစ်ရွက်နှင့် ထုပ်ပြီး အိတ်ထဲထည့်လိုက်၏။

ပြီးသည်နှင့် အဆောက်အဦး၏ အပေါ်ဆုံးထပ်သို့ ဓါတ်လှေကားနှင့် တက်ခဲ့၏။ 'ရွှေအာရှ' ခန်းမကြီးမှာ ပေရှစ်ဆယ်ပတ်လည်



www.burmeseclassic.com

www.burmeseclassic.com



အကျယ်ရှိပြီး ပြင်ဆင်ထားပုံမှာလည်း တခမ်းတနားရှိလှ၏။

ကျော်နိုင်သည် ခန်းမကြီးကို ဖြတ်ခဲ့ပြီး ရွှေအာရုကြီးကြပ်ရေး ဆိုင်းဘုတ်ကလေး တပ်ထားသော အခန်းကလေးထဲသို့ ဝင်ခဲ့၏။

အခန်းထဲတွင် အသက်ငါးဆယ်အရွယ် အမျိုးသားကြီးတစ်ဦး ထိုင်နေ၏။

သူ့ကိုမြင်သည်နှင့် ပြုံးရွှင်သော မျက်နှာပေးနှင့် နှုတ်ဆက်လိုက်၏။

'ကျွန်တော့်နာမည် အောင်ချိန်ပါ၊ ဘာများ ကူညီရမလဲ ပြောပါ'

'ဟုတ်ကဲ့. . . ကျွန်တော်က ဒုရဲအုပ် ကျော်နိုင်ပါ'

'သြော်. . ဟုတ်ကဲ့၊ ကျွန်တော် ဘာလုပ်ပေးရမလဲပြောပါ'

'ဒီလိုပါ. . ဦးအောင်ချိန်၊ လွန်ခဲ့တဲ့ သုံးရက်က ဒီအဆောက်အဦးကြီးမှာ အမှုတစ်ခုဖြစ်ပွားခဲ့ပါတယ်'

'သြော်. . ဟို. . မစ်အေရှမယ်ဘွဲ့ရ. . ဟို. . ပန်းနုက္ကမြေ ဆိုတဲ့ အမျိုးသမီးကိစ္စနဲ့ ပတ်သက်တဲ့ ကိစ္စမဟုတ်လား'

'ဟုတ်ပါတယ် ဦးအောင်ချိန်၊ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး. . . ဦးအောင်ချိန်တို့ဆီမှာ ထူးခြားတဲ့ အခြေအနေတွေများ ရှိမလားလို့ပါ'

'သြော်. . ဒါလား. . အင်း နေဦးဗျ'

ဦးအောင်ချိန်သည် ဒီဂရီထူထဲလှသော မျက်မှန်ကြီးကို ချွတ်ကာ စားပွဲပေါ်တင်လိုက်ပြီး ဆေးလိပ်ခွက်ထဲမှ ဆေးပြင်းလိပ်ကြီးကို





မီးညှိဖွာရှိုက်ရင်း စဉ်းစားနေ၏။

တအောင့်မျှအကြာတွင် သူ သတိရလာပြီး ကျော်နိုင်ကို ကြည့်၍ ပြောလိုက်၏။

'နေဦးဗျ၊ ကျွန်တော် စဉ်းစားမိတာ တစ်ခုရှိတယ်'

'ဘာများလဲ ဦးအောင်ချိန်'

'ဒီလိုဗျ. . ကျွန်တော်တို့ဟာ မစ်အေရှ ရွေးပွဲကို ကျင်းပဖို့ စီစဉ်နေတုန်းမှာ ကြီးကြပ်ရေးအခန်းထဲကို ဖုန်းသုံးလေးခါ ဆက်လာတဲ့ကိစ္စရှိတယ်ဗျ'

'ဟင်. . ဘယ်လို အကြောင်းလဲဗျ'

'အင်း. . ဖုန်းထဲက ပြောသံကတော့ ယောကျ်ားတစ်ယောက်ရဲ့ အသံပါပဲ၊ အသံက ခပ်ဩဩ၊ ကျွန်တော့်စိတ်ထင် လေးဆယ်နဲ့ ငါးဆယ်အတွင်းရှိနိုင်မယ့် လူတစ်ယောက်ရဲ့အသံပဲဗျ'

'သြော်. . ဟုတ်လား. . ပြောပါဦး'

'ဟုတ်ကဲ့. . အဲဒီလူဟာ မစ်အေရှရွေးပွဲကို ဘယ်တော့ လုပ်မှာလဲ. . လုပ်ဖြစ်မှာသေချာရဲ့လား၊ အမှတ်ပေး ဒိုင်တွေဘယ်သူတွေလဲ နောက်ပြီး ဘယ်သူတွေ ပြိုင်မှာလဲနဲ့ စုံနေတာပဲဗျ'

'နောက်တော့ကော ဦး'

'အဲဒီအသံနဲ့ပဲ တစ်ရက်ပြီး တစ်ရက် မေးလာတာဗျ. . နောက်ဆုံး အချိန်က အစ မေးတာ သတိထားမိလိုက်တယ်ဗျ'

'ဟုတ်လား. . ဒါဆို စဉ်းစားစရာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် ဆရာကျော်နိုင်၊ ကျွန်တော်တော့ အဲဒီဖုန်းပြော ...လူကို မသိဘူးဗျ'

'ကျေးဇူးတင်ပါတယ် ဦးအောင်ချိန်၊ နောက် ဘာများ သိထားသေးလဲဗျ'

'နေဦးဗျ၊ အဲဒီ မစ်အေရှုပ္ပွဲမှာ ဆုချီးမြှင့်ဖို့အမည်ဝှက်နဲ့ အလှူရှင်တစ်ဦးဟာ ကျွန်တော်တို့ကို ထူးထူးဆန်းဆန်း လှူဖူးတယ်ဗျ'

'ဟုတ်လား. . ဘယ်လောက်လှူတာလဲ ဦးအောင်ချိန်'

'ဟို. . ဆုရတဲ့ လူကို သိန်းသုံးဆယ်ချီးမြှင့်ပေးပါတဲ့ဗျ'

'များလှချည်လားဗျ'

'အေးဗျ. . အဲဒါလဲ စဉ်းစားစရာပဲ'

'နေပါဦးဗျ. . ခင်ဗျားတို့ ကုမ္ပဏီအဖွဲ့အစည်းထဲက လူများလား ဦးအောင်ချိန်၊ အဲဒီလူကို သတိမထားမိဘူးလား'

'ဟာ . . ဆရာကျော်နိုင်ကလဲ ပိုက်ဆံလာလှူတာက သူ့ရဲ့လူယုံတော် တစ်ဦးဗျ. . . သူကိုယ်တိုင် လာတာမဟုတ်ဘူး'

'ဟင်. . ဒါဆို ဦးအောင်ချိန်ကို သူက ဘယ်လို ဆက်သွယ်လဲ'

'အင်း. . ဖုန်းထဲက ပြောတာပဲဗျ၊ ဒါပေမယ့် တစ်ခုထူးခြားတာက. . အဲဒီလို လှူဖို့ ပြောတဲ့ အလှူရှင်ရဲ့ အသံနဲ့ စောစောက ကျွန်တော့်ကို တမေးထဲမေးနေတဲ့ လူရဲ့ အသံက အတော့်ကို ဆင်နေတာ ကျွန်တော်စဉ်းစားမိတယ်ဗျ'

'ဟုတ်လား'





'အဲဒါ. . ကျွန်တော်သိရသမျှပါပဲ. . ဆရာကျော်နိုင်'

'ကျေးဇူးပါပဲ ဦးအောင်ချိန်. . ခုလောက်သိရတာပဲ ကျေးဇူးတင်လှပါပြီဗျာ. . ကဲ. . ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး'

'ဟုတ်ကဲ့. . သွားဦးမယ်နော်'

ကျော်နိုင်သည် ဦးအောင်ချိန်ကို နှုတ်ဆက်ပြီး ရွှေအာရှ ...ခန်းမထဲမှ ထွက်ခဲ့ကာ ဓါတ်လှေကားဖြင့် အောက်ထပ်သို့ ဆင်းခဲ့၏။

အောက်သို့ရောက်သည်နှင့် ကားစက်နှိုးကာ မြို့ထဲဘက်သို့ ထွက်ခဲ့ပြီး သူ့မိတ်ဆွေ ကိုမြတ်ဇော်ဆီ ဝင်ခဲ့၏။

ကိုမြတ်ဇော်က ဓါတုဗေဒပညာရှင်တစ်ဦး။ အမှုအခင်းနှင့် ...တ်သက်ပြီး ဓါတုဗေဒဆိုင်ရာ စုံစမ်းစစ်ဆေးရေးမှူးလည်း ဖြစ်ရာ၊ ...တွေ့သည်နှင့် အိတ်ထဲမှ စက္ကူထုပ်ကလေးကို လှမ်းပေးလိုက်၏။

'ကဲ. . ဟောဒါလေး စစ်ဆေးပေးစမ်းပါဦး ကိုမြတ်ဇော်ရေ'

'ရပါတယ်ဗျာ. အဲဒီမှာ ခဏစောင့်. . ကျွန်တော် စမ်းသပ်...ခန်းထဲ ဝင်လိုက်ဦးမယ်'

ကျော်နိုင်သည် ဧည့်ခန်းတွင်ထိုင်ကာ စောင့်နေလိုက်၏၊ မိနစ်...နှစ်ဆယ်ခန့်အကြာတွင် ကိုမြတ်ဇော် ပြန်ထွက်လာ၏။ မျက်နှာအသွင်အပြင်ကလည်း ရှုံ့မဲ့နေ၏။

'ဘယ်လိုလဲ ကိုမြတ်ဇော်'

'ဟာ. . ဆရာသမား ယူလာတဲ့ ဟာက မေ့ဆေးဓါတ်သား



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပါလားဗျ'

'ဟင်. . ဟုတ်လား. . ဘယ်လိုအာနိသင်ရှိသလဲဗျ'

'အတော်ပြင်းတဲ့ မေ့ဆေးပဲ၊ သူ့အငွေ့ကို ရှုမိတာနဲ့ စက္ကန့်ဝက်အတွင်း မူးမေ့သွားနိုင်တယ်၊ ပြီးတော့ အချိန်ကြာမြင့်စွာ သတိမရနိုင်ဘူးဗျ'

'ဟုတ်လား ကျေးဇူးပဲ ကိုမြတ်ဇော်ရေ၊ ကျွန်တော့် အတွက် အတော့်ကို အထောက်အကူတော့ ရပါပြီဗျာ'

'ဘယ်လိုကော့စ်မို့လဲဗျ'

'ဒီလို ကိုမြတ်ဇော်ရဲ့'

ကျော်နိုင်သည် အခင်းဖြစ်ပွားခဲ့သည့် ကိစ္စ နှင့် သက်သေခံပစ္စည်းတွေ့ခဲ့သည့် ကိစ္စကို ရှင်းပြလိုက်၏။ ကိုမြတ်ဇော်သည် မျက်လုံးအဝိုင်းသားနှင့် နားထောင်ရင်းပြောလိုက်၏။

'ဟာ. . ကြံကြံဖန်ဖန်ဗျာ. . . ဘယ်နည်းနဲ့မှ မေ့ဆေးမှုန့်တွေဟာ မီးစလောင်းမှာ ကပ်မနေနိုင်ဘူးဗျ၊ ဒါဆို လုပ်ကြံမှုကြီးပဲ ကိုကျော်နိုင်ရေ'

'ဟုတ်တယ် ကိုမြတ်ဇော်၊ ကျွန်တော့်အတွက် အတော့်ကို စိတ်ဝင်စားစရာကောင်းတဲ့အဖြစ်ပေါ့ဗျာ'

'အေးဗျာ. . . ထူးဆန်းလိုက်တာ'

'ကဲ. . ကျွန်တော်ပြန်တော့မယ် ကိုမြင့်ဇော်'

'ဟင်. . ပြန်တော့မလို့လားဗျ. . . လက်ဖက်ရည်လေး ဘာ





www.burmeseclassic.com



လေးသောက်သွားပါဦးဗျ'

'ဟင်း ဟင်း ခင်ဗျားက နောက်နေပြန်ပြီ၊ ကျွန်တော်က တိုက်ရမှာပါဗျ'

'ရပါတယ်ဗျာ'

'ကဲ. . ဒါဆိုလဲ သွားပြီဗျို့'

ဒုရဲအုပ် ကျော်နိုင်သည် မြတ်ဇော်ဆီမှ အဖြေရသည်နှင့် စခန်းဘက်သို့ ပြန်ခဲ့ပေတော့၏။ အခြေအနေက ထူးခြားလှပြီမို့ အမှုသွားအမှုလာကို အဆိုက်ဖမ်းမိရန် စုံစမ်းရပေတော့မည်။

ထို့ကြောင့် စခန်းရောက်သည်နှင့် ကြုံတွေ့ခဲ့ရသော ဖြစ်စဉ်အားလုံးကို ဒိုင်ယာရီထဲ ရေးသွင်းလိုက်၏။

ဦးအောင်ချိန်၏ ထွက်ဆိုချက်။

ဒေါ်သီတာနု၏ ကိုယ်တွေ့ကြုံခဲ့သည့်အဖြစ်။

ပြီး ကိုမြတ်ဇော်၏ အဖြေ။

အထက်ပါ အချက်အလက်များကို စဉ်းစားရင်း နောက်ဆုံးတော့ မစ်အေရှုမယ်ဘွဲ့ရ ပန်းနုဏ္ဍန္ဒြေကို တစ်ဦးတစ်ယောက်ယောက် က ပြန်ပေးဆွဲ လိုက်သည်ပဲ ဖြစ်ရမည်ဟု ဒုရဲအုပ်ကျော်နိုင်တစ်ယောက် သတ္တုချမိ လိုက်လေတော့၏။

*** ***



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

သူငယ်ချင်းတွေအားလုံးကြားတွင် တာရာဒေဝီ တစ်ယော
ဗျာများနေ၏။ အချိန်အခါက ညခင်းအချိန်အခါဖြစ်သော်လည်
ဝါညက်ညက် နဖူးပြင်ကလေး တစ်ဝိုက်တွင် ချွေးစချွေးနကလေးများ
စိန်ပွင့် စိန်ခက်ကလေးများနှယ် သီခိုနေကြ၏။

တာရာမှာ မမောနိုင် မပမ်းနိုင်။ သူအလိုချင်ဆုံးဆုကို စိ
တိုင်းကျ ရရှိခဲ့သည်မဟုတ်သော်လည်း၊ ဒုတိယမစ်အေရှမို့ ကမ္ဘာ
တွင် သူ့လောက် ပျော်မည့်သူမရှိ။

ယခုလည်း ဖခင်ကြီး ဦးပန်းမောင်က သမီးငယ်အတွက် ဂုဏ်
ပြုပါတီပွဲလေး စီစဉ်ပေးခြင်းဖြစ်၏။ တာရာဒေဝီမှာ ရွှေအတိပြီးသော
သရဖူလေးကို ခေါင်းတွင် ဆောင်းကာ လာသမျှ သူငယ်ချင်းတွေ
ဧည့်ခံနေ၏။

❁ မိုးဆမ်းပန်းစာပေ ❁



သူ့အတွက်တော့ ညသည်ပင် ရွှေချချင်စရာကောင်းလှသော ရွှေညကလေးဟု ထင်မြင်နေမိ၏။

သူမျှော်လင့်ခဲ့ရသည်မှာ ကြာမြင့်လှပြီဖြစ်၏။ မစ်အေရှဖြစ်ဖို့အတွက် အစားအသောက် အနေအထိုင်က အစ ဆင်ဆင်ခြင်ခြင် ကျင့်ကြံခဲ့ရ၏။

ကောင်းပေ့ ညွန့်ပေ့ဆိုသော အစားအစာတွေကိုလည်း အရမ်းကာရော မစားရဲ၊ ထိုက်သင့်သလောက်သာ စားခဲ့ပြီး၊ နေ့တဓူဝလည်း ကိုယ်အလေးချိန်ကို စောင့်ကြည့်ခဲ့ရ၏။

ခန္ဓာကိုယ်အလှပျက်သွားမှာစိုးသဖြင့် ထမင်းဟင်း စားသောက်သည့်နေရာတွင်လည်း ဆီပြားတစ်စက်ကလေးပင် မထည့်။ မေမေနှင့် ဖေဖေတို့ကလည်း သမီးငယ် တာရာဒေဝီ၏ ရည်မှန်းချက်ကို သိထားကြသဖြင့် အစစအရာရာ ဝိုင်းဝန်းကူညီခဲ့၏။

တာရာမှာ အိမ်ထဲက အိမ်ပြင်ထွက်သည်ကိုပင် သတိထားနေရ၏။ နေပူမိမှာ စိုး၏။ လေစိမ်းတိုက်ခံရမှာ ကြောက်၏။

နောက်ဆုံး နှာချေသည်ကိုပင် အထူးကုဆရာဝန်ကြီးများနှင့် ပြသကာ ကျန်းမာရေးအတွက် အရိပ်တကြည့်ကြည့်နေခဲ့ရ၏။

ထို့ပြင် အရေးကြီးဆုံးမှာ သူ၏ ခန္ဓာကိုယ်အလှပင်ဖြစ်သည်။ လိုချင်သည့်လက်မတွေရအောင်၊ ပေါင်ချိန်တွေပြည့်အောင် မနက်တစ်ကြိမ်၊ နေ့လည်တစ်ကြိမ်၊ ညနေတစ်ကြိမ် ကြိုးစား ကျင့်ခဲ့ရ၏။

❁ မိုးဆမ်းပန်းစာပေ ❁

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေကလည်း နိုင်ငံခြားကုမ္ပဏီကြီးတစ်ခု၌ မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်နေခဲ့ရာမှ အငြိမ်းစားယူပြီး မြန်မာပြည်သို့ ပြန်လာတာ မကြာသေး။ သမီးငယ်တာရာအတွက် အားကစားပစ္စည်းအစုံအလင်ကို ငွေကြေးအမြောက်အမြားပေးကာ ဝယ်ပေးခဲ့၏။

ထို့ကြောင့်လည်း တာရာဒေဝီတစ်ယောက်ကိုယ်ဖြစ်ချင်သည့်အရာကို ဖြစ်အောင်လုပ်ခဲ့၏။ နောက်ဆုံး လက်သည်းခွံကလေးပဲ့ တာရာတာကအစ ဂရုစိုက်ခဲ့ရ၏။ မျက်နှာပေါ်တွင် ဝက်ခြံဖုကလေး ပေါက်တာက အစ စိုးရိမ်တကြီးနှင့် စောင့်ရှောက်ခဲ့ရ၏။

ထိုသို့ ကိုယ့်ကိုယ်ကို အရိပ်တကြည့်ကြည့် စောင့်ရှောက်ခဲ့၍လည်း ယခုတော့ ဒုတိယမစ်အေရှာဘွဲ့ကို ရရှိခဲ့ခြင်းဖြစ်သည်။

သူ့အတွက် ငွေမလို။ သူလိုချင်သည်က အလှဆုံးဆိုသော အလှကေရီဘွဲ့ပင်ဖြစ်သည်။ ယခုနှစ်တော့ ပန်းနုကြွေကို နှာတဖျားစာ နှင့် အရှုံးပေးခဲ့ရ၏။

လာမည့်နှစ်သည် တာရာဒေဝီ၏ နှစ်ဖြစ်ရမည်ဟု ကြုံးဝါးထားခဲ့၏။ ယခုလည်း ဒုတိယမစ်အေရှ သရဖူကလေးဆောင်းပြီး အိမ်ဝင်း၊ ပန်းခြံကြီးထဲတွင် လိပ်ပြာလေးတစ်ကောင်လိုပျံဝဲလှုပ်ရှားနေ၏။

သူလှုပ်ရှားမှုတိုင်းက အနုပညာဆန်လှ၏။ ခြေကလေးလှုပ်ပုံ၊ လက်ကလေးလှုပ်ပုံကအစ မြင်သူတိုင်းရင်သပ်ရှုမောဖွယ် ဖြစ်ခဲ့ကြရ၏။





ရွှေမှုန်စား၍ မွေးလာလေသလားပင် အောင့်မေ့ရသူကလေးမို့ အားလုံး၏ အကြည့်တွေက သူ့ထံတရစ်ရစ်ဝဲဝဲရှိနေကြ၏။

ရောက်ရှိလာသည့် မိတ်ဆွေသူငယ်ချင်းများမှာလည်း ပါးစပ်ဖျားတွင် 'တာရာ. . တာရာ'ဖြစ်နေကြ၏။ ညဦးနက်လာလေလေ ပရိသတ်က တဖွဲဖွဲရောက်လာလေလေပင်။

ခြံထဲတွင်လည်း ကားကြီးကားငယ် အသွယ်သွယ်ရပ်ထား ၏။ တာရာဒေဝီ၏ ဖခင် ဦးပန်းမောင်နှင့် မိခင်ကြီး ဒေါ်မိုးဖြူ တို့ နှစ်ဦးမှာ သမီးလေး၏ အလှနှင့် ပရိသတ်အလယ်တွင် ကြွားကြွား ဝင့်ဝင့်ဖြစ်နေ၏။

အိမ်သားအားလုံး၏ မျက်နှာမှာလည်း အချိုပေါ် သကာလောင်းလိုက်သည့်ပမာနှယ်ပင်။ ပြုံးလို့၊ ရွှင်လို့၊ အားလုံးပျှပျှ ငှာငှာ သွက်သွက်လက်လက် ဖြစ်နေကြ၏။ အနောက်တိုင်း တီးလုံးကလည်း ပုဏ္ဏား ရိပ်ပန်းခြံဘေးမှ တလူးလူး တလိမ့်လိမ့်ထွက်လာ၏။

နောက်ဆုံး ပရိသတ်များ စုံညီသည်နှင့် တာရာဒေဝီထံသို့ နာမည်ဝှက်နှင့် ပို့လိုက်သော ကိတ်မုန့်ကြီးထားရှိရာ စားပွဲစင်ကလေး ရှိရာသို့ စုဝေးလိုက်ကြ၏။

ရွှေဖလားရောင် ကိတ်မုန့်အဝိုင်းကြီးမှာ အချင်းနှစ်ပေခန့် ရှိပြီး အလယ်တွင် သရဖူပုံကရင်တုံးကလေးများကို အစီအရီခြယ်သထား၏။ အရောင်အသွေးစုံလင်လှပြီး ကိတ်မုန့်ကြီးပေါ်တွင် ရွှေအိုရောင် ဖရောင်းတိုင်ကလေးများစိုက်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ထွန်းညှိထားသော မီးရောင်ကလေးများမှာလည်း လေအငွေ့တွင် ဟိုဒီလွန့်လူးနေကြ၏။ ထိုစဉ် ခြံကြီးတစ်ခြံလုံးရှိ မီးများကို ငြိမ်းသတ်လိုက်၏။ ပရိသတ်အားလုံးလည်း တိတ်ဆိတ်စွာနှင့် ကိတ်မုန့်ကြီးကို စိုက်ကြည့်နေ၏။

ထိုစဉ်ပရိသတ်အလယ်သို့ ဘော်ငွေရောင်ကာလာ ဝတ်စုံကလေး ဝတ်ဆင်ထားသော တာရာဒေဗီ ရောက်ရှိလာ၏။ လက်ထဲတွင်လည်း တလက်လက်တောက်ပနေသော ငွေဓားကလေးတစ်လက်ကိုင်ထား၏။

ကိတ်မုန့်ကြီးပေါ်မှ မီးရောင်ကလေးက မှောင်မိုက်နေသော ခြံကြီး၏ အလယ်တွင်လင်းလက်နေ၏။ ထိုစဉ် တာရာဒေဗီသည် ကိတ်မုန့်ကြီးပေါ်မှ ဖယောင်းတိုင်မီးကလေးများကို ဖူးခနဲ မှုတ်လိုက်၏။ ထိုသို့ မှုတ်လိုက်သည်နှင့် လက်ခုပ်သံတွေ တဖြောင်းဖြောင်းအုတ်အော်သောင်းနင်းထွက်လာလေ၏။

ထိုစဉ် ပရိသတ်ထဲမှ အော်သံဟစ်သံများ ထွက်လာ၏။

'မီးဖွင့်လိုက်တော့ဗျို့'

'ဟုတ်တယ်ဟေ့. . မီးဖွင့်ပါဗျို့'

အသံဗလံတွေ ထွက်လာစဉ် မိန်းဆွစ်ခလုတ်ကို တစ်ဦးတစ်ယောက်က ဖြုတ်ခနဲ ဆွဲချလိုက်၏။

'ဟင်. . မီးပြတ်သွားပြီလား'

'ဖွင့်ပါဗျို့'





'အို. . ဘယ်လိုဖြစ်တာလဲ'

'ဟာ. . . အရေးထဲကွာ'

မီးကလုံးလုံး ပြန်လင်းမလာ။ ခြံအလယ်တွင် တစ်စုတစ်ဝေးရုံနေကြသော ပရိသတ်များမှာ လှုပ်လှုပ်ရှားရှား ဖြစ်လာ၏။

'မီးဖွင့်လို့မရဘူးဟေ့'

'ဟင်. . . ဘယ်လိုဖြစ်တာလဲ'

'အို. . ဘာမှလဲမမြင်ရပါလား'

အသံဗလံတွေ ဆူညံလာ၏။ အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်၏။ ထိုင်ခုံတွေကြား ဖရိုဖရဲဖြင့် ဝင်တိုက်သူကတိုက်၊ လဲသူကလဲနှင့် ရှုပ်ထွေးကုန်၏။

တအောင့်မျှအကြာတွင် တတ်သိနားလည်သူတစ်ဦးက မိန်းဆွစ်ခလုတ်ကို ချောက်ခနဲ ပြေးဖွင့်လိုက်ရာ ခြံဝင်းကြီးတစ်ခုလုံး မီးထိန်ထိန်လင်းသွားလေတော့၏။

'ဟာ. . . တော်ပါသေးရဲ့'

'ကဲ. . ကိတ်မုန့်ဖြိုးဟေ့'

'ဟုတ်တယ်ဟေ့'

အားလုံးတစ်ယောက်တစ်ပေါက် ဝိုင်း၍အော်ဟစ်နေကြ၏။ ထိုစဉ် ကျယ်လောင်သောအသံတစ်သံပေါ်လာ၏။

'ဟာ. . . တာရာ ဘယ်ရောက်သွားပြီလဲ'

'ဟင်. . ဟုတ်ပါ့. . ရှာလို့လဲမတွေ့ပါလား'



www.burmeseclassic.com

www.burmeseclassic.com



'ကေန္တပုန်းနေပြီထင်တယ်'

'တာရာ. . . တာရာ'

တာရာဒေဝီကို ပရိသတ်ကြီးက တကြော်ကြော်အော်ဟစ် ၍ ခေါ်နေ၏။ ထိုစဉ် ဧည့်ခန်းထဲတွင် ထိုင်မနေသော ဦးပန်းမောင်နှင့် လူကြီးလူကောင်း တစ်သိုက်မှာ ခြံထဲဆင်းလာ၏။

'ဟင်. . . ဘယ်လိုဖြစ်တာလဲ'

ခြံထဲတွင် ပရိသတ်တွေ ဝရုန်းသုန်းကားဖြစ်နေ၏။ ဦးပန်းမောင်သည် ခြံအလယ်သို့ ခပ်သွက်သွက်လျှောက်လာစဉ်၊ အမျိုးသမီးငယ်လေးများက သူ့အနားသို့ အပြေးရောက်ရှိလာ၏။

'အန်ကယ်. . အန်ကယ်'

'ဟေ. . . ဘာလဲကွ'

'ဟို. . . တာရာရောဟင်'

'အို. . ခြံထဲမှာပဲလေ၊ သမီးတို့နဲ့ အတူတူပဲမဟုတ်လား'

'အို. . မရှိပါဘူး အန်ကယ်ရဲ့. . . မီးလဲလာရော၊ တာရာ ဘယ်ရောက်သွားလဲ မသိဘူး၊ ကေန္တ အိမ်ပေါ်တက်ပုန်းနေပြီထင်တယ်'

'ဟာ. . မဟုတ်နိုင်တာကွာ'

ထိုအချိန်တွင် သူတို့အနီးသို့ တာရာဒေဝီ၏ မိခင်ဒေါ်မိုးဖြူ ရောက်လာ၏။

'ဘာ. . ဘာ. . ဘာဖြစ်တာလဲ ဒါလင်'





'ဟာ. . . မင်း သမီး တာရာ ပျောက်နေလို့ဟ'

'ဟောဒီ သမီးလေးတွေကတော့ အိမ်ပေါ်မှာ ပုန်းနေကြတယ် ပြောတာပဲ'

'အို. . မဟုတ်တာကွယ်. . . အိမ်ပေါ် လုံးလုံးမတက်လာပါဘူးကွယ်'

'တင်. . ဒါဆို ခြံထဲရှာဦးမှ'

'အေး. . ရှာကြပါဦး'

တာရာဒေဝီ၏ မိတ်ဆွေများသည် ခြံထဲအနှံ့လိုက်လံရှာဖွေသော်လည်း ရှာမတွေ့နိုင်ဖြစ်နေကြ၏။ မိခင်ကြီးဒေါ်မိုးဖြူမှာလည်း ထူးဆန်းစွာ ပျောက်ဆုံးသွားသည့်မို့ အံ့အားသင့်ကာ စိုးရိမ်ကြီးစွာနှင့် မျက်ရည်ကလေး တစမ်းစမ်းဖြစ်နေ၏။

ရှိသမျှ လူအားလုံး တစ်ခြံလုံးပတ်၍ မွှေနှောက်ဖွေရှာသော်လည်း တာရာဒေဝီ၏ အရိပ်အယောင်ကိုပင် မမြင်ရ။ ထိုစဉ် ကိတ်မုန့်လှီးသည့် မဟော်ဂနီစားပွဲကြီးအောက်မှ မိန်းမကိုင် လက်ကိုင်ပုဝါလေးတစ်ထည်ကို ခြံထဲမှ အိမ်ဖော်ကလေးတစ်ဦးက တွေ့လိုက်သဖြင့် ကောက်ယူလိုက်ပြီး ဒေါ်မိုးဖြူကို ပြလိုက်၏။

'ကြီးကြီးဖြူ'

'ဘာတုန်းဟဲ့'

'ဒါ. . မမတာရာရဲ့ လက်ကိုင်ပုဝါမဟုတ်လားဟင်'

'အို. . . ဘယ်က ဟုတ်ရမှာလဲ. . လွှင့်ပစ်လိုက်စမ်း'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်. . ဟုတ်ကဲ့'

အိမ်ဖော်မလေးသည် လက်ထဲက လက်ကိုင်ပုဝါလေးကို မြက်ခင်းပေါ် ပြန်၍ လွှင့်ပစ်လိုက်၏။

'ဟင်. . ဆံထိုးလေးပါလား'

သူ လွှင့်ပစ်လိုက်သည့် လက်ကိုင်ပုဝါလေးဘေးတွင် တဖျပ် ဖျပ်လက်နေသော ဆံထိုးလေးကို တွေ့လိုက်ရသဖြင့် ကောက်ယူ ကာ ဒေါ်မိုးဖြူကို ပြလိုက်ပြန်၏။

'ဒါ. . မမ ဟာလားဟင်'

'ဟယ်. . အဲဒါ သမီးလေးရဲ့ စိန်ဆံထိုးလေးဟဲ့'

'ဟင်. . ဟုတ်လား'

'အို. . ဘယ်လိုများ ဖြစ်ကုန်ပါလိမ့်. . ဒါလင်. . ဒါလင်'

'ဟော'

'လာပါဦး. . လာပါဦး'

ဒေါ်မိုးဖြူသည် ဦးပန်းမောင်ကို အော်ဟစ်ခေါ်ကာ လက်ထဲ မှ စိန်ဆံထိုးလေးကို ပြလိုက်၏။

'ကြည့်ပါဦး. . ဒါလင်ရယ်. . ဒါသမီးရဲ့ စိန်ဆံထိုးလေးလေ ပြုတ်ကျခဲ့တာ ထင်ပါရဲ့'

'ဟင်. . ဟုတ်လား၊ အင်း. . သမီးလေး တစ်ခုခုများဖြစ်ပြီ လား မသိဘူး'

'အိုး. . ဒုက္ခပါပဲ ဒါလင်ရယ်၊ ကဲ. . ရဲကို အမြန်ဖုန်းဆက်





စမ်းပါ'

'အေး. . ဟုတ်တယ်. . ကိုယ် ဖုန်းဆက်လိုက်ဦးမယ်'

ဦးပန်းမောင်သည် ခြံဝင်းထဲမှနေ၍ အိမ်ကြီးပေါ်သို့ အမြန် ပြေးတက်လာခဲ့ပြီး ဆိုင်ရာ ရဲစခန်းသို့ အမြန်ဆုံး ဖုန်းဆက်လိုက်၏။

ဖုန်းကိုင်သူမှာ ဒုရဲအုပ်ဇော်မျိုးဖြစ်သည်။ ဦးပန်းမောင်၏ စကားကို ကြားသည်နှင့် ဖုန်းချကာ ရဲသားသုံးလေးဦးခေါ်ပြီး ဦးပန်း မောင်တို့ နေထိုင်ရာ ကန်ပတ်လမ်း၊ အေးမြသုခခြံကြီးရှိရာသို့ ကား တစ်စီးဖြင့် အမြန်ဆုံး ထွက်ခဲ့ကြလေ၏။

ခြံထဲရောက်သည်နှင့် ကားထိုးရပ်ပြီး အောက်ဆင်းလိုက်၏။ ထိုစဉ် သူ့အနားသို့ ဦးပန်းမောင်တို့ လင်မယားရောက်ရှိလာပြီး အဖြစ်အပျက်အစုံကို အသေးစိတ်တင်ပြလိုက်၏။

ဇော်မျိုးသည် ဦးပန်းမောင်ပြောသမျှကို အာရုံစိုက် နား ထောင်ပြီးသည်နှင့် ပရိသတ်သုံးလေးဦးကို ခေါ်မေးလိုက်၏။

အားလုံးအဖြေကို ချုံ့သုံးသပ်ပြီးသည်နှင့် ထူးဆန်းလှသည့် အဖြစ်အပျက်ကို နားလည်လိုက်မိ၏။ ထို့ကြောင့် ခြံတစ်ခုလုံးပတ် ပြီး ခြေရာလက်ရာရှာခဲ့၏။

ထိုအခါ စားပွဲကြီးနဘေးရှိ မြက်ခင်းပြင်ပေါ်မှ မိန်းမကိုင် လက်ကိုင်ပုဝါလေးတစ်ထည်ကို တွေ့လိုက်ရ၏။

လက်ကိုင်ပုဝါ၏ ထောင့်စွန်တွင် တရုတ်နဂါးရုပ်ပုံလေးကို ဇာထိုးထားတာ တွေ့လိုက်ရ၏။ ထူးဆန်းလှသည်မှ သက်သေခံပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် သိမ်းဆည်းလိုက်၏။

ထို့နောက် မေးသင့်သည့်လူများကို ခေါ်မေးရင်း မှတ်တမ်းပြုစုလိုက်၏။ တာရာဒေဝီ၏ မိခင်ကြီး ဒေါ်မိုးဖြူမှာတော့ မျက်ရည်အရွှဲသားဖြစ်နေ၏။ ဦးပန်းမောင်မှာလည်း မျက်မှောင်ကြီးကုတ်ကာ အဖြေရှာမရအောင်ဖြစ်နေ၏။

ဇော်မျိုးသည် သူတွေ့ရှိသမျှနှင့် ကြားသမျှအရာအားလုံးကို မှတ်တမ်းပြုစုပြီးသည်နှင့် ဦးပန်းမောင်တို့ကို နှုတ်ဆက်ကာ ခြံကြီးထဲမှ ထွက်ခဲ့၏။ စိတ်ထဲတွင်တော့ အဖြစ်အပျက်က ထူးဆန်းဖွယ်ရာမို့ ဟိုဟိုဒီဒီ တွေးတောနေမိ၏။

ထိုစဉ် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းလာသော မီးမကိုင်ပုဝါလေးကို သတိရလာ၏။ ထို့ကြောင့် သိမ်းဆည်းရာမှ ထုတ်ယူကာ အနံ့ခံကြည့်လိုက်၏။

'အား. . ပြင်းလှချည်လား. . တစ်ခုခုတော့ တစ်ခုခုပဲ'

ထူးဆန်းလှသည်မို့ စခန်းဘက်သို့ မမောင်းတော့ဘဲ မှူခင်းဘက်ဆိုင်ရာ ဓါတုဗေဒရုံးခန်းသို့ ဝင်ကာ ပြသကြည့်ခဲ့၏။

တာဝန်ခံ ဦးအောင်မိုး၏ စကားအရတော့ လက်ကိုင်ပုဝါတွင် သုတ်ထားသည့် အရည်မှာ မေ့ဆေးရည်ဖြစ်ကြောင်း အခိုင်အမာသိလိုက်ရသောအခါ တာရာဒေဝီဆိုသော မင်းအေရှဒုတိယမယ်ကလေးကို တစ်ဦးတစ်ယောက်က ဖမ်းဆီးသွားပြီးဆိုတာ ဇော်မျိုးအတတ်သိလိုက်လေတော့၏။





ထိုအချိန်တွင် အပူမီးတောက်နေသူ နှစ်ဦးမှာ ဦးပန်းမောင်နှင့် ဒေါ်မိုးဖြူတို့ဖြစ်၏။ နှစ်ဦးစလုံး ဧည့်ခန်းထဲတွင် ငူငူကြီးထိုင်နေ၏။

ထိုစဉ် ဧည့်ခန်းထောင့်မှ ဖုန်းခေါ်သံကလေးပေါ်လာသဖြင့် ဦးပန်းမောင်သည် ကမျာကယာထကာ ဖုန်းစင်အနီးသို့ လျှောက်လာပြီး ဖုန်းခွက်ကို ကောက်ကိုင်လိုက်၏။

'ဟလို. . . ဦးပန်းမောင်လား'

'ဟုတ်ပါတယ်. .'

'ကျွန်တော် ရတနာကုမ္ပဏီက ဒါရိုက်တာ ဦးထူးဝေမြင့်ပါ'

'ဪ. . ဘယ်သူများလဲလို့ ပြောပါဦး. . ဘာကိစ္စလဲ။ အလုပ်ကိစ္စဆိုရင်တော့ နောက်မှပြောကြတာပေါ့ဗျာ'

ဦးပန်းမောင်က သမီးကလေးကိစ္စအတွက် စိတ်ရှုပ်နေသဖြင့် ပြောလိုက်မိ၏။ ထိုစဉ် ဦးထူးဝေမြင့်ထံမှ အသံထွက်လာ၏။

'မဟုတ်ပါဘူးဗျာ. . . ကျွန်တော်သိချင်တာ. . ကျွန်တော့်သမီးကလေး ပန်းနုနဲ့ ခင်ဗျားသမီးလေး တာရာတို့က သူငယ်ချင်းတွေဆိုတော့ အဲဒါသမီးလေး တာရာနဲ့ စကားပြောချင်လို့ပါဗျာ'

'ဟာ. . . ဦးထူးဝေမြင့်ရေ. . ကျွန်တော့်သမီးလေး တာရာ ပျောက်သွားလို့ဗျ'

'ဘာ. . . တာရာပျောက်သွားတယ် ဟုတ်လား. . သေချာလားဗျာ'

'သေချာတယ်. . ဦးထူးဝေမြင့်'

❁ မိုးဆမ်းပန်းစာပေ ❁

www.burmeseclassic.com

www.burmeseclassic.com



'ဟာ. . ဒါဆို ဒုက္ခပါပဲ. . ကျုပ်. . ကျုပ်သမီးလေး ပန်းနု

ပျောက်သွားလို့ဗျ'

'ဟင်. . ဘယ်လိုဖြစ်ကြတာလဲဗျ'

'တိုက်ဆိုင်လိုက်တာဗျာ. . ကျွန်တော့် သမီးကလေးက

ခဲ့တဲ့ ငါးရက်ခန့်က ပျောက်သွားတာဗျ။ ကျွန်တော့်မှာလည်း

လေးကိစ္စနဲ့ ပတ်သက်ပြီး အလုပ်တောင် မဆင်းနိုင်ဘူးဗျ။ ပြီး

ခင်ဗျားတို့ကိုလည်း ဘာမှ အကြောင်းမကြားနိုင်ပါဘူးဗျာ. . ခု

ဦးပန်းမောင်ရဲ့ သမီးကလေးကလဲ ထပ်ပျောက်သွားပြီဆိုတော့

တော့်ကို ထူးဆန်းနေပြီဗျို့'

'ဒုက္ခပါပဲဗျာ. . . သူ့အမေလဲ မျက်ရည်နဲ့မျက်ခွက်ဗျ'

'ဟုတ်ပါ့ဗျာ. . ကျုပ် မိန်းမကလည်း ပန်းနု. . ပန်းနုနဲ့

ဖျား လွမ်းနာကျနေပြီဗျ။ အင်း. . ကျုပ်သမီးနဲ့ ခင်ဗျား သ

မစ်အေရှမယ်တွေဗျ. . အင်း. . စဉ်းစားစရာပဲဗျို့'

'ဩော်. . ကိုထူးဝေမြင့်ပြောမှပဲ သတိရတော့တယ်ဗျ

ဟုတ်ပါ့ဗျာ. . နှစ်ယောက်စလုံးကလဲ မစ်အေရှမယ်တွေဆိုတော့

စုံတစ်ရာ ပယောဂအနောက်အယှက်ရှိပြီထင်တယ်'

'ဖြစ်နိုင်တယ်. . ဦးပန်းမောင်'

'ဘယ်လိုလုပ်ကြမလဲ ဦးထူးဝေမြင့်ရေ'

'အို. . . ဒီကိစ္စပေါ့သေးသေးတော့ ကျွန်တော် မထင်ဘူး

ဒီတော့ ကျွန်တော်တို့ မိတ်ဆွေကြီး ဘချုပ်ဆိုတာရှိတယ်လေ'





www.burmeseclassic.com

www.burmeseclassic.com



'ဩော်. . ဟုတ်သားပဲ. . သူ့ဆီ ကျွန်တော်တို့ အကူအညီ တောင်းရင်ကောင်းမလားဗျ'

'ကောင်းတာပေါ့ဗျာ. . . သူဟာ လျှို့ဝှက်ထောက်လှမ်းရေး အေးဂျင့်ကို ကိုင်ထားတာဗျ၊ သူ့ဆီမှာ ထောက်လှမ်းရေး အကျော် အမော်တွေ ရှိတယ်လေဗျာ'

'အေး. . ဟုတ်ပေသားပဲ. . ကဲ. . ဒါဆိုရင် ကျွန်တော်တို့ ချက်ချင်း သွားရအောင်'

'သွားလေ'

'ဒါဆို. . ဘချုပ်တို့ အေးဂျင့်ရုံးခန်းအဝကပဲ စောင့်နေမယ်'

'ကောင်းပြီ'

နှစ်ဦးသား အချိန်းအချက်လုပ်လိုက်ပြီး ဦးပန်းမောင်သည် ဖုန်းချလိုက်၏။ ထို့နောက် ဇနီးသည် အနီးသို့ လျှောက်ခဲ့ပြီး. . .

'မြှု'

'ဘာလဲ ဒါလင်'

'ဟိုကိစ္စကသေးသေးဖွဲဖွဲတော့ မဟုတ်ဘူး မြှုရေ'

'ဘာဖြစ်လို့လဲဟင်. . ဖုန်းက ဘယ်သူလဲဟင်'

ဒေါ်မိုးမြှုသည် ဦးပန်းမောင်၏ စကားဖြင့် မျက်လုံးပြူး ကာဆံပြူးနှင့် မေးလိုက်၏။ ထိုအခါ ဦးပန်းမောင်သည် ဦးထူး ဧ၏ သမီးကလေး ပန်းနုကြွေ ပျောက်သွားပုံကို ပြောပြလိုက်၏

သူ့စကားကြားရသောအခါ ဒေါ်မိုးမြှုမှာ မျက်လုံးအဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကြိုစ်နေ၏။

'ဟင်. . တိုက်ဆိုင်လှချည်လား ဒါလင်ရယ်၊ ဒါဆို သမီးလေး တွေကို တစ်ယောက်ယောက်ကများ လုပ်ကြံချင်လို့လား မသိ အို. . ဘုရား. . ဘုရား. . သမီးလေး ဘေးအန္တရာယ်ကင်းပါစေကွ

'ကဲ. . ဖြူနေခဲ့ဦး၊ ကိုယ်. . ကိုယ့်မိတ်ဆွေ ဘချုပ်ဆီ သွား ဦးမယ်'

'အို. . ဘာသွားလုပ်မှာလဲ ဒါလင်'

'ဟာ. . သူက လျှို့ဝှက်ထောက်လှမ်းရေး အေးဂျင့်ရဲ့ အကြီး အကဲလေ၊ သူ့ဆီ အကူအညီတောင်းကြည့်ဦးမယ် ဖြူရယ်'

'အို. . ဒါဆို မြန်မြန်သွားပါ ဒါလင်ရာ'

'အေးပါ'

ဦးပန်းမောင်သည် ဂိုဒေါင်ထဲမှ လင်းခရူဇာကားကြီး ထုတ်ကာ၊ ဘချုပ်တို့ရုံးစိုက်ရာ ထောက်လှမ်းရေး အေးဂျင့်သို့ ကား မောင်းထွက်ခဲ့လေ၏။

စိတ်ထဲမှာတော့ သမီးငယ် တာရာနှင့် ပတ်သက်ပြီး အ မျိုး တွေးတောနေမိ၏။ ဦးထူးဝေမြင့်ပြောသလိုဖြစ်နေလျှင် သ လေးတို့၏ အဖြစ်က မတွေးရဲစရာပင်။

စိုးရိမ်စိတ်တွေ ဝေလျှံစွာဖြင့် ကားမောင်းထွက်ခဲ့ပြီး၊ ထော လှမ်းရေးအေးဂျင့်ရုံးခန်းရှေ့အရောက်တွင် ဝေါခနဲ ထိုးရပ် လိုက်

သူနှင့် မရှေးမနှောင်းမှာပင် အဖြူရောင် မတ်ခ်တူးကား





ဦးရပ်လာကာ၊ ကားပေါ်မှ ဦးထူးဝေမြင့်ဆင်းလာ၏။

နှစ်ဦးစလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ တ်မကောင်းဖြစ်နေကြ၏။ နောက်ဆုံး ဘချုပ်ရုံးခန်းရှိရာသို့ ခေါင်း တ်စိုက်ဖြင့် ဝင်ခဲ့ကြလေ၏။

※※※ ※※※



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

လူဆိုးထိန်း ကြွယ်မြင့်တို့ အုပ်စု လုံခြုံရေးမော်တော်နှင့် တွင်း ကင်းလှည့်နေ၏။ အချိန်အခါမှာ ညချမ်းချိန်အခါဖြစ်ပြီး မြင်ပေါ်တွင် သဘော်အုသွားအလာ နည်းပါးလှ၏။

တစ်ခါ တစ်ခါ မီးခွက်ကလေးမှိတ်တုတ်မှိတ်တုတ်နှင့် လာနေကြသော ငါးဖမ်းလှေငယ်အချို့ကိုသာ တွေ့ရတတ်၏။ လူစုသည် စကားတပြောပြောနှင့် မြစ်ဦးအတိုင်း ဆန်တက်ခဲ့ပြ မြစ်လယ်ဘက် အရောက်တွင် ထူးဆန်းသော အခြင်းအရာကို လိုက်ကြရ၏။

ထိုအရာကား အခြားတော့ မဟုတ်ပါပေ။ မြစ်ထဲတွင် ချင်ရာ မျောနေသော လှေကလေးတစ်စင်းပင်ဖြစ်၏။ သူတို့ တော်လာနေသည်ကိုပင် မရှောင်နိုင်။





လှိုင်းအပုတ်တွင် ဟိုမျော သည်မျော ဖြစ်နေ၏။

'ဟာ. . ဘယ်လိုဖြစ်တာလဲဟော့. . လှေက လူမှပါရဲ့လားကွ'

'ဟုတ်ပါ့. . ဆရာကြွယ်မြင့်ရေ. . ကောင်လေးသမား အရက် မူးပြီး အိပ်ပျော်နေပြီထင်တယ်'

'ဖြစ်နိုင်တယ် အောင်ကြီးရေ. . ကဲ. . မီးထိုးစမ်းကွာ'

'ဟုတ်ကဲ့ ဆရာကြွယ်မြင့်'

ရဲသားအောင်ကြီးသည် လက်ထဲမှ လက်နှိပ်ဓါတ်မီးကြီးနှင့် လှေကလေးကို ဖမ်းထိုးလိုက်၏။ ဖြာကျသွားသော အလင်းရောင် ကြောင့် လှေကလေးမှာ အထင်းသားပေါ်လာ၏။

'ဟာ. . လူမရှိဘူး ဆရာကြွယ်မြင့်ရေ'

'ဟင်. . ဒါဆို ကြိုးပြုတ်ပြီး မျောလာတာနဲ့တူတယ်'

'ဖြစ်နိုင်တယ် ဆရာ'

'ဒါဆို သင်္ဘောတွေ ဘာတွေနဲ့ တိုက်မိပြီး တစ်ခုခု ဖြစ်ရင် ဒုက္ခပဲ. . ကဲ. . သမ္ဗာန်နားကပ်မောင်းစမ်းကွာ'

'ဟုတ်ကဲ့'

မော်တော်မောင်းနေသူ ရဲသားလေးသည် လှေကလေးအနီး သို့ ကပ်၍ တဝေါဝေါမောင်းလိုက်၏။ ရဲသားအောင်ကြီးသည် လက် ထဲမှ လက်နှိပ်ဓါတ်မီးနှင့် မော်တော်ဝမ်းထဲထိုးကြည့်လိုက်၏။

'ဟာ. . ဘာထုပ်ကြီးလဲ မသိဘူး ဆရာကြွယ်မြင့်'

'အင်း. . မသင်္ကာစရာပဲဟော့. . ကဲ. . လှေပေါ် ဆင်းး



www.burmeseclassic.com

www.burmeseclassic.com





အောင်ခဲ့'

'ဟုတ်ကဲ့'

ပြောပြောဆိုဆိုနှင့် လှေနား ကပ်မိသည်နှင့် လှေဦးကြိုးကို မော်တော်နှင့် တွဲချည်လိုက်ကြပြီး လှေဝမ်းထဲသို့ ဆင်းခဲ့ကြလေ၏။

'ဟာ. . ပလပ်စတစ်အိတ်အနက်ကြီးနဲ့ ထုပ်ထားပါလား ဘာကြီးလဲ မသိဘူး'

'အရမ်းမကိုင်နဲ့ အောင်ကြီး. . နေဦး'

'ဟုတ်ကဲ့. . ဆရာကြွယ်မြင့်'

နှစ်ဦးသား အိတ်ကြီးအနားသို့ လျှောက်ခဲ့ကြပြီး၊ လူဆိုးထိန်း ကြွယ်မြင့်သည် ခါးကြားမှ အသင့်ဆောင်လာသော ကွန်မန်ဒိုဓားနှင့် အိတ်ကို စုချည်ထားသော မနီလာကြိုးကို ဖြတ်လိုက်၏။

'ကဲ ဖြည်ပေတော့. . ဖြည်းဖြည်းလုပ်ဟေ့'

'ဟုတ်ကဲ့. . ဆရာကြွယ်မြင့်'

အောင်ကြီးသည် ပလပ်စတစ်အိတ်အနက်ကြီးကို ဖွင့်ပြီး အထဲသို့ လက်နှိပ်ဓါတ်မီးထိုးကာ ခေါင်းငုံ့ကြည့်လိုက်၏။

'အောင်မယ်လေးဗျ'

'ဟ. . ဘာဖြစ်တာလဲ အောင်ကြီးရ'

'ဟို. . ဟို. . လူ. . လူ. . လူသေကြီးဗျ'

'ဟေ. . ဟုတ်လား'

မအောင်ကြီးက သူ့ကို မျက်လုံးပြူးမျက်ဆံပြူးနှင့် ပြောလိုက်သဖြင့် လူဆိုးထိန်း ကြွယ်မြင့်သည် အိတ်ကို ခါးနှင့်ခွဲချပြီး ကြည့်လိုက်၏။

'ဟာ. . အမျိုးသမီးကလေးရဲ့ အလောင်းတစ်လောင်းပါလား'

'ဟုတ်. . ဟုတ်တယ် ဆရာ'

'ဒါ. . တစ်ယောက်ယောက် ပစ်ထားတာပဲ ဖြစ်ရမယ်'

'ဟင်. . မျက်နှာကို ဓါးတွေနဲ့ မွှမ်းထားပါလား'

'ဟုတ်သားပဲ. . ဟာ. . လက်. . လက်မှာ'

'ဟင်. . အပ်ကြီး တန်းလန်းနဲ့'

'ဘယ်လို သဘောတွေလဲ မသိဘူး'

'ကဲ. . ပြောနေတာ ကြာတယ်ဟေ့. . အလောင်းကို မော်တော်ပေါ် အမြန်သယ်ကွာ'

'ဟာ. . ဖြစ်ပါ့မလား. . ဟို. . ကျွန်. . ကျွန်တော် စိ. . . စိတ်မရဲဘူး'

'ဟာ. . အရေးထဲ . . အောင်ကြီးက တမှောင့်. . မင်းက ဝန်ထမ်းလုပ်နေပြီး လူပြက်ပဲလုပ်စားချင်တဲ့ကောင်ပါလား'

'မ. . မဟုတ်ပါဘူး ဆရာရယ်. . ကျွန်တော် လန့်. . လန့်နေလို့ပါ'

'ဟာ. . မလန့်စမ်းပါနဲ့ကွာ. . ကြောင်မနေစမ်းပါနဲ့'

'ဟုတ်. . ဟုတ်ကဲ့ဆရာ'

ရဲသားအောင်ကြီးမှာ ကြွယ်မြင့်၏ အမိန့်ကို မလွန်ဆန်သာ





www.burmeseclassic.com

www.burmeseclassic.com



ခေတ္တ စင်စစ်အောင်ကြီးက ရဲသားတစ်ဦးဖြစ်သော်လည်း စခန်း တွင် အမှန်မျှား၏။ ထို့အပြင် အခါကြီးရက်ကြီးများတွင်လည်း လူပြက် အဖြစ် အသုံးတော်ခံတတ်ပေရာ၊ သူထွက်လာလျှင် ပရိသတ်အားလုံး က တဝါးဝါးဖွဲ့ကျတတ်ပေ၏။

ယခုတော့ သွေးရဲရဲ သံရဲရဲ အလောင်းကို ကိုယ်တွေ့ ကြ လိုက်ရသဖြင့် အောင်ကြီးတစ်ယောက် ဒူးတွေ တဆတ်ဆတ်တုန်နေ ၏။ သို့ပေသည့် ပေါက်တဲ့နဖူးမထူးတော့ပြီဆိုသည့် ဥပမာအတိုင်း မျက်စိမှိတ်ပြီး အလောင်းကြီးကို မလိုက်၏။

'ဟေ့ကောင် မျက်စိဖွင့် မနေဘဲ၊ တော်ကြာနှစ်ယောက်စလုံး ရေထဲပြုတ်ကျနေဦးမယ်'

'ဟာ. . ဟို. . ကျွန်. . ကျွန်တော်'

'တိတ်စမ်းကွာ. . သတိထားလျှောက်ဟေ့'

'ဟုတ်. . ဟုတ်ကဲ့ပါ ဆရာ'

သို့နှင့် ရဲသားအောင်ကြီးနှင့် လူဆိုးထိန်းကြွယ်မြင့်တို့ နှစ်ဦး အလောင်းကိုအိတ်အနက်ကြီးနှင့် ထုပ်ကာ မော်တော်ပေါ်သို့ သယ် ကြလေ၏။

မော်တော်ပေါ်တွင် ရပ်စောင့်နေကြသော ရဲသားသုံးဦး လည်း သူတို့လက်ထဲမှ အထုပ်ကြီးကို ကြည့်ပြီး အံ့အားသင့်နေ ထိုနောက် ကြွယ်မြင့်သည် မော်တော်ကို ဆိပ်ကမ်းဘက်သို့ ပြန်မော င်းလိုက်၏။

❀ မိုးဆမ်းပန်းစာပေ ❀



ထို့ပြင် ဆယ်လူလာဖုန်းနှင့်လည်း စခန်းတာဝန်ခံဒုရဲအုပ် ဝေမြင့်ကိုကြို၍ အကြောင်းကြားခဲ့၏။ သူတို့စီးနင်းလာသည့် မော်တော် ကလေးဆိပ်ကမ်းသို့ ဆိုက်ရောက်သည်နှင့် ဒုရဲအုပ်ဝေမြင့်နှင့် သတင်း ထောက်တစ်ဦးရောက်လာ၏။

နှစ်ဦးစလုံး အလောင်းကြီးအနားသို့ ရောက်ရှိလာပြီး အိတ် ဖွင့်ကာ စစ်ဆေးလိုက်၏။

အမျိုးသမီးငယ်မှာ အသက်နှစ်ဆယ်ပင် မကျော်သေး။ အသားအရည်ဖြူဆွတ်နေပြီး မျက်နှာပေါ်တွင်လည်း ဓါးရှရာတွေ ထပ်နေ၏။

'ဓါးနဲ့မွှမ်းထားသလိုပဲ'

'ဟုတ်တယ် ဆရာဝေ'

'လက်မှာလဲ ဆေးထိုးအပ်ကြီးနဲ့ပါလား'

'စဉ်းစားစရာပဲကွ'

'ဟုတ်တယ် ဆရာဝေ'

သူတို့အားလုံး ပဟေဠိဆန်လွန်းလှသည့် ပုစ္ဆာကို ဖတ်လိုက်ရ သည့် အလားပင်။

သေဆုံးနေသော အမျိုးသမီးမှာ ကြေးရည်တတ်အမျိုးသမီး ဖြစ်နိုင်ပြီး၊ ရတနာပစ္စည်းများ ဆင်ယင်ထားပုံကလည်း သူနဂို အတိုင်း ပင်။ နောက်ဆုံးဆိုးထားသည့် မဟူရာရောင်နှုတ်ခမ်းနီ ဆိုးဆေးလေး ပင် အရောင်မပြယ်သေး။

❀ မိုးဆမ်းပန်းစာပေ ❀

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်တွေကတော့ ဖွဲ့ရှိ့ဖွားရားဖြစ်နေ၏။ မျက်စိနှစ်ဖက်စလုံးမှာ ပွင့်နေ၏။ ဝေမြင့်သည် သတင်းထောက်ဖေကြိုင်ကို ဓါတ်ပုံအမျိုးမျိုးရိုက်ခိုင်းလိုက်၏။ ထို့နောက် အလောင်းကို ဆေးရုံသို့ အမြန်ဆုံး သယ်ရန် ညွှန်ကြားလိုက်၏။

ထိုအခါ ရဲသားအားလုံး မော်တော်ဝမ်းထဲမှ အမျိုးသမီးငယ်၏ အလောင်းကို ဆိပ်ကမ်းတွင် ရပ်ထားသော ကားပေါ်သို့ ယူသွားကြ၏။

ဝေမြင့်၏ စိတ်ထဲတွင် သူ့စစ်ဆေးတွေ့ရှိသမျှကို လမ်းလျှောက်ရင်း စဉ်းစားလျက်ရှိ၏။

အသက်ဆယ့်ရှစ်နှစ်နှင့် နှစ်ဆယ်အကြား အမျိုးသမီးငယ်ကလေးတစ်ဦး။

ပြီးတော့ မျက်နှာပေါ်တွင် ဓါးတွေနှင့်မွှမ်းထား၏။ ထူးဆန်းသည်မှာ ညာဘက်လက်မောင်းတွင် ဆေးထိုးအပ်တန်းလန်းနှင့် သေဆုံးနေခြင်းပင်ဖြစ်၏။

ဘိန်းဖြူထိုး၍ သေဆုံးသွားသည်ဟု ယာယီသုံးသပ်နိုင်သော်လည်း မျက်နှာပေါ်ရှိ ဓါးဒဏ်ရာများက မသက်ာစရာပင်။

ကိုယ်တိုင်မွှမ်းသည်တော့ မဖြစ်နိုင်။ ဆေးမထိုးရသဖြင့် သူ့ကိုယ်သူ ဓါးနှင့်မွှမ်းခဲ့သည်လား၊ ထိုအချက်ကို ဝေမြင့်ငြင်းပစ်လိုက်၏။

မဖြစ်နိုင်။ ဆေးပေါက်တယ်ပဲ ထားဦး၊ မျက်နှာကို ဓါးနဲ့





မွှမ်းမှာတော့ လုံးလုံးမဖြစ်နိုင်ချေ။

သို့ဆိုလျှင် တစ်ဦးတစ်ယောက်က သူ့ကိုလုပ်ကြံပြီး အကွက်ဆင်သတ်ပစ်ခဲ့လေသလား။ ခေါင်းထဲတွင် မေးခွန်းတွေ အစီအရီပေါ်လာ၏။

နောက်ဆုံးအမျိုးသမီးငယ်၏ အလောင်းနှင့် အတူ ဆေးရုံသို့ ရောက်ခဲ့၏။ တာဝန်ခံမှူခင်း ဆရာဝန်များကို အကျိုးအကြောင်းရှင်းပြလိုက်၏။ ထိုအခါ မှုခင်းဆရာဝန် နှစ်ဦးက အမျိုးသမီးငယ်၏ အလောင်းကို အသေးစိတ်စစ်ဆေးလေတော့၏။

အမျိုးသမီးငယ်သေဆုံးခဲ့သည်မှာ သုံးရက်ခန့်ပင် ရှိချေပြီဖြစ်၏။ သွေးထဲတွင် ဘိန်းဖြူရည်များ စိမ့်ဝင်နေသော်လည်း ထိုဘိန်းဖြူရည်များက သုံးစွဲသည်ထက် သုံးဆခန့် ပိုနေကြောင်း စစ်ဆေးတွေ့ရှိရ၏။

ထိုအခြင်းအရာကို သုံးသပ်ရင်း တစ်စုံတစ်ဦး၏ ပယောဂမကင်းနိုင်ကြောင်း အားလုံးက မှတ်ချက်ချလိုက်ကြ၏။

ထိုစဉ် ဝေမြင့် အကြောင်းအရာ တစ်ချက်ကို သတိရလေ၏။

'ဟာ. . ကျွန်တော် သတိရပြီဗျ'

'ဘာလဲဗျ. . . ခင်ဗျားကလဲ အထိတ်တလန့်နဲ့'

'ဒီလို. . ဒေါက်တာရဲ့ ကျွန်တော်တို့ စခန်းကို ရိုပို့တစ်စောင်ဝင်သားတယ်ဗျ'

'ဘာရိုပို့လဲ ကိုဝေမြင့်'



www.burmeseclassic.com

www.burmeseclassic.com



'ဒီလို ဒေါက်တာ. . အဲဒီမြစ်ဆိပ်မှာပဲ. . ကိုယ်တစ်ပိုင်းဖြတ် အမျိုးသမီးအလောင်းတစ်လောင်းကို လွှန်ခဲ့တဲ့ လဝက်ခန့်က ဆယ်ယူရရှိထားတယ်လို့ ရီပို့ဝင်ထားတယ်ဗျ'

'ဟင်. . အဲဒါနဲ့ ဆိုင်လို့လားဗျ'

'ဖြစ်နိုင်တယ် ဒေါက်တာ. . ဒီအဖြစ်က အတော့်ကို ထူးဆန်းတဲ့အဖြစ်ဗျ'

'ဟုတ်တော့ ဟုတ်တယ် ကိုဝေမြင့်၊ ဒါးမား ဒါ့ကျေစ်ဖြစ်နိုင်တယ်ဗျ. . . ဘာကြောင့်လဲဆိုတော့ ဘီန်းဖြူရည်တွေဟာ အတော့်ကို အဆများနေတယ်ဗျ. . . ပြီးတော့ ခင်ဗျား ပြောသလို မြစ်ထဲမှာ အမျိုးသမီး အလောင်းနှစ်လောင်းကို တစ်ပတ်ခြားပြီး တွေ့တယ်ဆိုတော့. . ဆက်စပ်တွေးတောစရာပဲ'

'ဖြစ်နိုင်တယ် ဒေါက်တာ. . ဒီကိစ္စကို အထက်အစီရင်ခံမှ ဖြစ်မယ်'

'ကောင်းတယ်. . ကျွန်တော်တို့ မှခင်းဘက်ကလည်း စစ်ဆေးတွေ့ရှိချက်တွေကို တင်လိုက်မယ်'

'ကျေးဇူးပဲ ဒေါက်တာ. . ဒါဆို ကျွန်တော် ပြန်ပါဦးမယ်'

'ဟုတ်ကဲ့'

ဒုရဲအုပ် ဝေမြင့်သည် ဆေးရုံပေါ်မှ ပြန်ဆင်းခဲ့၏။ စိတ်ထဲတွင် အမှုနှစ်ခုစလုံးကို မသင်္ကာတော့။ နှစ်ခုစလုံးကလည်း မိန်းကလေးတွေဖြစ်နေ၏။





ပထမအမှုကလည်း ခုထိ လက်သည်မပေါ်သေးကြောင်း ဒုရဲအုပ် ကျော်နိုင်က အစီရင်ခံထား၏။ သို့ဆိုလျှင် ယခုတွေ့ရှိလာသော အမျိုးသမီးမှာလည်း ပထမအမျိုးသမီးငယ်လို အသတ်ခံရခဲ့လေသလား၊ သို့ဆိုလျှင် ဘာကြောင့် လကီမှာ အပ်တန်းလန်းနှင့်ဖြစ်နေရသနည်း။

စဉ်းစားစရာမေးခွန်းတွေ တန်းစီလာ၏။

နောက်ဆုံးတွေ့ရှိသမျှ အကြောင်းအချက်အားလုံးကို အထက်သို့ အမြန်ဆုံး အစီရင်ခံစာတင်ရတော့မည်ဖြစ်ကြောင်း စဉ်းစားမိလိုက်၏။

ထို့ကြောင့်လည်း စခန်းဘက်သို့အမြန်ဆုံး ပြန်ခဲ့လေတော့၏။

*** ***



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

နယ်မြေမှူး ခင်မောင်စိုးမှာ ဒုရဲအုပ် ကျော်နိုင်ထံမှ သတင်းကြောင့် ကားတစ်စီးနှင့် ရောက်ရှိလာ၏။

ကျော်နိုင်သည် ဖြစ်ပျက်သမျှ အလုံးစုံသော အကြောင်းအရာတို့ကို ရှင်းပြခဲ့၏။ ခင်မောင်စိုးသည် အလောင်းထားရာသို့ လိုက်ခဲ့ပြီး အသေးစိတ်မေးလိုက်၏။ ထိုစဉ် ကျော်နိုင်က သက်သေခံပစ္စည်းဖြစ်သော ဖလင်လိပ်ကလေးကို ထုတ်ပြခဲ့၏။

'အတော့်ကို ထူးဆန်းတဲ့အမှုပဲ ကိုကျော်နိုင်'

'ဟုတ်တယ်. . ဆရာခင်မောင်. . . ကျွန်တော်ခုထိ လက်သည်ကို. . . လိုက်လို့မရသေးဘူးဗျာ'

'နေဦးဗျ. . ကျုပ်ဆီမှာ သတင်းတစ်ချို့ရထားတယ်ဗျ'

'ဟင်. . ဘာသတင်းလဲ ဆရာခင်မောင်'





www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဗျ'

နယ်မြေမှူး ခင်မောင်စိုးသည် သူ့ထံဝင်လာသော ပန်းနုက္ကန္ဒြေနှင့် တာရာဒေဝီတို့ ပျောက်ဆုံးသွားပုံသတင်းကို ကျော်နိုင်အား ပြောပြလိုက်၏။

'ဟင်. . ဘယ်လိုဖြစ်တာလဲ ဆရာခင်မောင်'

'အဲဒါပြောတာပေါ့ဗျာ. . စဉ်းစားစရာကောင်းတာက အခုဖြစ်တဲ့ ကိစ္စမှာ မိန်းကလေးတွေချည်းပဲဗျ၊ ပြီးတော့ အသက်နှစ်ဆယ် မကျော်သေးတဲ့ မိန်းကလေးတွေပဲ ဆိုတော့ အတော် စဉ်းစား စရာပဲ ဗျို့'

'အေးဗျာ. . ဒါဆို ဘယ်လိုလုပ်ကြမလဲ'

'ဟာ. . ဒီကိစ္စလျှို့ဝှက်ထောက်လှမ်းရေး အေးဂျင့်တို့ ကျွန်တော် ကိုယ်တိုင် အစီရင်ခံမယ်လေ'

'အကောင်းဆုံးပဲ ဆရာ ခင်မောင်စိုး. . အမှုက ကြီးထွားလာရင် မလွယ်ဘူး'

'အဲဒါပြောတာပေါ့. . လက်သည်ကို အမြန်ဆုံးဖော်နိုင်မှပဲ ဖြစ်မယ်'

'ကောင်းပြီလေ. . ဒါ ဆို ကျွန်တော်တို့လဲ တတပ်တအား ကူညီပါ့မယ်'

'ကဲ. . ခင်ဗျား ဖလင်လိပ်ကလေး ကျွန်တော်ယူသွားမယ်'

'ဟုတ်ကဲ့ ဆရာ ခင်မောင်'



www.burmeseclassic.com

www.burmeseclassic.com



နယ်မြေမှူးခင်မောင်စိုးသည် စခန်းထဲမှ ထွက်ခဲ့ကာ ဘချုပ် ရှိရာ လျှို့ဝှက်ထောက်လှမ်းရေး ဌာနချုပ်သို့ ကားမောင်းထွက်ခဲ့လေ၏။

ထိုအချိန်တွင် ဘချုပ်မှာ မဟော်ဂနီစားပွဲကြီးပေါ်တွင် အစီ ရင်ခံစာ ဖိုင်တွဲကြီးကို ဖွင့်ကာ သဲကြီးမဲကြီး ဖတ်နေချိန်ဖြစ်၏။

အမှုက စိတ်ဝင်စားစရာ ကောင်းလွန်းသဖြင့် လက်ထဲက ဆေးပြင်းလိပ်ကြီးပင် မီးသေနေ၏။ အစီရင်ခံစာအရဆိုလျှင် အမြ ဆုံး လက်သည်ပေါ်အောင် ရှာဖွေဖော်ထုတ်မှုဖြစ်ပေတော့မည်။

ထိုစဉ် ကျွိခနဲမြည်သံနှင့်အတူ ကျွန်းတံခါးပွင့်လာသဖြ ခေါင်းမော်ကြည့်လိုက်၏။

'ဟာ. . ဆရာခင်မောင်စိုးပါလား'

'ဟုတ်တယ်. . ဆရာကြီးဆီ မလာမဖြစ်တော့လို့ ကျွန်တေ အမြန်ဆုံးထွက်လာခဲ့တာပါ'

'ထိုင်ဗျာ. . ဘာတွေများဖြစ်နေလို့လဲဗျ'

ခင်မောင်စိုးသည် စားပွဲကြီးရှေ့ရှိ ထိုင်ခုံကလေးပေါ်တွ ဝင်၍ထိုင်လိုက်၏။ ထို့နောက် ဘချုပ်ကို တစ်ချက်လှမ်းကြည့်လိုက်

ထိုစဉ် ဘချုပ်သည် ဒီကရီထူထဲလှသော စာကြည့်မှ မှန်ကြီးကို ချွတ်ကာ စားပွဲပေါ်ချထားလိုက်၏။ ထို့နောက် လက် မှ ဆေးပြင်းလိပ်တိုကြီးကို ပါးစပ်တွင် တေ့လိုက်ပြီး စားပွဲပေ ကြေးဝါမီးခြစ်ကြီးယူကာ တချောက်ချောက်နှင့် မီးညှိလိုက်၏။





မီးညှိပြီးသွားသည်နှင့် ခင်မောင်စိုးကို မျက်လုံးလှန်၍ ကြည့်ကာ ပြောလိုက်၏။

'ကဲ. . ဆိုပါဦး ဆရာခင်မောင်စိုး'

'ဒီလိုပါ ဆရာ'

ခင်မောင်စိုးသည် သူ့ထံဝင်လာသော အမှုတွဲ အခြေအနေများကို အသေးစိတ် အစီရင်ခံလိုက်၏။ ထို့နောက် လက်ထဲတွင် သိမ်းဆည်းထားသော သက်သေခံမှတ်တမ်းဖိုင်နှင့် သက်သေခံ ပစ္စည်းများကို ပေးအပ်လိုက်၏။

ဘချုပ်သည် သူ့လက်ထဲရောက်လာသော သက်သေခံ မှတ်တမ်းဖိုင်ကို စားပွဲပေါ် တင်လိုက်ပြီး ဖလင်လိပ်ကလေးကို ကြည့်လိုက်၏။

ဖလင်လိပ်ကလေး၏ အရှည်မှာ တစ်လက်မခန့်ပင်ရှိ၏။ ပြီးတော့ ရရှိလာပုံကလည်း ထူးဆန်းလှသဖြင့် စိတ်ဝင်စားစရာ ကောင်းလှသော အမှုဟု မှတ်ချက်ပြုလိုက်၏။

ထို့နောက် နယ်မြေမှူး ခင်မောင်စိုးကို ကြည့်ကာ ပြောလိုက်၏။

'အင်း. . အမှုကတော့ အတော့်ကို ထိတ်လန့်စရာလဲကောင်းသလို ပဟေဠိလဲ ဆန်လွန်းတယ်ဗျ'

'ဟုတ်ပါတယ် ဆရာကြီး. . ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်များ အနေနဲ့လဲ. . အမှုကို ခြေရာခံနေဆဲပါ. . ဒါပေမယ့် ပိုပြီး ထိထိမိမိ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ လက်ရဖော်ထုတ်နိုင်ဖို့ အတွက် ဆရာကြီး ဆီကို အစီရင်ခံရတာပါပဲ'

'ဒါပေါ့ဗျာ. . ကျုပ်စဉ်းစားမိသလောက်ကတော့ ဒီအမှု ဟာ ရုပ်တန့်သွားလိမ့်မယ် မထင်ဘူးဗျ၊ ဖြစ်ပွားလာစရာအကြောင်းအရင်းတွေရှိနေတယ်၊ ပြီးတော့ ဟောဒီဖလင်လိပ်ကလေးရယ်၊ နောက်ပြီး ခင်ဗျားကို ကျွန်တော်လဲ ပြောစရာရှိတယ်ဗျ'

'ပြောပါ ဆရာကြီး'

ဘချုပ်သည် သူ့ရှေ့မှ ဖိုင်ကို ခင်မောင်စိုး ထံလှမ်းပေးရင်း. . . .

'ဒီလို ဆရာခင်မောင်စိုးရေ၊ ခင်ဗျား ဒီကို မလာခင် လွ ခဲ့တဲ့ နှစ်ရက်ခန့်ကပဲ ကျုပ် မိတ်ဆွေ ဦးထူးဝေမြင့်နဲ့ ဦးပန်းမော ဆိုတာ လာသွားတယ်ဗျ၊ သူတို့တတွေက ကုမ္ပဏီ အသီးသီးက ရိုက်တာကြီးတွေ ပေါ့ဗျာ. . . အဲဒီလူတွေဟာ ကျုပ်ဆီကို မျက် မျက်နှာပျက် နဲ့ ရောက်လာကြပြီး သူတို့ဒုက္ခတွေကို တင်ပြခဲ့တယ်လေ

'ဟင်. . ဘာတွေဖြစ်ကုန်လို့လဲ ဆရာကြီး'

'ခင်ဗျားဆီ ဝင်လာတဲ့ ရီပို့နဲ့ စပ်ဆိုင်တဲ့ ကိစ္စပေါ့ဗျာ'

'ဩော်'

'အဲဒီလူကြီးတွေရဲ့ သမီးတွေဟာ လွန်ခဲ့တဲ့ တစ်ပတ်က- မစ်အေရှပြိုင်ပွဲမှာ မစ်အေရှ အလှမယ်ဘွဲ့ရခဲ့တယ်၊ ကလေးမလေ တွေပေါ့ဗျာ. . အဲဒီ ပြိုင်ပွဲလဲ ပြီးရော ပျောက်ဆုံးသွားကြတယ်လေ





'ဩော်. . ဒါဆို ပန်းနုလွှာမြွေဆိုတဲ့ ကောင်မလေးနဲ့ တာရာ ဒေဝီဆိုတဲ့ ကောင်မလေးတွေပေါ့'

'ဟုတ်တယ် ဆရာခင်မောင်စိုး၊ ပြီးတော့ ဒုရဲအုပ်ဝေမြင့် ရဲ့အစီရင်ခံစာလဲ ကျွန်တော့်ဆီမှာ ရထားတယ်ဗျ'

'ဟုတ်လား. . ဒါဆို'

'အဲဒါပြောတာပေါ့ ဆရာခင်မောင်စိုး၊ အခုဆိုရင်. . အမျိုး သမီးနှစ်ယောက်ဟာ လက်သည်မပေါ်ပဲ အသတ်ခံရတယ်၊ နောက် အမျိုးသမီးကလေး တစ်ယောက်ရဲ့ သတင်းက ခုထိမကြားရသေးဘူး ဒီအကြောင်းအချက်တွေကို သုံးသပ်ရရင် အမှန်တွေထပ်ပြီး ပေါ်ပေါက်လာစရာရှိတယ်ဗျ'

'ဖြစ်နိုင်ပါတယ် ဆရာကြီး'

'ကဲ. . ကျုပ်တော့. . ဒီအမှုအကြောင်း လေ့လာမိသလောက် ပြောရရင်. . ဘိန်းဖြူကေ့စ်တွေနဲ့လဲ ဆက်နွယ်နေတယ်လို့ ထင်တာ ဒါကြောင့် ကျုပ်ကိုယ်တိုင် ကိုင်တွယ်ဖို့ ဆုံးဖြတ်လိုက်ပြီ'

'ဟာ. . ဝမ်းသာစရာပါပဲ ဆရာကြီးရယ်၊ ကျွန်တော်တို့လဲ တတ်နိုင်တဲ့ဘက်က ကူညီပါ့မယ်'

'အေးဗျာ. . အကူအညီလိုရင် တောင်းပါ့မယ်'

'ဟုတ်ကဲ့ ဆရာကြီး. . ဒါဆို ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး ကိစ္စရှိရင်လဲ ကျွန်တော့်ကို ခေါ်ပါ ဆရာကြီး၊ ကျွန်တော် အမြန်ဆုံး လာခဲ့ပါမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီ ဆရာခင်မောင်စိုး'

'ဒါဆို သွားဦးမယ် ဆရာကြီး'

နယ်မြေမှူး ခင်မောင်စိုးသည် ဘချုပ်ကို နှုတ်ဆက်ကာ အခန်းထဲမှ ထွက်ခွါသွား၏။ ဘချုပ်မှာ ခင်မောင်စိုး၏ ကျောပြင်ကို ငေးတေးတေးကြည့်ရင်း အတွေးကြွယ်နေခဲ့ရ၏။

အမှုက ရှင်းမလိုလိုနဲ့ ရှုပ်နေသော အမှု။ အမှုသွား၊ အ လာအရဆိုလျှင် အသတ်ခံရသည်မှာ ငယ်နုသော မိန်းကလေးဖြ ဖြစ်ကြပြီး၊ ဒုတိယ တွေ့ရှိခဲ့သော အမျိုးသမီးငယ်၏ အလောင်းမှ ထူးခြားလှ၏။

မျက်နှာပေါ်တွင် ခါးရာတွေနှင့် မွမ်းထားသလို၊ တစ်ဘက် လည်း လက်မောင်းတွင် ဘိန်းဖြူရည်ထိုးသွင်းခဲ့သော အပ်တန်းလ ကြီးနဲ့မို့ ဆန့်ကျင်ဘက် ဆန်လှသည့် အကြောင်းအရာနှစ်ခုကို ဆ စပ်ပြီး အဖြေရှာနေရသလိုဖြစ်၏။

ထို့ကြောင့် ဒုတိယရရှိထားသော အစီရင်ခံစာနှင့် သက်သေ ခံဓါတ်ပုံများကို အံဆွဲထဲမှ ထုတ်ကာကြည့်လိုက်၏။

မျက်နှာပေါ်မှ မွမ်းထားသော ဒဏ်ရာများကို ဖယ်လိုက်လျှ ပန်းနုကြွေဆိုသော အမျိုးသမီးကလေးမှလွဲ၍ တစ်ခြားသူ မဖြစ် ထိုကိစ္စနှင့် ပတ်သက်ပြီး ဦးထူးဝေမြင့်ကို အမြန်ဆုံး အကြောင်း ရန် စိတ်ကူးပေါ်လာ၏။ ထို့ကြောင့် ဆယ်လူလာထုတ်ခါ ဦးထူး မြင့်ပေးခဲ့သော ဖုန်းနံပါတ်အတိုင်း ကောက်နှိပ်လိုက်၏။





တအောင့်မျှ အကြာတွင် တဘက်မှ အသံပေါ်လာ၏။ ဘချုပ်သည် ဦးထူးဝေမြင့်ကို ဌာနချုပ်သို့ အမြန်ဆုံးလာရောက်ရန် ဖိတ်ခေါ်လိုက်၏။

စိတ်ထဲတွင် မပြောပြချင်သော်လည်း သိုဝှက်ထားလို့ မဖြစ် သေးချေ။ ပြောစရာရှိတာပြောပြီး သေဆုံးသူ မိန်းကလေး၏ နောက် ကြောင်းကို သုံးသပ်ရပေဦးမည်။ ထို့ကြောင့်လည်း ဦးထူးဝေမြင့်ကို အမြန်ဆုံးခေါ်ယူလိုက်ခြင်းဖြစ်၏။

တအောင့်မျှအကြာတွင် ဦးထူးဝေမြင့်တစ်ယောက် သူ့ ရုံးခန်းထဲသို့ အူရားဖားရားနှင့်ရောက်ရှိလာလေ၏။

စိုးရိမ်စိတ်တွေ ဝေဆိုင်းနေသော အသွင်အပြင်နှင့် ထိုင်ခုံ တွင် ထိုင်ရင်း ဘချုပ်ကို အမောတကောမေးလိုက်၏။

'သတင်းထူးလို့လား ဆရာကြီး'

'ကိစ္စတစ်ခုပေါ်ပေါက်လာလို့ပါ. . ဦးထူးဝေမြင့်'

'ဟင်. . ဘာကိစ္စလဲ ဆရာကြီး'

'ဒီလိုပါ ဦးထူးဝေမြင့်. . ဟောဒီ ဓါတ်ပုံကလေးကို ကြည့်ပါ ဦး၊ တစ်ခုတော့ ရှိတယ် ဦးထူးဝေမြင့်၊ စိတ်ကို အတတ်နိုင်ဆုံး ထိန်းချုပ်ထားပြီး ကြည့်ပေါ့ဗျာ'

'ဟင်'

ဦးထူးဝေမြင့်မှာ ဘချုပ်၏ စကားကြောင့် မျက်လုံးအပြူး သားဖြစ်သွား၏။ ဓါတ်ပုံကို တဆတ်ဆတ်တုန်ယင်နေသော လက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်တွယ်ရင်း စာကြည့်မျက်မှန်ကို တပ်၍ ကြည့်လိုက်၏။

ဦးဆုံးတော့ မှုန်တိမှုန်ဝါး။ ကြည့်ရင်းကြည့်ရင်းနှင့် စိတ်ထဲတွင် တင်းကြပ်လာ၏။ အမျိုးသမီးငယ်ကလေးတစ်ဦး၏ မျက်နှာ၊ ဆံနွယ်စများက မျက်နှာပေါ်တွင် ဝေ့ဝဲဖြာကျနေသော်လည်း ခြစ်ရာရှရာတွေက ပါးပြင်နှစ်ဘက်လုံး မွရှဖြစ်နေ၏။

ဦးထူးဝေမြင့်မှာ ဓါတ်ပုံကလေးကို ကြည့်ရင်း မျက်ရည်များပိုးပိုးပေါက်ပေါက်ကျလာ၏။

'ဟင်. . ဒါ. . ဒါ. . ကျွန်တော့် . . သ. . သမီးလေး ပန်းနုပါလားဗျာ. . ဘယ်. . ဘယ်လိုဖြစ်ကုန်ပြီလဲ. . ဒုက္ခပါပဲဗျာ'

'ဟုတ်ပါတယ်. . ဦးထူးဝေမြင့်. . ကျွန်တော်လဲ မပြောမဖြစ်လို့သာ ပြောရတာပါဗျာ. . ခုကိစ္စက ပိုပြီး နက်နဲလာသလိုပါပဲ'

'ဟင်. . သမီးလေး. . အဖြစ်က ဆိုးလှချည်လားဗျာ. . ပြောကြစမ်းပါဦး ဆရာကြီးရယ်. . တယ်လိုများ ဖြစ်တာလဲဟင်'

'ဒီလိုပါ ဦးထူးဝေမြင့်'

ဘချုပ်သည် ဒုရဲအုပ်ဝေမြင့်၏ အစီရင်ခံစာပါ အကြောင်းအရာများကို အသေးစိတ်ရှင်းပြလိုက်၏။ ဦးထူးဝေမြင့်ခမျာ မျက်လုံးအပြူးသားဖြစ်နေ၏။ ဘချုပ်၏ စကားဆုံးသည်နှင့် မျက်ရည်တစမ်းစမ်းလုပ်ရင်း ပေါက်ကွဲစွာ ပြောလိုက်၏။

'မ. . မဖြစ်နိုင်ပါဘူး ဆရာကြီးရယ်၊ ကျွန်တော့်သမီးလေးဟာ ဘယ်တော့မှ ဘိန်းဖြူမထိုးပါဘူးဗျာ၊ သူဟာ ကျန်းမာရေးကို





ဂရုစိုက်တယ်ဗျာ၊ သူ့ကိုယ်သူလဲ ဂရုစိုက်တယ်၊ ခုလို အမွေးသလို မွေးနေရတဲ့ ကလေးပါ၊ ခုဥစ္စာ သက်သက်မယ့် လုပ်ကြံတာပဲ ဖြစ်ရမယ်ဗျ'

'ဖြစ်နိုင်ပါတယ် ဦးထူးဝေမြင့်၊ ခုကိစ္စမှာလည်း ကျွန်တော်ဦးထူးဝေမြင့်ပြောသလိုပဲ ယူဆပါတယ်၊ ဒီကိစ္စကို ကျွန်တော်တို့ အချိန်ယူပြီး ထောက်လှမ်းရမှာပါ၊ ဦးထူးဝေမြင့်ကိုလဲ ကျွန်တော် အသိပေးပေမယ့် စိတ်မကောင်းပါဘူးဗျာ၊ ကျွန်တော်တို့ အမြန်ဆုံးဖော်ထုတ်ပါမယ်လို့လဲ ဂတိပြုပါတယ်၊ ခုတော့ ကျွန်တော့်ရဲ့ ကလေးတွေလဲ အရေးကြီးတဲ့ကိစ္စနဲ့ စစ်ဆင်ရေးသွားနေတာမို့ ခဏသည်းညည်းခံပါလို့ ပြောပါရစေ'

'ဟုတ်ကဲ့. . ကျွန်တော့်. . သမီးလေးကံဆိုးပါတယ်ဗျာ၊ ဘယ်သူကများ ယုတ်ယုတ်မာမာနဲ့ လုပ်ရက်ပါလိမ့်ဗျာ၊ တော်ကြာ ဖော်ထုတ်ရှင်းလိုက်ပါဘိ'

ဦးထူးဝေမြင့်မှာ ဒေါသထွက်နေသလို ကြေကွဲရိပ်တွေကလည်း မျက်ဝန်းအစုံတွင် ယှက်သန်းနေပေ၏။ ဘချုပ်မှာ ယခုလို နုနယ်လှပသည့် ပန်းနုကဲ့သို့ အမျိုးသမီးငယ်ကလေးများ ရက်ရက်စက်စက် လုပ်ကြံခံရသည်ကို တွေးရင်း တရားခံကို အမြန်ဆုံးဖော်ထုတ်နိုင်မှ ဖြစ်လိမ့်မည်ဟု တွေးမိ၏။

သို့သော် လက်ရုံးတစ်ဆူလို အားကိုးအားထားပြုနေရ သောစစ်ရန်နိုင်တို့ လူစုက ဌာနချုပ်တွင် မရှိ။ သူတို့အားလုံး စစ် ဆင်ရေးဆင်းနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စကလည်း အရေးကြီးလှသည်မို့ ဌာနချုပ်ကို ချက်ချင်းပြန်ခေါ်လို့မဖြစ်ပေ။

လောလောဆယ်အနေနှင့် စခန်းအားလုံးကို သတိဝီရိယဖြင့် အဆိုပါသတင်းနှင့် စပ်လျဉ်း၍ နားစွင့်ထားရန် နှိုးဆော်ထားလိုက်လေတော့၏။

ထိုအချိန်တွင် အရူးမီးဝိုင်းသလိုဖြစ်နေသည်မှာ ဦးပန်းမောင်ပင်ဖြစ်၏။ ဦးထူးဝေမြင့်ထံမှ ကြားလိုက်ရသော သတင်းက သူ့နှလုံးသားကို မိုးကြိုးပစ်ချလိုက်သလိုပင်။

ဇနီးသည် ဒေါ်မိုးဖြူကိုလည်း ပွင့်ပွင့်လင်းလင်းမပြောရဲသေး။ ဒေါ်မိုးဖြူမှာနှလုံးရောဂါအခံရှိသူမို့ ရောဂါပိုဆိုးသွားမှာဆိုးရ၏။

ထို့ကြောင့် စာကြည့်ခန်းထဲတွင် ငူငူကြီးထိုင်ရင်း သမီးလေးအကြောင်းကို တွေးနေမိ၏။ ဦးထူးဝေမြင့်၏ သမီးငယ် ပန်းနုကြေ လိုသာဖြစ်ခဲ့ပါမူ၊ သူ ဆက်ပြီး မစဉ်းစားရဲတော့။

အာခေါင်တွေ ခြောက်သွေ့လာသလို ခံစားလိုက်ရ၏။ စိတ်ကူးတွေ ဖရိုဖရဲဆန်သွား၏။ မျက်လုံးထဲတွင် သမီးကလေးတာရာဒေဝီ၏ အသွင်နှင့်အမူအရာတွေကိုသာ မြင်ယောင်နေမိ၏။

ရင်ထဲတွင် တိတ်တဆိတ် ဆုတောင်းနေမိ၏။ မခံမရပ်နိုင်သော ခံစားမှုများကြောင့် ခေါင်းတွေနောက်ကျိလာ၏။ ထို့ကြောင့် စာကြည့်အံဆွဲထဲမှ ဝီစကီအပြားကလေးကို ထုတ်ကာ တစ်ငုံမော့လိုက်ပြီး အိတ်ကပ်ထဲမှ မာဘိုရို ဖောက်ရင်း စီးကရက်တစ်လိပ်ကို မီးညှိ





ဖွာရှိုက်၏။

ထိုအချိန်တွင် သူလှုပ်ရှားမှု အစုံစုံကို တိတ်တခိုးအကဲခတ်နေသူမှာ ဒေါ်မိုးဖြူပင်ဖြစ်၏။ ခင်ပွန်းသည်၏ ဂဏှာမငြိမ်ဖြစ်နေသော အမူအရာကို ကြည့်ရင်း စိုးရိမ်စိတ်တွေ တင်းကြပ်လာ၏။

ထို့ကြောင့် ခင်ပွန်းသည်နားကပ်လာကာ တီးတိုးပြောလိုက်၏။

'ဒါလင်'

'ဟင်. . ဖြူပါလား မအိပ်သေးဘူးလား ဖြူရယ်'

'အို. . ဘယ်လိုအိပ်လို့ရမှာလဲ ဒါလင်ရယ်၊ သမီးကလေး ကိစ္စရှိသေးတယ်လေ'

'ဖြူကလဲကွာ၊ ကိုယ်အတတ်နိုင်ဆုံး ကြိုးပမ်းရှာဖွေပါမယ့် ဖြူသာ ကျန်းမာအောင်နေပါကွာ'

'စိတ်ချပါ ဒါလင်ရယ်. . ဖြူ နေလို့ကောင်းပါတယ်၊ ဒါထက် ဘာတွေ သတင်းထူးသေးလဲဟင်'

'မထူးသေးပါဘူး ဖြူရယ်'

ဦးပန်းမောင်၏ စကားကို ဒေါ်မိုးဖြူ မယုံ။ သူ့ မျက်လုံးတွေကို အကဲခတ်ရင်း ဒေါ်မိုးဖြူ ရင်တွေ တဒိတ်ဒိတ်ခုန်နေ၏။ ထို့ကြောင့် ခင်ပွန်းသည်ပခုံးကို ဖက်ရင်းတီးတိုးမေးလိုက်၏။

'ဒါလင်'

'ဘာလဲဖြူ'



www.burmeseclassic.com

www.burmeseclassic.com



'ဖြူကို. . အမှန်အတိုင်းပြောပါလား၊ သမီးလေး ဘာ
ဖြစ်နေပြီလဲဟင်'

'ဩော်. . ဖြူကလဲ. . ကိုယ့်ကို မယုံသလိုပါဘဲလား၊ စိတ်
ပါ ဖြူရယ်၊ ခုထိသတင်းမရသေးတာအမှန်ပါ. . ဖြူရယ်'

'အို. . အိမ်ထဲမှာချည်းပဲ ဘယ်လိုနေလို့ဖြစ်ပါ့မလဲ'

'မပူပါနဲ့ဖြူရယ်. . ကိုယ် ကိုယ်တိုင် ထောက်လှမ်းရေးအေး
ကိုပါ သတင်းပေးထားပါတယ် ဖြူရယ်'

'ကျွန်မက မွေးထုတ်ရတာပါ ဒါလင်ရယ်. . မပူနဲ့ဆိုပေမ
မိခင်ပဲ. . ဒါလင်ရယ်'

'ကိုယ်နားလည်ပါတယ် ဖြူရယ်. . ကဲ. . လာ. . လာ. ကို
မင်းကို ဆေးမတိုက်ရသေးဘူးလေ'

'ဆေးတောင် မသောက်ချင်တော့ဘူး'

'ဘယ်ဖြစ်မလဲဖြူရယ်. . ကဲလာပါကွယ်'

ဦးပန်းမောင်သည် ဇနီးကို ချော့မော့ကာ စာကြည့်ခန်းထဲ
ခေါ်ထုတ်ခဲ့ပြီး စိတ်ငြိမ်ဆေးနှင့် နှလုံးဆေးများကို တိုက်လိုက်
အိပ်ခန်းထဲ ကွဲပို့လိုက်၏။

စိတ်ထဲတွင်တော့ သမီးငယ်အတွက်ရော၊ ဇနီးအတွက်
ကြေကွဲ ဝမ်းနည်းနေသည်မှာ အမှန်ပင်ဖြစ်ပေသည်။

*** ***



BURMESE CLASSIC

## အခန်း(၆)

စစ်ရှန်နိုင်တို့၏ 'လက်ပွားစစ်ဆင်ရေး' က ယနေ့နိဂုံးချုပ်
တော့မည်ဖြစ်၏။ သူတို့ရောက်ရှိနေသည်မှာ ကြီးမားလှသော ပုဂ္ဂလိက
သံမဏိစက်ရုံဟောင်းကြီးတစ်ခုထဲတွင်ဖြစ်၏။

သတင်းကို အန္တခံခဲ့သည်မှာ သုံးပတ်ခန့်ပင် ကြာမြင့်ခဲ့ပြီး
ဖြစ်၏။ အဓိက သူတို့လိုချင်သည်မှာ 'ပင်လယ်ဖြူချေမှုန်းရေး'ပဲဖြစ်
သည်။

ပင်လယ်ဖြူဆိုသည်မှာ လျှို့ဝှက်နာမည်ဖြစ်ပြီး၊ တစ်နည်း
အားဖြင့် ဆိုရလျှင် တိုင်းပြည်နှင့်လူမျိုးကို ကောင်းကောင်းကြီးဒုက္ခပေး
နေသည့် နံပါတ်ဖိုးခေါ် ဟီးရိုးအင်းချေမှုန်းရေးပင်ဖြစ်၏။

သတင်းအရဆိုလျှင် ဤစက်ရုံဟောင်းကြီး၏ မြေအောက်
ခန်းတွင် ဘိန်းဖြူဂိုဏ်းကြီးနှစ်ဂိုဏ်းဆုံစည်းကာ ပစ္စည်းဖလှယ်ကြ



www.burmeseclassic.com

www.burmeseclassic.com

သိမ့်မည်ဟု သတင်းရထား၏။

သူတို့ဖမ်းမိခဲ့သည့် လူပုကလေးဘလန်တီနိုမှာ ပင်လယ်ဓားပြ တစ်ဦးဖြစ်ပြီး၊ ပင်လယ်ထဲတွင် မော်တော်ကိုယ်ပိုင်ရှိသူဖြစ်၏။

သူသည် ယင်းမော်တော်ဖြင့် သတင်းပေး၊ သတင်းယူလုပ် သလို ဟီးရိုးအင်းကဏ္ဍတွင်လည်း အခွင့်ရလျှင် ရောင်းဝယ်ဖောက် ကားတတ်သူဖြစ်၏။

အရပ်က လေးပင်ပင် မပြည့်ချင်သော်လည်း လုပ်သည့် အလုပ်က လူသားအားလုံးမျိုးပြုန်းနိုင်မည့် ကိစ္စဖြစ်၏။ ထို့ကြောင့် လည်း ဘလန်တီနို ဆိုသော လူပုကလေးကို အမိအရခြေရာခံခဲ့ရ၏။

စင်စစ် ဘလန်တီနိုက ကပြားတစ်ဦးဖြစ်ပြီး၊ မိဘများက ဘိုင်းတစ်ပါးတွင်ရှိ၏။ သူတွင်ငွေကြေးဥစ္စာတောင့်တင်းလှပြီး၊ အရပ်က လူစဉ်မမီသော်လည်း မိန်းမချောလေးတွေ ဝိုင်းဝိုင်းလည်နေသူဖြစ်၏။

ထို့ပြင် သူ့တွင် သက်တော်စောင့်များစွာ ထားရှိပြီး၊ သွား လေ့ရာ တရှုန်းရှုန်းဖြစ်နေတတ်၏။ တစ်ချိန်တွင် ပင်လယ်ထဲသို့ မော်တော်နှင့် ထွက်လာသည်ကို တွေ့လိုက်ရသဖြင့် စဝ်ရန်နိုင်တို့ လူ နောက်မှ ခြေရာခံခဲ့ကြ၏။

အားလုံး တံငါသည်ယောင်ဆောင်ကာ မော်တော်အိုကြီး တစ်စင်းနှင့် ဘလန်တီနို၏ မော်တော်နောက်သို့ လိုက်ခဲ့ရ၏။

ထိုစဉ် အသံဖမ်းစက်ထဲသို့ ဘလန်တီနို၏ အသံသေးသေး ကလေး ဝင်လာ၏။ စဝ်ရန်နိုင်သည် အသံဖမ်းစက်တွင် တပ်ဆင်





www.burmeseclassic.com

www.burmeseclassic.com



ထားသော အိုးယားဖုန်းကို နားကြပ်တွင် တပ်ပြီး ဘလန်တီနို၏ စကားကို ကြားဖြတ်နားထောင်ခဲ့၏။

ထိုအခါ သံမဏိစက်ရုံဟောင်းကြီးအတွင်း 'ဘလက်အင်ဗိုက်' ဟု လျှို့ဝှက်အမည်ပေးထားသော ဘိန်းဖြူဂိုဏ်းကြီး နှစ်ဂိုဏ်း အလဲအလှယ်လုပ်ကြမည်ကို သိလာခဲ့ရ၏။ သူပြောသမျှကို အချိန်ကအစမှတ်သားပြီး၊ ဘလန်တီနိုကို မော်တော်ပေါ်တက်ကာ အမိအရဖမ်းဆီးခဲ့၏။

ဦးဆုံးတော့ ဝနဲသားက ငြင်းချက်ပေး၏။ သို့ပေသည့် အသံဖမ်းစက်ဖွင့်ပြလိုက်သည့်အခါတွင် ခေါင်းငိုက်စိုက်ကျကာ ဝန်ခံခဲ့ရ၏။

ထိုအခါ ဘလန်တီနိုပြောပြလိုက်သော သံမဏိစက်ရုံဝင်းကြီး၏ မြေအောက်ခန်းသို့ စဝ်ရန်နိုင်တို့ လူစု စွန့်စွန့်စားစား ဝင်ခဲ့ကြပေ၏။

သို့ပေသည့် သူတို့ဝင်ရောက်စီးနင်းခဲ့သည့် အချိန်မှာ ဆယ့်ငါးမိနစ်ခန့် နောက်ကျသွားခဲ့၏။ သူတို့ရောက်ရှိသွားသည့်အချိန်တွင် မြေအောက်ခန်းမကြီးထဲတွင် သွေးရဲရဲ သံရဲရဲနှင့် အသက်ပျောက်နေသော လူငါးဦးကို တွေ့လိုက်ရ၏။

ကျည်ဆံခွံတွေကလည်း ပြန့်ကျဲနေ၏။ အခြေအနေက အုပ်စုချင်း ပြန်လည်တိုက်စစ်ဆင်သွားသည့်အသွင်အပြင်။

စဝ်ရန်နိုင်တို့ လူစုသေဆုံးနေသူများကို ဓါတ်ပုံရိုက်ယူလိုက်ပြီး သက်သေ အထောက်အထားများကို ရှာလိုက်၏။

❀ မိုးဆမ်းပန်းစာပေ ❀

www.burmeseclassic.com

www.burmeseclassic.com



သုံးသပ်ပြီးသမျှတော့ ပစ်ခတ်ပြီး ပြေးလွှားသွားကြပုံပင်။ မြေပြင်ပေါ်တွင် ခြေရာတွေ ရှုပ်ထွေးနေပြီး၊ သေဆုံးသူများမှာလည်း လမ်းမကြီးထောင့်ရှိ ဂိုဒေါင်ပျက်ကြီးများကြားတွင် ဖြစ်၏။

သူတို့လိုချင်သည်မှာ 'ကလက်ဂရုဒ်' ဟု အမည်ပေးထားသည့် ပင်လယ်ဘက်မှ ဝင်လာသော ဂိုဏ်း၏ ခြေရာပင်ဖြစ်သည်။ ထိုဂိုဏ်း၏ အခြေအနေကပေါ့သေးသေးမဟုတ်။ တိုင်းတစ်ပါးနှင့် ရေကြောင်း ခရီးမှ ဆက်သွယ်ကာ ဘိန်းဖြူများကို တင်သွင်းလာသည့် ဂိုဏ်းဖြစ်၏။

ဂိုဏ်း၏ သတင်းကို ကြားသိနေရသော်လည်း ဂိုဏ်းသားများကို အရှင်မမိသေး။ ထို့ကြောင့်လည်း လိုက်ရခက်နေခြင်းဖြစ်၏။ ထို့ပြင် သူတို့က လုံခြုံရေး ဝန်ထမ်းများကိုပင် အန္တရာယ်ပေးမည့်အနေအထားရှိနေသည်မို့ အမိအရဖမ်းလိုသော်လည်း ယခုအထိ လက်လွတ်နေ၏။

စဝ်ရန်နိုင်မှာ ထိုအခြေအနေကြောင့် ကြိတ်မနိုင်ခဲမရဖြစ်နေ၏။ သေဆုံးသူများကို တစ်ယောက်ချင်း အသေးစိတ်စစ်ဆေးကြည့်လိုက်ရာ၊ ထူးဆန်းလှသော အခြင်းအရာကို တွေ့လိုက်ရ၏။

ထိုအရာကား တစ်ခြားတော့ မဟုတ်ပါချေ။ သေဆုံးသူများ၏ ညာဘက်လက်တွင် ခေါင်းသုံးလုံး နဂါးရုပ်သေးသေးလေးကို တွေ့လိုက်ရခြင်းဖြစ်သည်။ ထို့အပြင် သေဆုံးသူတို့နှင့် ပတ်သက်သည်ဟု ယူဆရသော ဟစ်တာချီကေ့စ်သုံးလုံးကို ဟာလာဟင်းလင်းတွေ့လိုက်





ရ၏။

နောက်ဆုံး သူတို့လူစု သက်သေခံအထောက်အထားနှင့် သေဆုံးနေသူများကို သယ်ဆောင်ကာ ပြန်ခဲ့ကြ၏။ စဝ်ရန်နိုင်၏ စိတ်ထဲတွင်တော့ လိပ်ခဲတင်းတင်းဖြစ်နေ၏။

သတင်းအရ အမိအရလိုက်ခဲ့သော်လည်း အခြေအနေအားဘစ်ဘက်မှ လက်ဦးမှု ရယူသွားပြီမို့ မကျေမနပ်ဖြစ်မိတာ အမှန်ပင်။

ထို့ကြောင့် တွေ့ရှိသမျှ အရာအားလုံးနှင့် သေဆုံးသူများ၏ သတင်းကို ဘချုပ်ထံ အစီရင်ခံစာ တင်ပို့ရန်စီစဉ်လိုက်၏။

ထိုအချိန်အတွင်း သေဆုံးသူများ၏ နောက်ကြောင်းကို အမြန်ဆုံး ခြေရာကောက်လိုက်၏။

ဓါတ်ပုံရိုက်ပြီးသည်နှင့် ထွက်ရှိလာသည့် ဓါတ်ပုံများကို မှုခင်းဌာနဖွဲ့နှင့် ဆိုင်ရာစခန်းများကို ဖြန့်လိုက်၏။

ထို့နောက် လူဆိုးငါးဦး၏ အချက်အလက်များကို ကွန်ပျူတာထဲထည့်ကာ ဇစ်မြစ်ကို ဖွေရှာလိုက်၏။

ငါးဦးစလုံးမှာ ဘိန်းဖြူမှုနှင့် ထောင်မှ လွတ်လာကြသည့် ...ဂိုလ်များဖြစ်ပြီး ကိုယ်တိုင်လည်း ဘိန်းဖြူသုံးစွဲနေသည်ဟု သိရ၏။

သို့ဖြင့် သူတို့ငါးဦးစလုံးမှာ ကြေးစားများအသွင်နှင့် ...ရှားခဲ့ကြောင်း သိလာခဲ့ရ၏။ လိုချင်သည့် အချက်ထွက်မလာသဖြင့် ...ခဲ့ထားသော ဘလန်တီနိုကို စစ်မေးရပေဦးမည်။

ကိစ္စများအားလုံး ပြီးဆုံးသည်နှင့် အစီရင်ခံစာများနှင့် အတူ

www.burmeseclassic.com

www.burmeseclassic.com



ဘချုပ်ရှိရာ ဌာနချုပ်စခန်းသို့ ထွက်ခဲ့ကြ၏။

သူနှင့်အတူ မွေးကြီးနှင့် စိုင်းနွတ်တို့ပါ ပါလာ၏။ သူ သုံးဦးစလုံး၏ စိတ်ထဲတွင် မကျေမချမ်းစိတ်များ ပေါက်ကွဲနေ သုံးဦးစလုံး မှုန်မှုန်ကုပ်ကုပ်ဖြစ်နေကြ၏။

သူတို့အားလုံး ဘချုပ်ရှိရာ အခန်းထဲသို့ ဝင်ခဲ့ကြ၏။ ဘချု ကတော့ မျှော်လင့်နေသူမို့ စဝ်ရန်နိုင်တို့ လူစုကို မြင်သည်နှင့် ဝ သာအားရဖြစ်သွား၏။

'ဟာ.. သားတို့ ပြန်လာပြီလား'

'ဟုတ်ကဲ့...အဘ'

'ဘယ်လိုလဲ အဆင်ပြေကြရဲ့လား'

'နောက်ကျသွားတယ် အဘရေ'

'ဟင်.. ဘယ်လိုဖြစ်တာလဲကွ... ကဲ.. ထိုင်ကြပါဦးကွ'

'ဟုတ်ကဲ့'

သူတို့သုံးဦးစလုံး ဘချုပ်ရှေ့ရှိ ခုံများတွင် ဝင်၍ ထိုင်လို ကြ၏။ ဘချုပ်သည် တစ်ဦးချင်း မျက်နှာကို ကြည့်ရင်း အရေး ပုံ အကဲမလှလာကြောင်း တွက်မိ၏။

ထို့ကြောင့်လည်း အားပေးသော အပြုံးနှင့် ပြုံးကာ မေ လိုက်၏။

'ကဲ.. ဆိုပါဦးကွ.. ဘာတွေဖြစ်လာလို့လဲ'

'ဒီလို အဘ'



စဝ်ရန်နိုင်သည် လေသံအေးအေးနှင့် သူတို့ကြုံခဲ့ရသည့် အဖြစ်များကို ရှင်းပြလိုက်၏။

ဘချုပ်မှာ စဝ်ရန်နိုင် ပြောစကားကို နားစွင့်ရင်း ခေါင်းတညိတ်ညိတ်ဖြစ်နေ၏။ တအောင့်မျှအကြာတွင် စဝ်ရန်နိုင်၏ ပြောစကား အဆုံးသတ်သွားလေ၏။ ထိုအခါ ဘချုပ်သည် စဝ်ရန်နိုင်၏ စကားများကို ပြန်လည်သုံးသပ်ရင်းပြောလိုက်၏။

'အင်း... ဒီကိစ္စဟာ သွေးရိုးသားရိုးတော့ မဟုတ်နိုင်ဘူးကွ၊ ဖြစ်နိုင်ရင် မင်းတို့ ဖမ်းထားတဲ့ ဘလန်တီနီဆိုတဲ့ လူကို ပြန်စစ်ကွာ'

'ဟုတ်ကဲ့ အဘ'

'အေး.. နောက်တစ်ခုပြောချင်တာရှိသေးတယ်'

'ဘာများလဲ အဘ'

'ဒီလို သား'

ဘချုပ်သည် သူ့ထံသို့ ရောက်ရှိလာသည့် အစီရင်ခံစာနှင့် သက်သေခံပစ္စည်းများကို ထုတ်ကာ ပန်းနုက္ကန္ဒြေအမျိုးသမီးတစ်ဦး အသတ်ခံရပုံ၊ တာရာဒေဝီကို ခုထိရှာမတွေ့သေးပုံများကို ပြောပြလိုက်၏။

စဝ်ရန်နိုင်တို့ သုံးဦးမှာ အထက်ပါ စကားကို ကြားလိုက်ရသောအခါ ပို၍ စဉ်းစားရကြပ်လာ၏။ ထို့အပြင် ပို၍ထူးခြားသည်မှာ တာရာဒေဝီဆိုသော အမျိုးသမီးကလေး ပျောက်ဆုံးသွားမှုနှင့် စပ်လျဉ်းပြီး ရရှိလာသည့် အထောက်အထားလေးကိုစွပ်ငြိပြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စမှာ အခြားတော့ မဟုတ်ပါချေ။ ထောင့်စွန်းတွင် ...သုံးလုံးရေးထိုးထားသော မိန်းမကိုင် ပုဝါလေးပင်ဖြစ်၏။

စဝ်ရန်နိုင် ပုဝါလေးကို ဖြန့်ကြည့်ရင်း ပုဝါ၏ အနံ့အသ... ကို ရှူကြည့်လိုက်၏။

'အား.. ကော်ကော်ကြိုင်တဲ့ ပေါင်ဒါပေါ်ကား အကာ... မုတ်ကောင် အနံ့က မပြယ်ချင်သေးဘူး'

'ဟုတ်တယ်သား.. ဒါကြောင့်ပေးတွဲမှုပဲ ဖြစ်ရမယ်ကွ၊ ပြီးတော့ ပန်းနုတ္တာနွေဆိုတဲ့ ကောင်မလေးလို ဖြစ်လာမှာလဲ ဆိုးရတယ်ကွ၊ အ... သားတို့အနေနှင့် အမြန်ဆုံးလက်သည်ကို ဖော်ထုတ်ပေးစေချင်တ...

'ဟုတ်ကဲ့ အဘ.. ကျွန်တော်တို့ အတတ်နိုင်ဆုံး ကြိုး... ပါ့မယ်'

'အင်း.. ငါ့သားတွေကို ခိုင်းကာခိုင်းရတယ်ကွာ.. အား... လုပါပြီ၊ ဘာဖြစ်လို့လဲ ဆိုတော့ တစ်မှုက မပြတ်သေးဘူး၊ အခု... ကပေါ်လာပြန်ပြီဆိုတော့'

'ရပါတယ် အဘ.. ကျွန်တော်တို့ လူခွဲပြီး ဆောင်ရွက်ပါ့မ...

'အေး.. ဒါလဲ ကောင်းတာပဲ.. အကူအညီလိုရင် စခန်း... မှာ တောင်းပေါ့၊ အဘ အားလုံး ကွန်တက်လုပ်ထားပြီးပြီကွာ'

'ဒါဆိုကောင်းပါတယ် အဘ.. ဒါထက် ကျွန်တော် တ... သိချင်တယ် အဘ'

'ဘာများလဲ သားရဲ့'





'ဟို.. မစ်ဒေရှ ရွေးပွဲမှာ ခုဆို ပထမရော၊ ဒုတိယ အမျိုးသမီးကလေးပါ တစ်ဘက်ရန်သူရဲ့ ညွတ်ကွင်းထဲ ရောက်သွားပြီဆိုတော့ တတိယ မိန်းကလေးအတွက်..'

'အေး.. ဟုတ်ပါ့ကွာ.. အဲဒီအချက်က ပွိုင့်ပဲသားရဲ့.. ကဲ.. ဒါဆို ဘယ်လိုလုပ်ချင်သလဲပြော'

'ဖြစ်နိုင်ရင်.. အဲဒီ တတိယမိန်းကလေးရဲ့ ကိုယ်ရေးရာဇဝင်အကျဉ်းနှင့် သူ့အခြေအနေကို ကျွန်တော်တို့ သိချင်ပါတယ် အဘ ပြီးတော့ သူ့အနားမှာ အနီးကပ်စောင့်ကြည့်ရမယ်လို့ ထင်တာပဲ'

'အေး.. သား အကြံမဆိုးဘူး၊ ဒါဆို... အမြန်ဆုံး ဖြစ်အောင် အကောင်အထည်ဖော်မှပဲ'

'ဟုတ်တယ် အဘ.. အမှုက ထပ်ပြီးပေါ်ပေါက်လာနိုင်စရာ ရှိနေတယ် အဘ'

'ဟုတ်တယ်.. ဟုတ်တယ်.. အမြန်ဆုံး စီစဉ်မှပဲ.. ကဲ.. အဘလဲ တစ်ဘက်ကလူတွေကို သားတို့အဝင်အထွက်ကောင်းအောင် စီစဉ်ထားပါ့မယ်'

'ကျေးဇူးပါပဲ အဘ.. ဒါဆို ကျွန်တော်တို့ကို သွားခွင့်ပြုပါဦး'

'ကောင်းပြီလေ.. အကြောင်းထူးရင် မင်းတို့လည်း ဖုန်းဆက်ဆက်မပြတ်စေနဲ့'

'စိတ်ချပါ အဘ'



www.burmeseclassic.com

www.burmeseclassic.com



'ကဲ. . . ဒါဆို. . အဲဒီအချိန်က စပြီး လှုပ်ရှားကြပေတော့'
'ဟုတ်ကဲ့ အဘ'

စဝ်ရန်နိုင်တို့ သုံးဦး ဘချုပ်ကို နှုတ်ဆက်ပြီး အခန်းထဲမှ ထွက်ခွါသွား၏။ ဘချုပ်မှာ စဝ်ရန်နိုင်၏ ကျောပြင်ကိုကြည့်ရင်းပြုံး ဖွဲ့ဖွဲ့ဖြစ်သွား၏။

စဝ်ရန်နိုင်ကို ဘချုပ်ယုံကြည်၏။ အရာရာကို ရေဆုံးကမ်း သုံးလိုက်တတ်သည်။ စဝ်ရန်နိုင်၏ ဉာဉ်ကို ဘချုပ်လေးစား၏။

တာဝန်တစ်ခုပေးနေပြီဆိုလျှင်လည်း ဘယ်တော့မှ နောက်ဆုတ်သည်မရှိ။ တဘက်ရန်သူကို ဘယ်တော့မှ အထင်မသေးတတ်သို့ပေသည့် ကိုင်တွယ်ပြီဆိုလည်း တစ်ဘက်ရန်သူ ဝပ်သွားအောင် ကိုင်တွယ်တတ်သူဖြစ်၏။

ဒုစရိုက်လောကကလည်း စဝ်ရန်နိုင်ကို ဖိန့်ဖိန့် တုန်အောင်ကြောက်ကြ၏။ စဝ်ရန်နိုင် အမှုတစ်ခုကိုင်တွယ်လိုက်ပြီဆိုလျှင်လည်း ထိုအမှုနှင့် ပတ်သက်နေသည့် ဒုစရိုက်သမားအားလုံး ဘုရားတနေကြရ၏။

ဘချုပ်အနေနှင့် ဉာလက်ရုံးတစ်ဆူ အနေဖြင့် အားကိုးသည်မှာ ကြာမြင့်ခဲ့ချေပြီ။ ဘချုပ်က လူတစ်မျိုး။ ရဲဝင့်သော၊ စွန့်စားရဲသော စိတ်ကို နှစ်သက်သလိုလို ထိုအချင်းအရာများနှင့် ယှဉ်ပြိုင်ဆင်ခြင်တုံတရားပြည့်ဝသည့် လူမျိုးကိုမှ ဘချုပ်သဘောကျ၏။

အမိပ္ပါယ်မဲ့ စွန့်စားခြင်းကို ဘချုပ်မနှစ်မြို့။ စွန့်စားသည်





ရဲဝင့်သည်ဆိုသော စကားရပ်နှင့်အကူ လူမျိုးအတွက်၊ နိုင်ငံတော်အတွက်ပါ ယှဉ်တွဲပါဝင်ပေချင်၏။

ထို့ကြောင့်လည်း စဝ်ရန်နိုင်ဆိုသော သူ့ရဲကောင်းကို မွေးထုတ်ခဲ့ရခြင်းဖြစ်သည်။ စဝ်ရန်နိုင်၏ အိုင်ကျူက အဆင့်မြင့်အိုင်ကျူ လှုပ်ရှားပုံကလည်း သိမ်းငှက်ကြီးတစ်ကောင်အလားမို့ တော်ရုံတန်ရုံ ဒုစရိုက်သမားများမှာ ရဲရဲဝံ့ဝံ့မကျူးလွန်ရဲကြ။

ယခုလည်း ပဟေဠိဆန်လှသော အမှုကိစ္စပေါ်ပေါက်လာပြန်ချေပြီ။ ဘချုပ်၏ ရင်ထဲတွင် စဝ်ရန်နိုင်တို့ လူစု လိမ္မာပါးနပ်စွာ ဖြေရှင်းနိုင်လိမ့်မည်ဟု အယုံကြီးယုံထား၏။

ထို့ကြောင့်လည်း သူတို့သုံးဦးကို စိတ်ချလက်ချ လွှဲအပ်လိုက်ခြင်းဖြစ်၏။ သူတို့သုံးဦး ထွက်သွားသည်နှင့် ဘချုပ်တစ်ယောက် စီစဉ်စရာရှိသည်များကို ဆုယ်လူလာဖုန်းတစ်လုံးနှင့် စီစဉ်လိုက်၏။

အားလုံးကလည်း ဘချုပ်ဆိုလျှင် ဒုစရိုက်သားကောင်များကို အမြစ်ပါမကျန် ကုတ်တွယ်ချေမှုန်းပစ်မည့် လင်းယုန်ကြီး ဟု အသိအမှတ်ပြုထားကြ၏။

ထို့ကြောင့် သူ့ပြောသံမှာ အရာအားလုံး အဆင်ပြေချောမွေ့ခဲ့ရလေ၏။

*** ***

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၇)

'ဘယ်လိုလဲ စစ်. . . ဒီ ကေရီလေးတွေကိစ္စ မောင်ရင် ဘ လိုသုံးသပ်မိသလဲ'

'အင်း. . ကျွန်တော့်အထင်ပြောရရင်. . ဒီကိစ္စဟာ အ လေးသိမ်မွေ့သလို ကြောက်စရာလဲ ကောင်းလှတယ်လို့ ထင်တ မွှေးကြီး'

'ဟုတ်ပါ့'

'ဒီတော့. . . ဖြစ်နိုင်မယ့် အလားအလာတွေကို တွက် ရရင်. . ဒီလိုအမှုမျိုး နောက်ထပ် ဖြစ်ပေါ်စရာအကြောင်းရှိကို လိမ့်မယ်ဗျ'

'ဖြစ်နိုင်တယ်. . . စစ်. . ငါတို့ ဘာလုပ်ကြမလဲ'

'ဦးဆုံး ကျွန်တော် လုပ်ချင်တာကတော့. . . မွှေးကြီးနဲ့ စိုင်





တ် လူခွဲလိုက်ဖို့ပဲ'

'ပြောလေ ငါဘယ်ကိုလိုက်ရမလဲ'

'မွှေးကြီး အနေနဲ့ အလှမယ်ရွေးပွဲသတင်းတွေကို နားစွင့် နေသင့်တယ်. . ဖြစ်နိုင်ရင် အဲဒီရွေးပွဲတွေကို အရောက်သွားပြီး ခြုံရေး အရပါ စောင့်ရှောက်သင့်တယ်'

'စိတ်ချ စစ်. . ငါတာဝန်ထား'

'စိုင်းနွတ်'

'ပြော. . . . စစ်'

'မင်းကတော့ ခေါင်းသုံးလုံး နဂါးကို အမိလိုက်ဖို့လိုတယ်ကွ၊ နိုင်ရင် ပင်လယ်ဘက်က ဝင်လာတဲ့ ကိစ္စကို ခြေရာခံမိဖို့ပဲကွ'

'စိတ်ချပါ စစ်'

'ကောင်းပြီ. . ဒါဆို ငါတို့အားလုံး လူစုခွဲလိုက်စို့'

'ကောင်းပြီလေ'

မွှေးကြီးနှင့် စိုင်းနွတ်တို့ နှစ်ဦး စစ်ရန်နိုင်၏ စကားကို နား း ခေါင်းတညိတ်ညိတ်လုပ်နေကြ၏။ အမှုက လူခွဲမလိုက်လို့ သည့် အမှုမို့ စစ်ရန်နိုင် တစ်ယောက်၊ သူ့လူနှစ်ဦးအား တာ ပေးလိုက်၏။

ဝင်စစ် မွှေးကြီးနှင့် စိုင်းနွတ်တို့ နှစ်ဦးက စစ်ရန်နိုင်၏ ရှင်ဘက်၊ သို့တည်းမဟုတ် သံမဏိလက်တွဲဖော်တွေ ဖြစ်ပေ သို့ ကိစ္စများရှိလာပြီဆိုလျှင် ခေါင်းသုံးလုံးဆိုင်ပြီး အဖြေထုတ်



www.burmeseclassic.com

www.burmeseclassic.com



တတ်ကြ၏။

ယခုတော့ အားလုံးတာဝန်ကိုယ်စီယူပြီးခဲ့ကြပြီမို့ လိုအပ်သည့် ကိစ္စများကို စုံစမ်းခြေရာကောက်နိုင်ရန် ထွက်ခွါခဲ့ကြလေ၏။

စဝ်ရန်နိုင်သည် ယာမာဟာဆိုင်ကယ်ကြီးကို အဖော်လုပ်ပြီး မြို့ထဲဘက်သို့ ထွက်ခဲ့၏။ အချိန်အခါမှာ ညနေ နေဝင်ရီတရောအချိန် အခါမို့ သူဖြတ်သန်းမောင်းနှင်ခဲ့သည့် လမ်းမကြီးမှာလည်း မာကျူရီမီးရောင်များနှင့် တထိန်ထိန် တညီးညီးရှိနေ၏။

လမ်းမကြီးပေါ်တွင်လည်း ကားကြီးကားငယ် အသွယ်သွယ် တို့ဥဒဟို ဖြတ်သန်းနေ၏။ လမ်းမကြီး၏ တစ်ဘက်တစ်ချက်တွင်လည်း ဘဆောက်အဦးတွေက မိုးထိုးမတတ် မြင့်မားလှ၏။

အနီ၊ အပြာ၊ အဝါ အရောင်အသွေးစုံလင်လှသော လျှပ်စစ်မီးတွေကလည်း မြို့ပြ၏ အလှကို ရှုမငြီးအောင် မီးမောင်းထိုး ပြထားသလိုပင်. . . ။

ပလက်ဖောင်းပေါ်တွင်လည်း စားသောက်ဆိုင်များ၊ ဆေးလိပ် ရွက်ဖျပ်ထိုး ဈေးသည်များ၊ စားသောက်နေကြသော စားသုံးသူများ၊ ဟိုဟိုဒီဒီ သွားလာနေကြသော လူတန်းရှည်ကြီးများနှင့် ပြည့်ညပ်နေ ၏။

တစ်နေ့တစ်ခြား တိုးတက်လာသော မျက်မှောက်ခေတ် မြို့ပြ၏ စရိုက်ဓလေ့နှင့် လျော်ညီလှ၏။ တိုက်ကြီးများပေါ်တွင်လည်း





အင်တင်နာတိုင်များ၊ ဂြိုဟ်တုစလောင်းကြီးများက အဆောက်အဦး တိုင်းတွင် ထိုးထိုးထောင်ထောင်နှင့် တပ်ဆင်ထားကြ၏။

စဝ်ရန်နိုင်သည် မြို့ထဲရောက်သည်နှင့် ညဆည်းဆာဆိုသော အပန်းဖြေရိပ်သာထဲဝင်ခဲ့၏။ စားသောက်နေသူများကလည်း ဟိုတစ်စု၊ သည်တစ်စုနှင့် သောက်သုံးနေကြ၏။

စဝ်ရန်နိုင်သည် လူရှင်းသော စားပွဲတစ်ခုတွင် ဝင်၍ထိုင် လိုက်ကာ မန္တလေးဘီယာတစ်လုံးနှင့် အာလူးအခြောက်များ မှာယူ စားသောက်လိုက်၏။

ဆိုင်ထဲတွင် ဖွင့်ထားသော တီးလုံးကလေးကလည်း ငြိမ့် ငြောင်းလှ၏။ ဆိုင်ထဲတွင် သောက်သုံးနေကြသူများမှာလည်း အလွှာ အသီးသီးမှ ဖြစ်ပေရာ၊ ပြောသံဆိုသံသဲ့သဲ့ကို ကြားနေရ၏။

အမှန်မတော့ ညဆည်းဆာကိုအကြောင်းရှိ၍ လာခဲ့ရခြင်းဖြစ် ၏။ ဘလန်တီနိုကို ခြေရာခံမိခဲ့သည်မှာလည်း ညဆည်းဆာမှာပင် ဖြစ်၏။ ဒီဒေသလေးတွင် ဒုစရိုက်သမား အတော်များများဖြစ်သွား တတ်လာပြုနေကြသည်မို့ မျက်စိဖွင့် နားဖွင့်ကာ စောင့်ကြည့်ခဲ့၏။

စားပွဲထိုးလေးကလည်း သူ၏မိတ်ဆွေရင်းချာတစ်ဦးနှယ် ပင်။ သူလိုချင်သည့် သတင်းတွေကိုလည်း စုဆောင်းထားတတ်၏။ ယခုလည်း သူ့ရှေ့သို့ ပြုံးရွှင်သော အမူအရာနှင့် ရောက်ရှိလာ၏။

'ဟာ . . မျိုးတင့်ပါလားကွ'

'ဟုတ်ပါတယ် ဆရာ'



www.burmeseclassic.com

www.burmeseclassic.com



'ထိုင်လေကွာ. . ဘာသတင်းတွေ ထူးသေးလဲဟေ့'

'ပြောပါ့မယ် ဆရာ'

မျိုးတင့်သည် ခုံအလွတ်တွင် ဝင်ထိုင်ရင်း သူကြားသိသမျှကို ဖောက်သည်ချနေ၏။ မရေရာသော သတင်းရှိသလို၊ လိုချင်သည့်သတင်းလဲ သူ့ဆီမှ ရနိုင်ပေရာ၊ စပ်ရန်နိုင် တစ်ယောက် မျိုးတင့်ပြောသမျှကို စိတ်ဝင်တစား နားထောင်နေ၏။

'ဆရာ'

'ဘာလဲ မျိုးတင့်'

'ဟို. . သီးသန့်ခန်းထဲမှာ ထူးခြားတဲ့လူတွေရောက်နေတယ် ဆရာရဲ့'

'ဟော်. . ဘယ်သူတွေလဲကွ'

'ဩော်. . ကျွန်တော့်အထင်ပြောရရင်. . ဒီလူတွေ တစ်ခုခု စီစဉ်နေပုံပဲဗျ'

'ပြောစမ်းပါဦးကွ. . ဘယ်သူတွေများလဲ'

'စိုးမိုးဆိုတဲ့လူလေ ဆရာရဲ့. . တစ်ခါ. . . ဆရာကိုယ်တိုင် နှိပ်ကွပ်လို့ ထောင်ထဲရောက်သွားခဲ့တာလေ'

'ဩော်. . သိပြီကွ. . . ဒီကောင်က အဖြူလိုင်းကလေကွာ. . အခုအဲဒီအခန်းထဲမှာ ရှိသလား'

'ရှိတယ် ဆရာ. . . သူတို့နဲ့အတူ လူမျိုးခြားနှစ်ဦးလဲ ပါတယ်'

'ဟင်. . ဘာတွေလဲကွ'





www.burmeseclassic.com

www.burmeseclassic.com



'အဲဒါပြောတာပေါ့ဆရာ. . . ကျွန်တော့်အမြင်ပြောရရင် တစ်ခုခုကို ကျူးလွန်မယ့်ပုံပဲ'

'ဟုတ်လား. . ဒါဆို ငါနဲ့ ထိပ်တိုက်တိုးလို့တော့ မဖြစ်သေးဘူးကွ. . ဒီတော့ မင်း ငါ့ကို တစ်ခုကူညီစမ်း'

'ပြောပါ ဆရာ'

'ဒီလို လုပ်ကွာ'

စဝ်ရန်နိုင်သည် သူပတ်ထားသော ရာဒိုလက်ပတ်နာရီ၏အိမ်ထဲမှ မဂ္ဂနက်တစ်ပါ လေးထောင့်ပလက်တီနမ် ပြားလေးကို ထုတ်လိုက်၏။ အရွယ်အစားမှာ လက်သည်းခွံခန့်ပင်ရှိ၏။

'ကဲ. . . ဟောဒီဟာလေးကို သူတို့စားပွဲတစ်နေရာရာမှာ ရအောင်ထားစမ်းကွ'

'ဟုတ်ကဲ့ ဆရာ'

စဝ်ရန်နိုင်သည် မျိုးတင့်ကို စက်ဖွင့်ပုံဖွင့်နည်း ရှင်းပြကာလွှတ်လိုက်၏။ ချာတိတ်က အလွန်သွက်လက်ချက်ချာလှသည့် ချာတိတ်ပင်။ သီးသန့်ခန်းထဲသို့ ဝင်သွားပြီး ငါးမိနစ်ခန့်အကြာတွင် ပြန်ထွက်လာ၏။ သူ့ကိုတွေ့သည်နှင့် လက်မထောင်ပြီး ပြုံးပြလိုက်၏။ အလွန်ပင် စိတ်ချရသော လူငယ်မို့ စဝ်ရန်နိုင်က ခေါင်းညိတ်ပြီး ချီးမွမ်းလိုက်၏။

ပြီးသည်နှင့် စားသောက်ခန်းမထဲမှ ထွက်ခဲ့ကာ အပြင်ဘက်တွင် ရပ်ထားသော ဆိုင်ကယ်ပေါ် ထိုင်ရင်း အသံဖမ်းစက်ကို ဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး နားထောင်လိုက်၏။

'သေချာလား ဇော်ခိုင်'

'သေချာပါတယ်. . . အာစရိရာ'

'ဒါဆို. . . ဒီပုဂ္ဂိုလ်ကြီးနှစ်ယောက်ကို မင်းခေါ်ထုတ်သွား

'ဟုတ်ကဲ့. . အာစရိ'

'ဟေ့ကောင်. . . ဇော်ခိုင်'

'ဗျာ. . . အာစရိ. . သတိလဲထားဦးဟေ့. . . ဒီတစ်ဝိုက် ကျားတွေရှိတယ်ကွ၊ မင်းလူတွေနဲ့ အပေးအယူကို မြစ်ဆိပ်မှာပဲ ကြတာကောင်းတယ်၊ ဖြစ်နိုင်ရန် မော်တော်စင်းလုံးငှားလိုက်ကွာ ငါ မကြာခင် ရောက်လာခဲ့မယ်'

'ကောင်းပြီ အာစရိ. . ဒါဆို သူတို့ကို ကျွန်တော် ခေါ် မယ်'

'အိုကေ ပိရိပါစေနော်. . . ပစ္စည်းက များတယ်ကွ၊ ဒီ ခါ ငါဘော့စ်ကိုယ်တိုင် ငါ့ကို တာဝန်လွှဲထားတာဆိုတော့. . ထားမှဟေ့'

'စိတ်ချပါ အာစရိ'

'အဲဒါဆိုသွားပေတော့'

နားထဲတွင် စိုးမိုးတို့လူစု အချိန်းအချက်လုပ်နေသော များကို အတိုင်းသားကြားနေရ၏။ သူတို့အုပ်စု စကားဆုံးသွား နှင့် အသံဖမ်းစက်ကို ပိတ်လိုက်ပြီး၊ ဘောင်းဘီအိတ်ထဲထည့်လိုက်





နောက် နေကာမျက်မှန်တစ်လက်တပ်လိုက်ပြီး၊ ဆိုင်ကယ်ပေါ်မှ ဆိုင်ကာ 'ညဆည်းဆာ'၏ ထွက်ပေါက်ကို ငေးကြည့်နေလိုက်၏။

ငါးမိနစ်ခန့်အကြာတွင် လူမျိုးခြားနှစ်ဦးနှင့် ဇော်ခိုင်ဆိုသူ ထွက်လာတာ တွေ့လိုက်ရပြီး၊ သူတို့လူစုသည် ဆိုင်အပြင်ရောက် သည်နှင့် ဟိုဟိုဒီဒီ အကဲခတ်နေကြ၏။

စဝ်ရန်နိုင်သည် ဟဲလ်မက်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းပြီး အခြေအနေကို အကဲခတ်လိုက်၏။ ဇော်ခိုင်တို့လူစုသည် သံသယ င်းသွားသည်နှင့် အဆောက်အအုံရှေ့တွင် ရပ်ထားသော မာစီဒီး အဖြူကြီးပေါ်တက်ကာ ဝေါခနဲ မောင်းထွက်သွားလေ၏။

စဝ်ရန်နိုင်သည် နံပါတ်နှင့်အချိန်ကို မှတ်လိုက်ပြီး ဆိပ်ကမ်း ချုံရေး စခန်းကို စောင့်ကြည့်ထားဖို့ သတင်းပေးလိုက်၏။

ဆယ့်ငါးမိနစ်ခန့်အကြာတွင် စိုးမိုးထွက်လာ၏။ အနက် ရောင် အနောက်တိုင်းကုတ်အကျႌနှင့် ဘောင်းဘီကို သပ်ရပ်စွာဝတ် ဆင်ထား၏။

လက်ထဲတွင်လည်း ဟစ်တာချီကေ့စ်ကို ကိုင်ထား၏။

အသွင်က လူကြီးလူကောင်းတစ်ဦးအသွင်နှယ်ပင်။

အပြင်ဘက်ရောက်သည်နှင့် အခြေအနေကို အကဲခတ်လိုက် အဖြူရောင် ဘလူးဘတ်ကားကြီးပေါ်တက်သွားသည်ကို တွေ့ လိုက်ရ၏။

ကားကြီးထွက်သွားသည်နှင့် သုံးမိနစ်ခန့်အကြာတွင် စဝ်ရန်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တစ်ယောက် ဆိုင်ကယ်စက်နှိုးကာ တဝေါဝေါနှင့် မျက်ခြေမပြတ် လိုက်ခဲ့လေ၏။

တဖြည်းဖြည်းနှင့် မြစ်ဆိပ်ဘက်သို့ ရောက်လာလေသည်။ မြစ်ဆိပ်တစ်လျှောက်တွင်တော့ လူသံသူသံမစဲသေး။ ကုန်တင်ကုန်ချ သမားတွေကလည်း အပြေးအလွှားနှင့် အလုပ်ရှုပ်နေကြ၏။

စဝ်ရန်နိုင်သည် ဆိုင်ကယ်ကို လုံခြုံရေးစခန်းဘက်သို့ ဦးတည်ခဲ့ပြီး၊ စခန်းရှေ့ရောက်သည်နှင့် ဝေါခနဲ ထိုးရပ်လိုက်၏။

စခန်းတာဝန်ခံ ဘဖေက သူ့ကိုမြင်သည်နှင့် အရိုအသေ ပေးကာ အခြေအနေကို အစီရင်ခံလိုက်၏။

'ဘယ်လိုလဲ ကိုဘဖေ'

'စိတ်ချပါ ဆရာစဝ်. . . ကျွန်တော့်လူတွေ လွှတ်ထား တယ်၊ ရဲတပ်ကြပ် စောမြင့် ကိုယ်တိုင် မော်တော်မောင်းထွက်သွား ပါတယ်'

'အိုကေ. . . ဒါဆိုတို့လဲ မော်တော်တစ်စီးနဲ့ လိုက်သွား အောင်'

'မင်း မအားရင်နေလေ'

'ဒါဆို. . ကျွန်တော့် တပည့်ထည့်လိုက်မယ်'

'အိုကေ'

စဝ်ရန်နိုင်သည် တာဝန်ခံဘဖေ၏ တပည့်ဖြစ်သူ ရဲသား လေး ကျော်ဇောနှင့် အတူ မော်တော်တစ်စီးဖြင့် မြစ်ပြင်ထဲထွက်ခဲ့၏။





ညချမ်းအချိန်အခါမို့ မြစ်ပြင်ပေါ်တွင် သင်္ဘောကြီးငယ် အသွားအလာကတော့ ရှင်းနေ၏။ ငါးဖမ်းလှေကလေးများသာ မီး ရောင်လဲ့လဲ့နှင့် သွားလာနေကြ၏။

ထိုအချိန်တွင် စဝ်ရန်နိုင်တို့ စီးနင်းလာသည့် လုံခြုံရေး မော်တော်ကလေးသည် မြစ်ကမ်းခြေအတိုင်း ဆန်တက်ခဲ့ပြီး၊ လိုချင် သည့် ပွိုင့်ရောက်မှ အစုန်မြောလိုက်ခဲ့၏။

'ဟို. . ဟိုမှာ မဟုတ်လား'

'ဟုတ်တယ် ဆရာ. . . အဲဒါဆရာ စောမြင့်မောင်းသွားတဲ့ မော်တော်ကြီးပဲ'

'အိုကေ. . . ဒါဆို အချက်ပေးလိုက်စမ်းကွာ'

'ဟုတ်ကဲ့ဆရာ'

ကျော်ဇောသည် မော်တော်အချက်မီးကို ဖွင့်ချည်ပိတ်ချည် ဖြင့် သုံးခါအချက်ပေးလိုက်ရာ၊ သူတို့နှင့် ခြောက်ဖာလုံ ခန့် ကွာဝေး သော မော်တော်ကြီးမှ မီးတစ်ချက် မှိတ်ပြလိုက်သည်ကို တွေ့လိုက်ရ ၏၊

'အဆက်အသွယ်ရပြီ ဆရာ'

'ဒါဆိုရင် မောင်းသာမောင်းကွာ. . . ဖြစ်နိုင်ရင်ယှဉ်ပြီး မောင်းဟော့. . ငါအဲဒီအပေါ်ရောက်အောင်သွားချင်တယ်ကွ'

'စိတ်ချပါဆရာ'

ကျော်ဇောသည် မော်တော်လီဗာကို သာသာထိုးထိုးတင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



စေဒ်အတိုင်းမျော၍ မောင်းခဲ့၏။

သို့နှင့် တဖြည်းဖြည်း စိုးမိုးတို့ စီးနင်းနေသော မော်တော်ကြီးအနားသို့ ဝါးနှစ်ရိုက်စာလှို့၍ ရောက်ရှိလာ၏။

ထိုအခါ စဝ်ရန်နိုင်သည် စခန်းမှူးဘဖေဆီမှ အသင့်ယူလာသောရေငုပ်ဝတ်စုံကို ဝတ်ပြီး၊ ရေထဲသို့ ဖျပ်ခနဲ ခုန်ချသွား၏။

မြစ်ရေမှာမှောင်နှင့်မည်းမည်း။ ထိုအခါ ရာဒိုနာရီမှ သေးငယ်သော မီးမောင်းကလေးကို ထွန်းကာ ရေအောက်မှ ကူးခပ်ခဲ့၏။

ထိုစဉ် တဝေါဝေါနှင့် လည်ပတ်နေသော မော်တော်ပန်ကာကို တွေ့လိုက်ရသဖြင့် ဖြည်းဖြည်းခြင်း ကူးခတ်ခဲ့ကာ မော်တော်ဝမ်းဗိုက်ကို ကုတ်တွယ်လိုက်၏။

ပြီးသည်နှင့် ရေစပ်သို့ မျောချထားသော တာရာကြိုးကို တွယ်ကာ ဖြည်းဖြည်းခြင်း တက်လိုက်၏။ သူရောက်ရှိနေသည့် နေရာမှာ မော်တော်အနောက်ဘက်တွင်ဖြစ်၏။

ကုန်းဘောင်ကို လွှားခနဲ ခုန်ကျော်ကာ ဝမ်းဗိုက်ထဲသို့ ခေါင်းငုံ့ဝင်လိုက်၏။ ထိုစဉ် စက်သံမှလွဲ၍ ဘာသံမျှ မကြားမိ။

စဝ်ရန်နိုင်သည် ခေါင်းကို ဖော်ကာ မော်တော်၏ ပထမထပ်ကို ကြည့်လိုက်၏။ ဒရိုင်ဘာစောမြင့်၏ ကျောပြင်ကိုမြင်လိုက်ရ၏။

ထိုစဉ် စောမြင့်က အနောက်ဘက်လှည့်လာသည်ကို မြင်လိုက်ရသဖြင့် အနီရောင်အချက်ပြမီးလေးဖြင့် အချက်ပေးလိုက်၏။

ထိုအခါ ဒရိုင်ဘာစောမြင့်က သူ့အောက်ကို လက်ညှိုးထိုးပြ





နေသဖြင့်၊ ပုန်းကွယ်နေရာမှ ခြေဖျားထောက်ထွက်ပြီး အောက်ထပ်အခန်းရှိရာသို့ ပြေးကပ်ခဲ့၏။

ခုထိတော့ ဘာသံမျှမကြားရသေး။ စဝ်ရန်နိုင်သည် ပိတ်ထားသော တံခါးကို ခါးကြားမှ ဓါးဖြင့် အသာကလော်လိုက်ကာ ချောင်းကြည့်လိုက်၏။

စိုးမိုးနှင့် လူသုံးဦး။

မီးရောင်အောက်ရှိ စားပွဲပေါ်တွင် ငွေတွေရေတွက်နေသည်ကိုတွေ့လိုက်ရ၏။ အခြေအနေက ရေကန်အသင့် ကြာအသင့်အခြေအနေ။

ထိုအခါ ခါးကြားမှ ဒဿမ သုံးဆယ့်ရှစ်ဘို့ကို ထုတ်ကိုင်လိုက်ပြီး တံခါးကို လူတစ်ကိုယ်စာ ဝင်သာအောင် ဆွဲ၍ ဖွင့်လိုက်၏။

အားလုံးကတော့ သူတို့ကိစ္စကို သူတို့ သဲကြီးမဲကြီး ဆောင်ရွက်နေကြဆဲ၊ စဝ်ရန်နိုင်သည် လက်ထဲမှ သေနတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး၊ သူတို့လူစုရှိရာသို့ ခြေဖျားထောက်၍ လျှောက်ခဲ့၏။ အားလုံးကတော့ လောဘရမက်ကဲ နေကြဆဲ။ ခေါင်းကြီးတွေငုံ့ကာ ငွေတွေရေတွက်နေ၏။

ထိုစဉ် စဝ်ရန်နိုင်၏ လက်ထဲမှ သေနတ်ပြောင်းက သူတို့၏ ကျောခိုင်းထားသော စိုးမိုး၏ နောက်စေ့ကိုဖျပ်ခနဲ ထောက်လိုက်၏။

'ဟေ့ကောင်. . မလှုပ်နဲ့နော်. . လှုပ်တာနဲ့ အသေပဲ'

www.burmeseclassic.com



'ဟင်'

'ဟာ'

'ဘယ်လိုဖြစ်တာလဲကွ'

အားလုံးကြက်သေသေနေကြ၏။ စိုးမိုးမှာ ပြူးပြူးပြဲပြဲနှင့် နောက်လှည့်ကြည့်ရင်း သူ့ကိုတွေ့လိုက်သည်နှင့် ပြူးပြူးပြဲပြဲဖြစ် သွား၏။

'ဟာ. . . စဝ်ရန်နိုင်'

'ဟုတ်တယ်. . . သူငယ်ချင်း. . မင်း မိတ်ဆွေဟောင်းလေ ကွာ. . . ရုတ်ရုတ်သဲသဲတော့ မလုပ်နဲ့ စိုးမိုး. . . ငါ့သေနတ်က လူ မရွေးဘူးနော်'

'မင်း. . .မင်း. . . ငါတို့ကို စောင့်ကြည့်'

'ဒါပေါ့ကွာ'

'တောက်'

စိုးမိုး အကြီးအကျယ် ဒေါသထွက်သွား၏။ ထိုစဉ် သူနှင့် မျက်နှာချင်းဆိုင်တွင် ရပ်နေသော နိုင်ငံခြားသားကြီးတစ်ဦးသည် စားပွဲပေါ်မှ အိတ်ကို ဆတ်ခနဲ ကောက်ယူလိုက်ရာ. . .

စဝ်ရန်နိုင်သည် လက်ထဲမှ ဆိုက်လင်စာတပ်ထားသော သေနတ်ခလုတ်ကို ပြောင်းမြှင့်ပြီး ပစ်ချလိုက်၏။

'ဖောက်'

'အိုး'





'ဟင်'

ကျည်ဆံက နိုင်ငံခြားသားကြီး၏ ညာဘက်နားရွက်ဘေးမှ ဝိုးခနဲ ဖြတ်ထွက်သွား၏။ စင်စစ် စဝ်ရန်နိုင်က ချောက်ပစ်လိုက်ခြင်း ဖြစ်၏။ ဖောက်ခနဲ မြည်သံနှင့်အတူ နိုင်ငံခြားသားကြီး၏ လက်မှ လည်း ဆတ်ခနဲ ရုတ်ကာ ထိုင်ခုံပေါ်တွင် ဝုန်းခနဲ ပြန်ထိုင်ကျသွား၏။

'ဝှစ်'

'ဖောင်း'

အိတ်ကြီးက စဝ်ရန်နိုင်ကို မထိ။ ထိုင်ခုံကို ဖောင်းခနဲနေ အောင် ရိုက်မိသွားသည်။ ထိုစဉ် စဝ်ရန်နိုင်က လက်ထဲမှ သေနတ် ဒင်နှင့် စိုးမိုးကို ဖြတ်ရိုက်ပစ်လိုက်၏။

'ဝှစ်'

'ဖောင်း'

'အောင်မယ်လေးဗျ'

'အားလုံးငြိမ်ငြိမ်သက်သက်နေနော်. . . မြင်တယ် မဟုတ် လား'

စဝ်ရန်နိုင်၏ လက်ထဲမှ သေနတ်ဒင်က စိုးမိုး၏ မျက်နှာ ကို ဖြတ်ရိုက်မိသွားပြီး ထိုင်ခုံမှာ ဝုန်းခနဲလဲကျသွား၏။

ထိုအခါ မောင်းခလုတ်ကို အားလုံးမျက်နှာဆီသို့ ဝေ့ချိန်ရင်း ပြောလိုက်လိုက်၏။

စိုးမိုးနှင့်ပါလာသော လူအားလုံးငြိမ်ကျသွား၏။ ထိုစဉ်



www.burmeseclassic.com

www.burmeseclassic.com



စဝ်ရန်နိုင်က စိုးမိုးကို သေနတ်နှင့် ထိုးချိန်ကာ မေးလိုက်၏။

'ပျော့ကောင် စိုးမိုး'

'ရှာ'

'ဘယ်မှာလဲ ပစ္စည်းတွေ'

'ဟို. . . ဟို. . '

'ပြောစမ်းကွာ'

စားပွဲပေါ်ကို မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်သော် ပစ္စည်းကို မမြင်ရ။ ပိုက်ဆံထုပ်ကြီး သုံးလေးထုပ်ကိုသာ တွေ့ရသဖြင့် လှမ်းမေးလိုက်၏။

စိုးမိုးသည် သူ့ကို မျက်နှာငယ်လေးနှင့် မော့ကြည့်ရင်း ထစ်ထစ်ငေါ့ငေါ့ ပြောလာ၏။

'ဟို. . ဟို. . မြစ်ထဲမှာပဲရှိ. . ရှိပါတယ် ဆရာ'

'ဒါဆိုထစမ်း'

ထိုအချိန်တွင် လုံခြုံရေး မော်တော်တစ်စီး သူတို့ဆီ ဦးတည်ကပ်လာပြီး လုံခြုံရေးအမှုထမ်းငါးဦး အပြေးဝင်လာ၏။

အားလုံးလက်နက်ကိုယ်စီနဲ့မို့ စိုးမိုးတို့လူစု တစ်ချက် ကလေးမျှပင် မလှုပ်ရှားရဲတော့။ နောက်ဆုံး အားလုံးကို လက်ထိပ်ခတ်လိုက်၏။

စဝ်ရန်နိုင်သည် စိုးမိုးကို အနည်းငယ်ခြိမ်းခြောက်ပြီး ပစ္စည်းများရှိနိုင်မည့် နေရာကို စစ်ဆေးလိုက်ရာ၊ မြစ်ပြင်တွင် ကျောက်ချရပ်နားနေသော လှေငယ်တစ်စင်းဆီသို့ ညွှန်ပြလိုက်၏။





ထိုအခါ လုံခြုံရေး မော်တော်နှင့် အတူ လှေငယ်ရှိရာသို့ မောင်းထွက်ခဲ့၏။ လှေပေါ်တွင် အစောင့်တစ်ဦးသာ တွေ့လိုက်ရသဖြင့် လက်ထိပ်ခတ်ဖမ်းဆီးပြီး ပစ္စည်းများကို ရှာဖွေလိုက်ရာ၊ လှေဝမ်းအောက်ဘက်တွင် ကြိုးနှင့် အသေအချာချည်နှောင်ထားသော ဘိန်းဖြူထုပ်များကို တွေ့လိုက်ရလေသည်။

✻✻✻ ✻✻✻



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

'သေချာရဲ့လား. . . စိုးမိုး'

'သေချာပါတယ် ဆရာရယ်. . ကျွန်တော် လိမ်မပြောပါဘူး ဗျာ'

'ကောင်းပြီလေ. . . မင်းပြောတဲ့ သတင်းမဟုတ်ရင်တော့ မလွယ်ဘူးသာမှတ်ပေတော့'

'ယုံပါ ဆရာရယ်. . . ကျွန်တော် တကယ်ပြောတာပါ'

'ဒါဆိုလဲပြီးရော'

စဝ်ရန်နိုင်သည် စိုးမိုးကို စစ်ပြီးသည်နှင့် စစ်ဆေးရေးခန်း ထဲမှ ထွက်ခဲ့၏။ စိုးမိုး၏ စကားက မယုံနိုင်စရာပင်။ သို့ပေသည့် သူကိုယ်တိုင်က အတည်ပေါက်ပြောနေပြီမို့ စဉ်းစားစရာ အကြောင်း





အရင်းဖြစ်လာ၏။

ထိုစဉ် သူကူးခဲ့သော ဖလင်နှင့် ဓါတ်ပုံရောက်ရှိလာသဖြင့် ယူကြည့်လိုက်၏။

'ဟင်'

မြင်ကွင်းကြောင့် သူအံ့အားသင့်သွား၏။ မြစ်ထဲမှ ဆယ်ယူ ရရှိခဲ့သော အမျိုးသမီးငယ်၏ အစာအိမ်ထဲမှ ဖလင်လိပ်ကလေးမှာ ထူးဆန်းလှသလို၊ အမှုအတွက်လည်း အထောက်အကူပေးသည့် သဘောသက်ရောက်နေ၏။

ဓါတ်ပုံထဲတွင် ကျောခိုင်းထားသော ကျစ်ဆံမြီးတစ်ချောင်း တည်းနှင့် လူဝကြီးတစ်ဦး။ လက်ထဲတွင်လည်း ကြာပွတ်ကြီးတစ်ချောင်း ကို ကိုင်ထား၏။ လူဝကြီး၏ ရှေ့တည့်တည့်တွင် အမျိုးသမီးတစ်ဦးကို ထုပ်တန်းတွင် ကြိုးနှင့်ချည်နှောင်ထားတာ တွေ့လိုက်ရ၏။

ထူးခြားသည်မှာ လူဝကြီး၏ ကျောပြင်တွင် ခေါင်းသုံးလုံးပါ သည့် နဂါးကြီးတစ်ကောင်ပုံကို ဆေးမှင်ကြောင်ထိုးထား၏။ ထုပ်တန်း တွင် ဆွဲထားသော အမျိုးသမီး၏ နောက်ဘက်ရှိ နံရံပေါ်တွင်လည်း ခေါင်းသုံးလုံးပုံ နဂါးရုပ်ကြီးကို အနီအပြာတွေနှင့် ရေးဆွဲထားတာ တွေ့လိုက်ရ၏။

နောက်တစ်ပုံမှာ စုလစ်မွန်းချွန်များနှင့် ရှေးဟောင်းအိမ်အို ကြီး တစ်အိမ်ဖြစ်ပြီး၊ နှစ်ထပ်ဆောက်လုပ်ထား၏။

ထူးခြားသည်မှာ မုတ်ဆိတ်မွေး၊ ပါးပြင်းမွေးများ ရှင်ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



အထိန့်ညည်းလျားလှသော လူကြီးတစ်ဦးက အိမ်ရှေ့ဆင်ဝင်အောက်တွင် ရပ်နေ၏။ ရုပ်အသွင်အပြင်မှာ မသဲကွဲချေ။ ထိုပုဂ္ဂိုလ်ကြီးဘေး သစ်ပင်ကြီးမှာ နဂါးခေါင်းသဖွယ်ညှပ်ထားသည်ကို ထူးထူးခြားခြား တွေ့လိုက်ရ၏။

နောက်ထပ် တစ်ပုံမှာ ပလပ်စတစ်အနက်ကြီးများဖြင့် ထုပ် ထားသော အထုပ်ကြီးများကို လူတစ်စု သယ်ဟုတ်နေသည့်ပုံ ဖြစ်၏။

ထူးခြားပြီး ပဟေဠိဆန်လွန်းလှသည့် ဓါတ်ပုံများမှ စား ပေါ်ဖြန့်ရင်း အသေးစိတ်ကပ်ကြည့်လိုက်၏။ ထိုစဉ် သူ့အနီးသို့ မွေး ကြီးရောက်လာ၏။

'ဘာတွေကြည့်နေတာလဲ စစ်ရဲ့'

'ဟို. . . ဓါတ်ပုံတွေပါကွာ'

'ဟုတ်လား. . ဘယ်ကပုံတွေလဲ'

'ဩော်. . . မြစ်ဆိပ်က သယ်လာတဲ့ အလောင်းထဲက ဖော ကူးထားတဲ့ ဓါတ်ပုံတွေလေ'

'ဟုတ်လား'

မွေးကြီးသည် ဓါတ်ပုံကို စိတ်ဝင်တစားကြည့်လိုက်၏။ ဦး မြင်လိုက်ရသော အခါ မျက်လုံးပြူးသွား၏။

'ဟာ. . ဒါ နှိပ်စက်နေတဲ့ပုံပါလား'

'ဟုတ်တယ် မွေးကြီး. . ဒီ သုံးပုံဟာ အဆက်အစပ်ရှိနေ





www.burmeseclassic.com

www.burmeseclassic.com



သချာတယ်'

'ဖြစ်နိုင်တယ် ခင်. . နေပါဦး အဲဒီ အမျိုးသမီးရဲ့ဝမ်းထဲကို ဘာလို့ ရောက်နေရတာလဲကွ'

မွှေးကြီးစကားကြောင့် စစ်ရန်နိုင် တအောင့်မျှ စဉ်းစားပြီး ပြောလိုက်၏။

'မဟုတ်မှလွဲရောဗျာ. . ကျွန်တော့် အထင်ပြောရရင် ဒီအမျိုး သမီးဟာ. . အဲဒီခေါင်းသုံးလုံးနဂါးဂိုဏ်းကို လျှို့ဝှက်ဓါတ်ပုံရိုက်နေ ဒုန်း မိသွားတာနဲ့ ဝမ်းထဲမြိုချလိုက်တာနဲ့တူတယ်'

'အေး. . ဟုတ်ပ'

'ဒါထက်. . . ကျွန်တော်တို့ အဲဒီအမျိုးသမီးကို ပလပ်စတစ် ဘာဂျယ်ရီ ကိုင်ခိုင်းပြီး ဓါတ်ပုံရိုက်ခိုင်းထားတာ ပြီးပြီလားမသိဘူး'

'အေး. . ငါလဲ မေ့နေတယ်ကွ'

'ဒါဆို. . ဖုန်းဆက်ပြီး မေးလိုက်ဦးမှပဲ'

စစ်ရန်နိုင်သည် ဆယ်လူလာဖုန်းနှင့် မှုခင်းဌာနကို ဖုန်းဆက် မေးလိုက်၏။ ပြီးသည်နှင့် မွှေးကြီးဘက်လှည့်ကာ. .

'ခုချက်ချင်းလာဖို့ ထပ်ပြောတာပဲ'

'ဟုတ်လား. . ဒါဆို အိုကေပေါ့. . အင်း. . ပြဿနာက အကြောင်းအရာနှစ်ရပ်ကို စုပြီး ဖြစ်လာတာဆိုတော့ အတော့်ကို စဉ်းစားရာပဲ မွှေးကြီးရေ'

'ဟုတ်ပါ့ကွာ'



www.burmeseclassic.com

www.burmeseclassic.com



'နောက်ပြီး စိုးမိုးပြောပြတဲ့ ကိစ္စကလဲ အံ့အားသင့်စရာပဲ'

'ဘာဖြစ်လို့လဲကွ'

'အင်း.. သူပြောပြတဲ့လူဟာ ကျွန်တော်တို့ လုံးလုံးထင်ရ စရာရှိတဲ့လူမဟုတ်ဘူးဗျ'

'ဟေ... ဘယ်လိုဖြစ်တာလဲကွ'

'အဲဒါ ပြောတာပေါ့ဗျာ.. ကဲ.. လောလောဆယ် ဟော ဓါတ်ပုံကိစ္စကို ခဏထားဦးမှ.. ဦးဆုံး ကျွန်တော် အပြင်သွားဦးမယ် မွေးကြီး'

'ငါပါ လိုက်ခဲ့ရမလား'

'နေခဲ့ပါ မွေးကြီး.. ကျွန်တော် ချက်ချင်းပြန်လာမှာပါ'

'ကောင်းပြီ.. ဒါဆိုလဲသွား.. သွား'

စဝ်ရန်နိုင်သည် စခန်းအပြင်ဘက်သို့ ထွက်ခဲ့ပြီး ယာမဟ ဆိုင်ကယ်စီးကာ စိုးမိုးပေးလိုက်သည့် သတင်းကိစ္စကို အကော အထည်ဖေါ်ရန် စကာင်လှုပ်ရှားလိုက်၏။

မြို့ပြင်ဘက်အရောက်တွင် ကြီးမားသော ခြံကြီးတစ်ခြံထဲ ကွေ့ဝင်ခဲ့၏။ ဆင်ဝင်အောက်ရောက်သည်နှင့် ဆိုင်ကယ် ရပ်လို ကာ အောက်သို့ ဆင်းခဲ့၏။

'ဟင်'

'ဪ.. ဘယ်သူများလဲလို့.. ဘချုပ်တို့ဆီသွားတုန်းက တွေ ခဲ့တဲ့ သူငယ်လေးပါလား'





ဟုတ်ပါတယ် ဦး'

စဝ်ရန်နိုင်သည် ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်သည်နှင့် ဆင်ဝင် နှေ့ မြက်ခင်းပြင်ပေါ်မှ အသံ့ကို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက် ရာ ဦးတိုးမော်ကို လက်တွန်းလှည်းလေးပေါ်တွင် တွေ့လိုက်ရ၏။

'တစ်ယောက်ထဲလား ဦး'

'အေးကွယ်.. ခြံဝင်းထဲ ဆင်းပြီး လေကောင်းလေသန့်ရှူနေ တာကွယ့်.. အိမ်ထဲမှာ နေရဖန်များလွန်းတော့ လူလဲ မွန်းကြပ် လှသကွယ့်၊ ကဲ.. ဒီကိုလာလေ.. သူငယ်ရဲ့'

'ဟုတ်ကဲ့ ဦးလေး'

စဝ်ရန်နိုင်သည် မြက်ခင်းပြင်ကို ဖြတ်ကာ ဦးတိုးမော် အနားသို့လျှောက်ခဲ့၏။ ဦးတိုးမော်၏ အသွင်က တကယ့် သူတော် ကောင်းအသွင်ပင်။ လက်ထဲတွင် ကြီးမားသော ပုတီးကြီးတစ်ကုံးကို လည်း တစ်ချောက်ချောက်နှင့် စိပ်နေ၏။

ပါးစပ်ကလည်း ပွစိပွစိလုပ်နေ၏။ စဝ်ရန်နိုင်သည် သူ့လက် တွန်းလှည်းဘေးရှိ ပလပ်စတစ်ထိုင်ခုံလေးပေါ်တွင် ဝင်၍ထိုင်လိုက် ၏။

'ဆိုပါဦး သူငယ်ရဲ့... ဦး ဘာကူညီရမလဲ'

'ဘာရယ်မဟုတ်ပါဘူး ဦး.. ဘက်ကို ကြုံလို့ဝင်လာတာ ပါ'

'ဪ.. ဒီလိုလား'



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦး စကားစမြည်ပြောဆိုနေကြစဉ်၊ ခြံထဲသို့ အ… သမီးငယ်ကလေးတစ်ဦးရောက်လာ၏။ အရွယ်က နှစ်ဆယ်ပင် … ပုံမပေါ်သေး။

အသားအရည်ကလည်း ဝါဂွမ်းလေးလို ဖြူနုနေ၏။ ပြေပြ… သော မဟာနဖူး၊ စင်းနေသော နှာတံလုံးလုံးကလေး မို့မို့အစ်အစ်… ပါးအစုံကြောင့် ပန်းနုရောင် နှင်းဆီငုံကလေးအလားပင်။

နှုတ်ခမ်းအစုံမှာလည်း နီထွေးအိတွဲနေ၏။ အရပ်အမော… မှာ ငါးပေငါးလက်မခန့်ရှိပြီး ဆံပင်ကလည်း ဒူးခေါင်းအထိ ရှည်လျာ… လှ၏။

မိုးပြာရောင် ဖဲသားဝမ်းဆက်ကို ဝတ်ဆင်ထားပြီး၊ လ… လျှောက်လာပုံမှာလည်း ဆင်မယဉ်သာ ခြေလှမ်းနှင့်မို့ မြင်သူ… ရင်ဖိုလောက်၏။

ရှိုက်ကြီးရှိုက်ငယ် အသွယ်သွယ်ကလည်း ရှာမှရှားလှ၏။

ပါးပါးလျလျနှင့် ခန္ဓာကိုယ်အချိုးအစားက အလွန်ပင်… ဖြစ်လှ၏။

အနားရောက်သည်နှင့် ဦးတိုးမော်၏ လက်တွန်းလှည်း… ကလေးနား ရပ်ကာ စဝ်ရန်နိုင်ကို တစ်ချက်မျက်လုံးစွေ၍ ကြည့်… ၏။

အကြည့်က သမင်ငယ်လေး၏ အကြည့်နှယ်ပင်။ ကြည်… ရွှန်းတောက်နေသော အကြည့်ကလေးတစ်စုံကြောင့် စဝ်ရန်နိုင် …





ရင်ဘလှုပ်လှုပ်နှင့် ခံစားလိုက်ရ၏။

ထိုစဉ် ဦးတိုးမော်က သူကလေးနှင့်က မိတ်ဆက်ပေးလိုက်၏။

'သူက ဦးရဲ့တူမလေးလေ. . နာမည်က သက်ဖူးငုံ'

'ဩော်. . ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ'

'ဟုတ်ကဲ့ရှင့်'

သက်ဖူးငုံ၏ အလှက ပြုံးရယ်လိုက်သောအခါ ကြောက်စရာ ကောင်းလွန်းလောက်အောင် ဖမ်းစားထားသည့်အလှဖြစ်နေ၏။ သူ့ကို မခို့တရို့ကြည့်ရင်း ရယ်မောလိုက်ပုံမှာ အသည်းယားစရာပင် ကောင်းလှ၏။ စဝ်ရန်နိုင်ပင် သူ့ကို ရဲရဲမကြည့်ဝံ့။

ထိုစဉ် ဦးတိုးမော်က စဝ်ရန်နိုင်၏ အမူအရာကို ကြည့်ရင်း တစ်စုံတစ်ရာကို တွေးမိသွားပုံရ၏။

'ပြောပါမောင်ရဲ့. . . ဘချုပ်က လွှတ်လိုက်တာလား'

'ဒီလိုပါ ဦး. . . . ကျွန်တော် ဦးနဲ့ ကိစ္စတစ်ခု ဆွေးနွေးချင်လို့ပါ ခင်ဗျာ'

'ဩော်. . စောစောက ပြောရောပေါ့ကွယ်'

ထိုအချိန်တွင် အမျိုးသမီးက စဝ်ရန်နိုင်ကို မျက်စောင်းတစ်ချက်လှမ်းထိုးရင် ဦးလေးဖြစ်သူကို ပြောလိုက်၏။

'လေးလေး. . အပြင်မှာအေးတယ်'

'ဩော်. . ဟုတ်သားပဲ၊ ဧည့်သည်နဲ့ စကားပြောကောင်းနေဘာနဲ့ မေ့သွားတယ်. . . ကဲ. . အထဲဝင်ပါ. . သူငယ်ရဲ့ ဦးလေးက



www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေး သိပ်မကောင်းဘူးကွယ့်. . အအေးထိပ်ခံရင်လဲ ရင်ထဲက အောင့်တက်လာတတ်လို့ကွယ်'

'ဪ. . ဒါဆိုလဲ. . ကျွန်တော် ပြန်ပါဦးမယ် ဦးလေး. . နောက်မှ ပဲ လာခဲ့ပါ့မယ်'

'အို. . . ပြန်တော့မလို့လား. . . အထဲဝင်ပါဆိုကွယ်'

'ရပါတယ် ဦးလေး. . . ဦးလေးလဲ နေကောင်းတာမဟုတ်တော့ ကျွန်တော် ပြန်ပါဦးမယ်'

'ကောင်းပါပြီကွယ်. . . နောက်လဲ လာပါဦး'

'ဟုတ်. . . ဟုတ်ကဲ့'

စစ်ရန်နိုင်သည် ဦးတိုးမော်ကို နှုတ်ဆက်ပြီး ခြံကြီးထဲမှ ထွက်ခဲ့၏။ အမှန်မတော့ ဦးတိုးမော်၏ အခြေအနေကို သိလိုသဖြင့် ဘချုပ်အရှိန်နှင့် ဖွက်ဝင်ရောက်ခဲ့ခြင်းဖြစ်၏။

သူ့အမြင်မတော့ ဦးတိုးမော်၏ အခြေအနေက ဒုက္ခိတအခြေအနေ။ အသွင်ကလည်း အမှန်တကယ် ရောဂါသည် အသွင်အပြင်ပေါက်နေ၏။ ထို့အပြင် ဦးတိုးမော်က နှယ်နှယ်ရရမဟုတ်။ လူမှုရေး ကိစ္စရပ်တွင် ရပ်သိရွာသိ ပုဂ္ဂိုလ်ကြီးဖြစ်၏။ ငွေကြေးဥစ္စာကလည်း ကျိကျိတက်ချမ်းသာလှပြီး၊ အလှူအတန်းတွေကိုလည်း ရက်ရက်ရောရောလှူတတ်၏။

သူ အဓိကထား၍ လှူတန်းသည်မှာလည်း မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများတွင်ဖြစ်၏။ ငွေကို ပုံအောပြီးလှူတတ်၏။





ပြီး သူကိုယ်တိုင်လည်း တက်တက်ကြွကြွ ပါဝင်သူဖြစ်နေ၏။

ထိုအကြောင်းများကြောင့်လည်း စစ်ရန်နိုင်တစ်ယောက်အား တုန့်အားနာဖြစ်ခဲ့၏။ မေးချင်သည့် မေးခွန်းကိုပင်မြိုချခဲ့ရ၏။

စိတ်ကူးထဲတွင် ဦးတိုးမော်အား စောင့်ကြည့်အကဲခတ်ရန်သာ ဆုံးဖြတ်ချက်ချလိုက်ပြီး မြို့ထဲဘက်သို့ထွက်ခဲ့၏။

မှုခင်းဘက်ဆိုင်ရာ ဓါတုဗေဒစမ်းသပ်ခန်းရှေ့ ရောက်သည်နှင့် ဆိုင်ကယ်ပေါ်မှ ဆင်းခဲ့ပြီး အဆောက်အအုံ၏ အပေါ်ဆုံးထပ်သို့ တက်ခဲ့၏။

တာဝန်ခံ မြင့်သူသည် သူ့ကို တွေ့တွေ့ခြင်း လျှို့ဝှက်အခန်းလေးထဲသို့ ခေါ်ဆောင်သွား၏။ အခန်းထဲရောက်သည်နှင့် ဆာဂျယ်ရီကိုင်ထားသော အမျိုးသမီးငယ်၏ အသွင်ကို မြင်လိုက်ရ၏။

ထိတ်လန့်စရာအသွင်ပြင်ဖြစ်သော်လည်း၊ လုပ်စရာရှိသည်များကို လုပ်ဆောင်ရမည်သာဖြစ်၍ မြင့်သူကိုမေးလိုက်၏။

'ဘယ်လိုလဲ ကိုမြင့်သူ'

'ဓါတ်ပုံရပြီလား'

'ဟုတ်ကဲ့ ဓါတ်ပုံရပြီ. . . ပြီးတော့ သူ့ရဲ့ ဘိုင်အိုဂရပ်ဖီပါပြီ ဆရာစစ်'

'အိုကေ. . ဒါဆို. . . ပြစမ်းပါဦး'

'ဟုတ်ကဲ့'

မြင့်သူသည် စားပွဲတစ်လုံး၏ အံဆွဲထဲမှ ဖိုင်တစ်ခုကို ဆွဲထုတ်



www.burmeseclassic.com

www.burmeseclassic.com



ခါ စဝ်ရန်နိုင်ကို ပေးလိုက်၏။

စဝ်ရန်နိုင်သည် ဖိုင်ကို ဖွင့်ပြီး ဖတ်ကြည့်လိုက်၏။

နာမည်က နှင်းဦးဝေ။

အရပ်အမောင်း ငါးပေ လေးလက်မ။

နေရပ်. . . .

ဝါသနာနှင့် ကျွမ်းကျင်မှု အပျော်တမ်း သတင်းထောက်။

ဖိုင်၏ ပထမအရွက်တွင် ဖော်ပြထားသည်ကို ဖတ်ရင်း စဉ်းစားမိသွား၏။ စင်စစ်မြစ်ထဲမှ ဆယ်ယူရရှိသော အမျိုးသမီး အမည်မှာ နှင်းဦးဝေဖြစ်ပြီး၊ ဝါသနာနှင့် ကျွမ်းကျင်မှုမှာ အပျော်တမ်း သတင်းထောက် ဖြစ်သည်ကို သိလိုက်ရသဖြင့် ရန်သူ၏ လျှို့ဝှက် ချက်ကို အမိအရ ထောက်လှမ်းနေစဉ် ယခုလို ခံလိုက်ရသည် စဝ်ရန်နိုင် တွက်မိ၏။

ဓါတ်ပုံထဲမှ ရုပ်အသွင်ကို ကြည့်တော့ နာတံပေါ်ပေါ် ရိုးလေးထောင့်၊ နှုတ်ခမ်းပါးပါးနှင့်မို့ အလုပ်တစ်ခုကို ပြတ်ပြတ် သား လုပ်မည့်ပုံပေါ်နေ၏။

ရဲရင့်ခြင်း၊ စွန့်စားလိုခြင်း စသည့် အရိပ်လက္ခဏာတွေ သူ့ မျက်နှာတွင် ထင်ဟပ်နေ၏။ စဝ်ရန်နိုင် နှင်းဦးဝေ၏ ဖိုင် အိတ်ကပ်ထဲ ထည့်လိုက်ပြီး မြင့်သူကို နှုတ်ဆက်ကာ နှင်းဦးဝေ ထိုင်သည့် နေရာသို့ အမြန်ဆုံးထွက်ခဲ့လေတော့၏။

လိပ်စာအရတော့ မြို့နှင့် နှစ်မိုင်ခန့်ဝေးလှ၏။ စဝ်ရန်





သည် ဆိုင်ကယ်ကို တစ်ကိုယ်တော် စီးရင်း နှင်းဦးဝေ နေထိုင်ရာ အိမ်ကလေးသို့ ရောက်ရှိလာ၏။

သီးပင်စားပင်နှင့် ကျယ်ဝန်းလှသော ခြံကလေးတစ်ခြံ၊ ခြံ အလယ်တွင် ပျဉ်ထောင်အိမ်ကလေးတစ်လုံးကို တွေ့လိုက်ရ၏။

ဆိုင်ကယ်ကို ခြံထဲသို့ ရှမောင်းဝင်ခဲ့ရာ၊ သစ်ပင်များကို ရေ ဖြန်းနေသော အသက်ငါးဆယ်အရွယ်ခန့်ရှိ အမျိုးသားကြီးတစ်ဦးကို တွေ့လိုက်ရသဖြင့် ဆိုင်ကယ်ထိုးရပ်လိုက်ပြီး အောက်သို့ ဆင်းလိုက်၏။

'ဘာကိစ္စလဲကွယ့်'

'ဩော်. . ကျွန်တော့် နာမည် စဝ်ရန်နိုင်ပါ၊ ထောက်လှမ်းရေး အေးဂျင့်ကပါ ဦး'

'ဟုတ်လား ဘာများ ကူညီရမလဲကွယ့်'

'ဟုတ်ကဲ့. . . ဦး. . ဟို. . နှင်းဦးဝေဆိုတာများ'

'ဩော်. . သမီးလေးကိုပြောတာလား. . မရှိဘူးကွယ့်... သူ က နယ်ထွက်နေတယ်လေ'

'ဗျာ'

စဝ်ရန်နိုင်မှာ တစ်ဖက်ပုဂ္ဂိုလ်ကြီး၏ စကားကြောင့် ကြောင် အမ်းအမ်းဖြစ်သွား၏။

'စိတ်မရှိပါနဲ့ ဦး. . ဦးက'

'ဩော်. . ဦးနာမည် ဦးစိုးရွှေပါ. . ဦးက နှင်းဦးဝေရဲ့ ဖခင် လေ. . အိမ်ပေါ်တက်ပါဦးလားကွယ့်'



www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ်'

'ဒါဆိုလဲ. . . . တိုတန်းလျားမှာထိုင်ပါဦး'

ပြောပြောဆိုဆိုနှင့် ဦးစိုးရွှေညွှန်ပြသော ခြံထောင့်က တန်းလျားပေါ်တွင် ထိုင်လိုက်၏။ ထိုအခါ အိတ်ကပ်ထဲမှ ဓါတ်ပုံကလေး ထုတ်ကာ ဦးစိုးရွှေကို ပြလိုက်၏။

'ဒါ. . မနှင်းဦးဝေရဲ့ ပုံပါနော် ဦး'

'ဟင်. . ဟုတ်တာပေါ့. . ဒါထက် နေဦး မောင်က ဘာကိစ္စရှိလို့လဲကွယ့်'

ဦးစိုးရွှေသည် စဝ်ရန်နိုင်ကို ကြည့်ရင်း ဆန်းစစ်လိုသော အသွင်နှင့် မေးလိုက်၏။

'ဒီလိုပါ ဦး. . ကျွန်တော် လိုက်နေတဲ့ အမှုအခင်းတစ်ခုမှာ မနှင်းဦးဝေရဲ့ ကိစ္စဝင်ရောက်ဆက်နွှယ်နေပါတယ်'

'ဟေ. . ဘယ်လိုဖြစ်တာလဲကွယ့်'

'ဒီလိုပါဦး. . . ကျွန်တော် အခုပြောတဲ့ကိစ္စနဲ့ ပတ်သက်လို့ ဘယ်လိုမှ သဘောမထားပါနဲ့'

'အို. . ပြောစမ်းပါကွယ်. . သမီးလေး ဘာတွေများဖြစ်နေလို့ တုန်းကွယ့်'

'ဒီလိုပါ ဦး'

စဝ်ရန်နိုင်သည် နှင်းဦးဝေနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းပြလိုက်၏။ ဦးစိုးရွှေမှာ မထင်မှတ်ထားသည့် ကိစ္စ





မို့ မျက်လုံးအပြူးသားဖြစ်နေ၏။

အသံတွေလည်း ကတုန်ကယင်ဖြစ်လာ၏။ သူ့ကို မှုန်မှုန်မှိုင်းမှိုင်းအကြည့်နှင့် ကြည့်ရင်း လေသံထစ်ထစ်ငေါ့ငေါ့နှင့် မေးလိုက်၏။

'ဟုတ်. . ဟုတ်ရဲ့လား မောင်ရင်ရယ်. . ကျုပ်ဖြင့် မောင်ရင်ပြောလာတဲ့စကား ယုံရအခက်ခက်ပါပဲကွယ်'

'ဟုတ်ပါတယ်. . . ကျွန်တော်တို့ သူ့အလောင်းကို မြစ်ထဲက ဆယ်ယူရရှိထားပါတယ်'

'အို. . ဒုက္ခပါပဲ. . ဘယ်လိုဖြစ်တာလဲ သမီးလေးရယ်'

'စိတ်မကောင်းပါဘူး. . ကျွန်တော့်အထင်ပြောရရင် သူဟာ ဒုစရိုက်မှု နယ်ပယ်ထဲကို မတော်တဆ ရောက်ရှိသွားတုန်း တစ်ဘက်ရန်သူက နှုတ်ပိတ်လိုက်တဲ့ သဘောနဲ့ လုပ်လိုက်တာ ဖြစ်ပါလိမ့်မယ်'

'အို. . . ဘုရား. . ဘုရား. . မယုံစရာတွေပါလား သမီးလေးရယ်'

ဦးစိုးရွှေမှာ မျက်ရည်လေးတစမ်းစမ်းနှင့် ဖြစ်နေ၏။ ထိုစဉ် စဝ်ရန်နိုင်သည် သူသိချင်သည့်အကြောင်းအရာကို အရဲစွန့်ပြီး မေးလိုက်၏။

'မေးရမှာတော့ အားနာပါတယ် ဦးရယ်. . ဟို. . နှင်းဦးဝေ နောက်ဆုံးအိမ်ကထွက်သွားတဲ့ အဖြစ်ကလေးများ ကျွန်တော့်ကို ပြောပြနိုင်မလားဟင်'



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို ဦးစိုးရွှေနားစွင့်ရင်း ခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြလိုက်၏။

'အင်း . . အဲဒီနေ့က သမီးရဲ့ သူငယ်ချင်းမလေးတစ်ယောက်ရောက်လာတယ်လေ'

'ဟုတ်လား . . ဘယ်သူတဲ့လဲ ဦးလေး'

'အင်း . . နာမည်ကတော့ . . ဟို ပန်းနာမည်လေးပဲကွယ့် နေဦးကွယ့် . . ဟို . . ဘာတဲ့ . . ဖူးငုံလား ပွင့်ငုံလား မသိပါဘူးကွယ်'

'ဪ . . သက်ဖူးငုံများလား ဦးလေး'

'အေး . . အေး . . အဲဒီနာမည်လေး မှန်တယ်ကွယ့်၊ ဟုတ်တယ် . . အဲဒီကလေးမက သိပ်ဓါတ်ပုံရိုက် ဝါသနာပါတာလေ . . အဲဒါ နှစ်ယောက်သား ပြည်ဘက်ကိုသွားမယ်လို့ ဦးကို ဖွင့်ပြောကြတယ် ဦးက စိတ်အရမ်းပူတာတယ်လေ . . တစ်နယ်တစ်ကျေးမို့ သမီးလေးကို မလွှတ်ချင်ပါဘူးကွယ်၊ ဒါပေမယ့် . . ဟိုကလေးမက အတင်း ထည့်လိုက်ပါဦးရယ် ပြောတာနဲ့ ထည့်လိုက်တာကွယ့်'

'ဪ . . ဒီလိုကိုး၊ ဒါဆို . . ကျွန်တော် တစ်ခုလောက် သိပါရစေ'

'ပြောပါကွယ် . . သမီးလေးကို ဘယ်သူကများ ရက်ရက်စက်စက် လုပ်သွားပါလိမ့်'

'ဒီလိုပါ ဦး . . . ကျွန်တော် သိချင်တာက နှင်းဦးဝေဟာ ဓါတ်ပုံသမား ဆိုတော့ သူ့မှာ ဓါတ်ပုံခန်းရှိမှာပေါ့နော်'





'ရှိတာပေါ့ကွယ်'

'ဒါဆို အဲဒီအခန်းထဲ လိုက်ကြည့်လို့ရမလား'

'လိုက်ခဲ့ပါကွယ်'

ပြောပြောဆိုဆိုနှင့် နှစ်ဦးသား အိမ်ပေါ်တက်ခဲ့ကြပြီး နှင်းဦးဝေ၏ ဓါတ်ပုံခန်းကလေးထဲ ဝင်မိကြ၏။

မီးအနီရောင်ကလေး ထွန်းထားသော အခန်းကလေးဖြစ်ပြီး [illegible]ထားသော ဓါတ်ပုံတွေကိုလည်း တို့လို့တွဲလောင်း ချိတ်ထား၏။

စဝ်ရန်နိုင်သည် အခန်းထဲတွင် မွှေနှောက်ရှာဖွေရင်း အံဆွဲထဲ[illegible] ဓါတ်ပုံသုံးပုံကိုရရှိလိုက်၏။

တစ်ပုံမှာ သက်ဖူးငုံ၏ ပုံကလေးဖြစ်ပြီး၊ သူတို့ခြံဝင်းထဲတွင် [illegible]က်ထားသည့်ပုံဖြစ်၏။ နောက်တစ်ပုံမှာ သက်ဖူးငုံနှင့် ဦးတိုးမော်တို့ [illegible]းအဖ တွဲ၍ ရိုက်ထားသောပုံဖြစ်၏။

နောက်ဆုံးပုံမှာ သက်ဖူးငုံကို ထိုင်လျက် အနေအထားနှင့် [illegible]ခန်းတစ်ခုထဲတွင် ရိုက်ထားသည့်ပုံဖြစ်၏။ ပုံကို အသေအချာ [illegible]ည့်ရင်း စဝ်ရန်နိုင် အတွက်စဉ်းစားစရာဖြစ်သွား၏။

ယင်းကား အခြားတော့မဟုတ်ပါချေ။ သက်ဖူးငုံ၏ ညာဘက် [illegible] လူမရှိသော လက်တွန်းလှည်းဘီးကလေးကို မြင်လိုက်ရခြင်းပင် [illegible]သည်။

အထက်ပါ ပုံသုံးပုံကို ဦးစိုးရွှေဆီမှ တောင်းယူလိုက်၏။ ဆို[illegible]က် ဦးစိုးရွှေအား ဝမ်းနည်းစကားပြောကာ ခြံထဲမှ ထွက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲတွင်တော့ အဆက်အစပ်ရှိသည့်အကြောင်းအရာ... လေးကို တွေးလိုက်ရသဖြင့် ဝမ်းသာအားရဖြစ်နေ၏။

ထိုအချိန်တွင် စဝ်ရန်နိုင်တစ်ယောက် သတိလစ်သွားသည်ဟုပဲ ဆိုရချေတော့မည်။ သူဆိုင်ကယ်တစ်စီးဖြင့် မောင်းထွက် သွား... သူ့ကို ကားလမ်းတစ်ဘက်မှ စောင့်ကြည့်နေသော လူတစ် စု... သူတို့သည် အနက်ရောင်ဆလွန်းကားကလေးပေါ်တွင် ထိုင်နေ... ဒရိုင်ဘာဘေးမှ ပုဂ္ဂိုလ်သည် မှန်ဘီလူးတစ်လက်နှင့် အလုပ်ရှုပ်နေ...

စဝ်ရန်နိုင်ခြံထဲမှ ထွက်သွားသည်ကို မြင်လိုက်သောအခါ ... လူများကို ကားစက်အတင်းနှိုးခိုင်းလိုက်ပြီး နောက်ယောင်ခံလိုက်... လေ၏။

စဝ်ရန်နိုင်ကတော့ ထိုအခြင်းအရာကို သတိမထားမိပေ... ကြောင့်လည်း မြို့အဝင်ရှိ 'ဇာလွှမ်း ဥယျာဉ်'မည်သော စားသော... ဆိုင်ကလေးထဲဝင်ခဲ့ပြီး သီးသန့်စားပွဲလေးဘေးတွင် ထိုင်လိုက်၏။

မန္တလေးဘီယာတစ်လုံးနှင့် ဆယ်လူလာဖုန်းကလေးကို ... ရင်း နံပါတ်ကလေးတွေကို တထောက်ထောက်နှိပ်လိုက်ပြီး အသံ... စွင့်လိုက်၏။

တစ်ဘက်မှ ချိုအီသော ဆည်းလည်းသံကလေးကို ကြား... သည်နှင့် စဝ်ရန်နိုင် ပြုံးပြီးမေးလိုက်၏။

'သက်ဖူးငုံလားဟင်'

'ဟုတ်ပါတယ်ရှင်. . . ဘာကိစ္စရှိလို့လဲဟင်'





'ဩော်. . ကိစ္စကတော့ တစ်ခြားမဟုတ်ပါဘူးဗျာ. . ဟို. . ...င်း ဦးဝေ ကိစ္စပါပဲ'

'ရှင်. . နှင်းဦးဝေ'

'ဟုတ်ပါတယ် ခင်ဗျ'

'အို. . ရှင်က ဘာလုပ်မလို့လဲ. . ရှင် ဘယ်သူလဲပြောစမ်း'

'ဟာ. . ဒေါသကြီးလှချည်လားဗျ. . . ကျွန်တော်က မသက်...ငုံကို မိတ်ဆွေသဘောနဲ့မေးတာပါ'

'အို. . ရှင်က ဘယ်သူလဲ. . ထောက်လှမ်းရေးကလား'

'မဟုတ်ရပါဘူးဗျာ. . ကျွန်တော်က. . နှင်းဦးဝေရဲ့ အစ်ကို ...အစ်ဝမ်းကွဲပါ၊ နယ်ကပါဗျာ. . ကျွန်တော်က ညီမလေးကို တွေ့ချင်လို့ ...န်းဆက်မေးမိတာပါ'

'အို. . သူ့အိမ်မှာ မေးပေါ့'

'ဟုတ်ကဲ့. . ဦးလေးစိုးရွှေပြောတော့ ခင်ဗျားနဲ့ ပါသွားတယ် ...ဆိုတာ ကြားလို့. . ခင်ဗျားတို့ ပြည်က ပြန်ရောက် မရောက် ဆက် ...ကြည့်တာပါဗျာ'

'ဩော်. . ဟုတ်လား'

သက်ဖူးငုံ၏ လေသံပျော့ပျောင်းသွား၏။ စဝ်ရန်နိုင်သည် ...ပြုံးစစလုပ်ရင်း ဆက်မေးလိုက်၏။

'အဲဒါ မေးမလို့ပါ. . မသက်ဖူးငုံရယ်. . သူဘာလို့မပြန့်...ဘာလဲဟင်'



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



'အို. . ကျွန်မနဲ့သူက. . ပြည်မှာ စိတ်ဆိုးပြီး. . ကျွန်မ ဦးဆုံး ပြန်ခဲ့တာရှင့်'

'ဟုတ်လား. . ဒါဆို. . . နှင်းဦးဝေက ဘယ်မှာကျန်ခဲ့ဟာလဲ ဟင်'

'ဟို. . . ရွှေဥယျာဉ်ဆိုတဲ့ တည်းခိုခန်းမှာ ကျန်ခဲ့တာပေါ့'

'ဪ. . မြစ်ဆိပ်ဘက်က တည်းခိုရိပ်သာကြီးလား'

'ဟုတ်တယ်'

'ဒါဆို ကျေးဇူးပါပဲ. . မသက်ဖူးငုံရယ်. . . ဟင်းဟင်း'

စစ်ရန်နိုင်သည် ဖုန်းကလေးကို ပြန်ပိတ်ပြီး အိတ်ထဲထည့် လိုက်၏။ သက်ဖူးငုံက အတိအလင်းပြင်းဆိုထားသည့် အသွင်ပင်။

ပဟေဠိဆန်လှသော ပုစ္ဆာတစ်ပုဒ်ကို တွက်ချက်စဉ်းစားနေ ရသလိုပင်။

နောက်ဆုံး စားပွဲပေါ်မှ ဘီယာတစ်ခွက်ကို ယူကာ မော့ သောက်လိုက်ပြီး၊ မာဘိုရိုတစ်လိပ် ဖွာရှိုက်လိုက်၏။

ထိုအချိန်တွင် စားသောက်ခန်းမထဲသို့ လူတစ်စုဝင်လာသည် ကို စစ်ရန်နိုင် သတိထားမိ၏။

အားလုံးငါးဦး။ ရှေ့ဆုံးမှ ဂင်တိုတိုနှင့်လူသည် သူ့ကို မှုန် တေတေနှင့် လှမ်းကြည့်သွား၏။

စစ်ရန်နိုင်သည် ဝင်လာသူ ငါးဦးစလုံးကို မသိမသာ ကြည့် လိုက်၏။ ရှေ့ကလူလေးဦးကို မမြင်ဖူးသော်လည်း၊ နောက်ဆုံး





ဝင်လာသူကို သတိထားမိလိုက်၏။

အရပ်မြင့်မြင့်၊ ခန္ဓာကိုယ်ထွားကြိုင်းကြိုင်းနှင့် လူတစ်ဦး။ ဆံပင်ကို နောက်လှန်ဖီးပြီး စုစည်းထား၏။ နှာတံက ချွန်မြပြီး ကြက် တူရွေးနှုတ်သီးလို ခပ်ကောက်ကောက်ကလေးဖြစ်နေ၏။

စစ်ရန်နိုင်သည် သူ့ကိုမြင်သည်နှင့် သတိရသွား၏။ သူ့နာ မည်ကို စစ်ရန်နိုင် အလွတ်ရနေ၏။

နာမည်က စောပါနောက်. . ထူးထူးဆန်းဆန်းနာမည်မို့ အမှတ်ရလွယ်၏။

ပြီး တစ်ချိန်က အဖြူလိုင်းသမား။ ဘာကြောင့် ယခုလို နေရာ တွင် တွေ့လိုက်ရသည်ကို စစ်ရန်နိုင် ချက်ချင်းစဉ်းစားရင်း ထိုင်ရာ မှ ဝုန်းခနဲ ထလိုက်၏။

ထို့နောက် ကျသင့်ငွေများကို စားပွဲပေါ်ပစ်တင်ပြီး စား သောက်ခန်းမကလေးထဲမှ ခပ်တည်တည်နှင့် ထွက်လာခဲ့၏။

သူ့လှုပ်ရှားမှုကြောင့် စောပါနောက်တို့ လူစုမှာ အူကြောင် ကြောင်ဖြစ်သွား၏။ ရုတ်တရက်မို့ ပြင်ဆင်ဟန့်တားချိန်မရလိုက်ပေ။

စစ်ရန်နိုင် ထွက်သွားပြီး ဆယ်မိနစ်ခန့်အကြာတွင် သူတို့ ငါးဦးစလုံး စားသောက်ခန်းမထဲမှ အမြန်ပြန်ထွက်ခဲ့ကြ၏။

အပြင်ရောက်တော့ စစ်ရန်နိုင်ရော၊ သူစီးနင်းလာသည့် ဆိုင် ကယ်ကိုပါ မတွေ့ရ။ ငါးယောက်စလုံး ဟိုဟိုဒီဒီနှင့် ပြူးပြူးပျာပျာဖြစ် နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် 'ဝေါခနဲ' မြည်သံကြီးနှင့်အတူ ဆိုင်ကယ်တစ်စီးသူတို့ရှေ့မှ ဖြတ်မောင်းသွား၏။ ရုတ်တရက် မိုးပေါ်မှကျလာသလိုပင် နောက်ကျောပြင်ကို ကြည့်ရင်း စဝ်ရန်နိုင် မှန်းသိသွားကြ၏။

ထိုအခါ စားသောက်ခန်းမ၏ လှေကားပေါ်မှ တဒိုင်းဒိုင်း ပြေးဆင်းလာကြပြီး ရပ်ထားသော ဆလွန်းကားပေါ် ခုန်တက်ကာ ဝေါခနဲ မောင်းထွက်ခဲ့ကြလေ၏။

စဝ်ရန်နိုင်သည် လီဗာကို ခပ်ပြင်းပြင်းတင်၍ မောင်းနှင်နေရာမှ နောက်သို့ ပြုံးစစနှင့် လှည့်ကြည့်လိုက်၏။

သူ့ကို စောင့်ကြည့်နေသော သူများဆိုတာ သေချာသွားခဲ့ပြီ။ ထိုအခါ လမ်းတစ်ဝက်အရောက်တွင် ဆိုင်ကယ်ကို ရှေ့လမ်းသွယ်ကလေးထဲ ကွေ့ဝင်လိုက်ပြီး၊ အရိပ်အာဝါသကောင်းလှသော သစ်ပင်ကြီးတစ်ပင်ကို ကွယ်၍ စောင့်ကြည့်လိုက်၏။

ထိုအချိန်တွင် သူ့နောက်မှ လိုက်လာသော ဆလွန်းကားအနက်ကလေးမှာ လမ်းချိုးထိပ်အရောက်တွင် 'ဝေါခနဲ ထိုးရပ်သွားကာ ကားပေါ်မှ လူငါးဦး အပြေးဆင်းလာသည်ကို တွေ့လိုက်ရ၏။

စဝ်ရန်နိုင်သည် ဆိုင်ကယ်ကို သစ်ပင်ကြီးအောက်တွင် ထောင်ထားလိုက်ပြီး၊ အပင်ကြီးနောက်ဘက်ရှိ ချုံစပ်ထဲသို့ ပြေးဝင်ခဲ့၏။

ထိုအချိန်တွင် ကားပေါ်မှ ဆင်းလာသူ ငါးဦးသည် လူစုခွဲကာ လမ်းကလေးထဲသို့ ခပ်သွက်သွက်ဝင်လာခဲ့ကြ၏။ လက်ထဲတွင်လည်း လက်နက်ကိုယ်စီကိုင်ဆွဲထားကြ၏။





စဝ်ရန်နိုင်သည် ချုံစပ်မှ ကွယ်ရင်း အခြေအနေကို စောင့်ကြည့်နေ၏။ ထိုအချိန်တွင် ဖျောက်ခနဲ သစ်ကိုင်းကျိုးသံကို ကြားလိုက်ရသဖြင့် ခါးကြားမှ သေနတ်ကို ဆွဲထုတ်ရင်း ရှေ့တွင်အုပ်မိုးနေသော သစ်ကိုင်းကို ဖယ်၍ကြည့်လိုက်၏။

သူ့နောက်ကို လျှောက်လာနေသော လူတစ်ဦး။ ခန္ဓာကိုယ်က ထွားထွားကြိုင်းကြိုင်း၊ လက်ထဲတွင်လည်း သေနတ်တစ်လက်ကိုင်ထား၏။ အနေအထားကို ကြည့်ရင်းစောင့်ဆိုင်းလိုက်၏။

ထိုစဉ် လူထွားကြီးသည် သူ့ကိုကျော်လွန်ပြီး ဖြတ်လျှောက်သွား၏။ ထိုအခါ နောက်မှ သေနတ်ဒင်ဖြင့် ဖြတ်၍ရိုက်ချလိုက်၏။

ဖောင်း ခနဲ မြည်သံနှင့်အတူ ရှေ့မှ လူထွားကြီးမှာ ယိုင်ထွက်သွား၏။ စဝ်ရန်နိုင်မှာ သူ့ လက်စလက်နကို ယုံပြီးသားဖြစ်သော်လည်း တစ်ဘက်ရန်သူ၏ ခံနိုင်ရည်ရှိမှုကို အံ့အားသင့်သွား၏။

လူထွားကြီးမှာ ခေါင်းကို ပွတ်သပ်ရင်း သူ့ဘက်လှည့်လာ၏။

'ဩော်. . မင်းကိုး'

'ရှေ့မတိုးနဲ့နော်'

စဝ်ရန်နိုင်သည် လက်ထဲမှ သေနတ်ကို မောင်းတင်၍ လူထွားကြီး၏ ရင်အုပ်တည့်တည့်ကို ချိန်ရွယ်လိုက်၏။

'ဟဲ. . ဟဲ. . မင်း သေနတ်က လူကို သေနိုင်လို့လားကွ'

'ဘာ. . ပစ်ထည့်လိုက်မှာနော်'

စဝ်ရန်နိုင် အံကို ကြိတ်ရင်း လူထွားကြီးကို ရှေ့မတိုးရန်



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှ သေနတ်နှင့် ဟန့်တားလိုက်၏။ သို့ပေသည့် လူထွားကြီး
မမှု။ ပြုံးစစနှင့် ပြောရင်း ရှေ့သို့ အတင်းတိုးလာကာ စံရန်နိုင်၏
သေနတ်ကိုင်ထားသော လက်ကို လျှင်မြန်စွာ ခုန်ကန်ထည့်လိုက်၏

'ယား'

'ဝှစ် . . ဒုတ်'

'ဟင်'

လက်ထဲက သေနတ်က ချုံစပ်ထဲလွင့်စင်သွား၏။ လက်
ခုလုံး ထုံကျင်သွား၏။ ထိုစဉ် လူထွားကြီးသည် သူ့အနားသို့ ရော
ရှိလာကာ ကြီးမားလှသည့် လက်သီးကြီးများနှင့် စံရန်နိုင်ကို
ထိုးလေတော့၏။

အံ့အားသင့်စရာကောင်းလှသည်မှာ လူထွားကြီးသည် လ
ထဲက သေနတ်ကို မသုံး၊ ခါးကြားမှာ ထိုးလိုက်ပြီး သူ့ကို ကျွဲရိုင်း
တစ်ကောင် ဝင်ခွေသလို အတင်းဝင်ရောက်ထိုးကြိတ်လာ၏။

လက်သီးတွေကလည်း အားပါလှသဖြင့်၊ လေထုကို ဖော
ပြီး တဝှစ်ဝှစ်မြည်နေ၏။ စံရန်နိုင်မှာ လူထွားကြီး၏ ထိုးနှက်
နည်းပေါင်းစုံနှင့် ရှောင်တိမ်းနေရ၏။ ထိုစဉ် တစ်ဘက်ချုံထဲမှ
သံကို ကြားလိုက်ရသဖြင့် စံရန်နိုင် စိတ်မရှည်နိုင်တော့။

ထို့ကြောင့် လူထွားကြီး၏ ထိုးချက်ကန်ချက်များကို အ
အလဲရှောင်ရင်း ချက်ကောင်းပွိုင့်ကို ခုန်၍ ထိထိမိမိကန်ထည့်လို

သူ ကန်ထည့်လိုက်သည့် နေရာမှာ တစ်ခြားနေရာ





မဟုတ်ပါချေ။ လူထွားကြီး၏ ပေါင်ဂွပင်ဖြစ်ပေရာ ထိထိမိမိကန်မိ
သွားသဖြင့် လူထွားကြီးမှာ အူးခနဲ အော်သံကြီးနှင့်အတူ ရှေ့သို့ ငိုင်
ကျလာ၏။ ထိုအခါ စံရန်နိုင်သည် လေထဲတွင် ခုန်ပျံကျော်ဟက်သွား
ကာ လူထွားကြီး၏ မျက်နှာကို သုံးလေးချက် ဆင့်၍ကန်ထည့်လိုက်၏။

တဖုံးဖုံးမြည်သံနှင့်အတူ လူထွားကြီးမှာ နောက်သို့ လန်ထွက်
သွား၏။ ထိုစဉ် ကျားခနဲ အော်သံကြီးနှင့်အတူ ချုံကြားထဲမှ ဂင်တိုတို
နှင့် လူတစ်ဦးခုန်ထွက်လာ၏။

လက်ထဲတွင် တစ်ပေကျော်ကျော်ခန့်ရှိသော ဓါးကြီးတစ်
ချောင်းကိုင်ထား၏။ စံရန်နိုင်သည် ဝင်လာသူကို အလစ်မပေးချေ။

လှစ်ခနဲ မြင်လိုက်သည်နှင့် နောက်ကို ခုန်ဆုတ်လိုက်ရ၏။
ဂင်တိုတိုနှင့် လူ၏ လက်ထဲမှ ဓါးမှာ လေကို ဝှီးခနဲ ခုတ်မိသွား၏။

ထိုစဉ်ခေါင်း ရှေ့သို့ ငိုက်စိုက်ဖြင့် ဟန်ချက်ပျက်နေသော
လူ၏ ဓါးကိုင်လက်ကို ဖြတ်ကန်ထည့်လိုက်၏။

'ဖြောင်း'

'အောင်မယ်လေးဗျ'

ငနဲသားမှာ စံရန်နိုင်၏ ပြင်းထန်သော ကန်ချက်ကြောင့်
လက်ထဲက ဓါးလွတ်သွားကာ ထိုင်လျက်ကျသွား၏။ ထိုအခါ တစ်ဟုန်
ထိုးခုန်ဝင်လာသော စံရန်နိုင်၏ တံတောင်ရိုက်ချက်က ငနဲသား၏
ခေါင်းတည့်တည့်သို့ ဒုတ်ခနဲ မြည်သံနှင့်အတူ ကျသွား၏။ ထိုအပြင်
စံရန်နိုင်၏ ညာဘက်ဒူးတိုက်ချက်ကလည်း ဂင်တိုတိုနှင့် ငနဲသား၏

www.burmeseclassic.com



မျက်နှာကို ဒုံးခနဲ တိုက်မိသွားရာ၊ ဂင်တိုတိုင်နဲ့သားမှာ တစ်ချက်က လေးပင် မထနိုင်နေတော့ပေ။

ထိုစဉ် ရှေ့တွင် လဲကျနေသော လူထွားကြီးက ကုန်းရုန်းထ လာသည်ကို မြင်လိုက်ရသဖြင့် တစ်ရှိန်ထိုးခုန်ကန်မည့်အလုပ်တွင် ဒုတ် ခနဲ မြည်သံနှင့် အတူ မျက်လုံးထဲတွင် ကြယ်ပွင့်တွေဝေသွား၏။

'ဘာတတ်နိုင်သေးလဲကွ. . ဟား ဟား ဟား. . စုံထောက်ကြီး တစ်ယောက် မြေကြီးကို နမ်းနေတာ. . ဒီတစ်ခါပဲ မြင်ဖူးတယ်ဟေ့'

ရယ်ရယ်မောမောနှင့် ထွက်လာသူမှာ စောပါနောက်ဖြစ်၏၊ လက်ထဲတွင်လည်း ကားဂေါက်ကြီးကို ကိုင်ထား၏။ သူ့ရိုက်ချက်က ပြင်းထန်လွန်းလှသဖြင့် စဝ်ရန်နိုင် တစ်ယောက် မြေပြင်ပေါ် မှောက် လျက်သားကျကာ သတိလစ်သွားလေတော့၏။

ထိုအခါ စောပါနောက်တို့ လူစုသည် စဝ်ရန်နိုင် ခန္ဓာကိုယ် ကြီးကို သယ်ကာ ကားဆီသို့ ပြန်ခဲ့ကြပြီး နောက်ဘက်အဖုံးဖွင့်၍ ပစ် ထည့်လိုက်၏။ ဒုန်းခနဲ မြည်သံနှင့်အတူ စဝ်ရန်နိုင်၏ ကိုယ်ခန္ဓာကြီး မှာ ဖွဲအိတ်တစ်အိတ်ပမာ လွင့်စင်ကာ ကားနောက်ဖုံးအံထဲသို့ ဝင် သွား၏။

ထို့နောက် - အံဖုံးတံခါးကို ပြန်လည်ပိတ်လိုက်ပြီး စောပါ နောက်သည် သူ့လူများကို ခေါ်ကာ လာလမ်းအတိုင်း ပြန်သွားကြလေ တော့၏။

⁂⁂



အခန်း(၉)

မွေးကြီးမှာ စဝ်ရန်နိုင် အလာကို မျှော်နေခဲ့၏။ ယနေ့ဆိုလျှင် နှစ်ရက်မြောက်သွားပြီဖြစ်၏။ စိုးရိမ်စိတ်တွေလည်း ဝေဆိုင်းလာ၏။ ထို့ကြောင့် ဆိုင်ကယ်တစ်စီးနှင့် စဝ်ရန်နိုင် သွားတတ်လာတတ်သော နေရာကို ဖွေရှာဖို့ထွက်ခဲ့၏။

စိုင်းနွတ်နှင့် ကွန်တက်ရခဲ့သော်လည်း၊ စဝ်ရန်နိုင်၏ သတင်း ကို မကြားခဲ့ရ၊ ထို့ကြောင့်လည်း ဘချုပ်ထံ လှမ်း၍ သတင်းပို့ခဲ့ရ၏။

ထို့နောက် သူ ဦးတည်ရာမှာ မဒီငြိမ်းချမ်းဆိုသော အမျိုးသမီး ကလေး နေထိုင်ရာ အိမ်ကလေးသို့ဖြစ်၏။

မစ်အေရှပြိုင်ပွဲတွင် တတိယအလှမယ်ကလေးမို့ အညီစောင့် ကြည့်ခဲ့၏။ ယခုအထိတော့ ဘာမျှ မထူးခြားသေးချေ။

www.burmeseclassic.com



ကောင်မလေး၏ မိခင်ဖခင်များနှင့်လည်း မွှေးကြီးက တရင်းတနှီးဖြစ်နေချေပြီ။ ထို့အပြင် စားအိမ်သောက်အိမ်ပင်ဖြစ်နေပြီမို့ မွှေးကြီး အတွက် အိုကေနေ၏။

ယခုလည်း ညစာ မစားရသေး။ ဗိုက်ထဲတွင် တဂွီဂွီမြည်နေသည်မို့ မဒီတို့အိမ်ရောက်မှ စားတော့မည်ဟု တွက်လိုက်၏။

အိမ်ရှေ့ရောက်သည်နှင့် မဒီငြိမ်းချမ်းတစ်ယောက် အော်ကာဟစ်ကာ နှင့် အိမ်ကြီးပေါ်မှာ အပြေးဆင်းလာ၏။

'ဟယ်. . . ဦးမွှေးကြီးပါလား'

'ဟာ. . နင်ကတော့ လုပ်ပြီ'

'ဘာဖြစ်လို့လဲ. . ဦးမွှေးကြီးရဲ့'

'ဟာ. . . ငါ့နာမည် ဘာရှင်ပါဟာ. . . . . မွှေးကြီးဆိုတာ ယောကျ်ားတွေပဲ ခေါ်လို့ကောင်းတာဟ'

'အို. . ခေါ်မှာပဲ. . ဦးမွှေးကြီး. . ဦးမွှေးကြီး. . . ကဲ. . မှတ်ပြီလား'

မဒီငြိမ်းချမ်းက မျက်နှာလေးစူပွပ်ပုပ်လုပ်ကာ ပြောရင်း မွှေးကြီးကို အိမ်ပေါ်သို့ လက်ဆွဲခေါ်သွား၏။

မွှေးကြီးမှာ မဒီငြိမ်းချမ်း၏ အနိုင်ကျင့်နေမှုကို ခံနေရင်း သူ့အပေါ် အစ်ကိုကြီးတစ်ယောက်လို ဆိုးနွဲ့နေသည်မို့ မွှေးကြီး ဘာမှမတတ်နိုင်။

ထိုစဉ် အိမ်ရှေ့ဧည့်ခန်းတွင် မဒီ၏ မိခင်ဒေါ်ကြာညိုနှင့် ဖခင်





ဦးသိန်းဇော်တို့ ထိုင်နေကြ၍ ဆူညံဆူညံနှင့်အသံကြောင့် နှစ်ဦးသား လှည့်ကြည့်လိုက်၏။

'ဪ. . ဘယ်သူများလဲလို့ မွှေးကြီးကိုး'

'ဟုတ်ပါတယ် ဦး'

'ဘာလဲကွ. . . မင်း နှမ အနိုင်ကျင့်နေပြန်ပြီလား'

'ဟုတ်ပါ့ဦးရာ. . ကျွန်တော့်ကို မွှေးကြီး. . မွှေးကြီးနဲ့ ကြာတော့ ကျွန်တော်တောင်. . . တီကောင်လို တွန့်တွန့်သွားချင်တယ်'

'ဟား ဟား ဟား ဟား မင်းကတော့ ပြောရော့မယ်ကွာ ကဲ လာ လာ'

'ဟုတ်. . ဟုတ်ကဲ့'

မွှေးကြီးသည် ဧည့်ခန်းထဲရှိ ခုံပေါ်တွင် ဝင်၍ ထိုင်လိုက်၏။ မဒီသည် သူ့ဘေးတွင် မခို့တရို့ရယ်ရင်း မေးလိုက်၏။

'ဦးမွှေးကြီး'

'ဟေ. . . ဟာ. . လုပ်ပြန်ပြီကွာ'

'အို. . ဦးမွှေးကြီးမို့ ဦးမွှေးကြီးလို့ခေါ်တာ နာစရာလား'

'ကဲ ခေါ်ပါကွာ. . ဘာပြောမလို့လဲ'

'ဟို. . ထမင်းစားပြီးပြီလားလို့ မေးတာပါနော်. . မစားရသေးရင် မဒီနဲ့ အတူစားပါလားလို့ ပြောမလို့ဟာကို'

'အို. . ဂွတ်ဒ်. . သတ်စ်ရဂွတ်ဒ်. . . ဝုပ်ကာရီ'

မွှေးကြီးက ဘိုလိုမေးလိုက်ရာ. . မဒီငြိမ်းချမ်းသည် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကို လက်ဝါးနှင့်အုပ်ရင် တခွိခွိရယ်ပြီး ပြောလိုက်၏။

'တဲတွေးစင်တယ်ဗျို့'

'ဟဲဟဲ . . ရမလားလို့ ပြောကြည့်တာပါကွာ၊ ကဲ . . ဘာဟင်းတွေချက်ထားသလဲ'

'အို . . ဦးမွေးကြီး အကြိုက်လေ . . ဟိုလေ . . ဦးမွေးကြီးနဲ့ ညီအစ်ကိုတော်တဲ့ ငါးကို ဆီပျံချက်ထားတယ်'

'ဟေး . . ဘာငါးများလဲကွ'

'ဟို . . ငါးပုဏ္ဏားလေ'

' . . ဟား ဟား ကြိုက်သွားပြီဟေ့'

'ကဲ . . ဒါဆိုထ'

မဒီငြိမ်းချမ်းသည် မွေးကြီးကို လက်မောင်းမှ အတင်းဆွဲခေါ်ကာ ထမင်းစားခန်းထဲ ဝင်သွား၏။ မွေးကြီးမှာ ကံကောင်းချင်တော့ ထမင်းပွဲနှင့် တိုးနေသဖြင့် သူ၏ ထူးလှသောကုသိုလ်ကံကို စိတ်ထဲက အားရနေမိ၏။

ထိုစဉ် သူ့အမူအရာကို ကြည့်ပြီး မဒီငြိမ်းချမ်းက ပြုံးစိစိနှင့် ပြောလိုက်၏။

'ဘာတွေ စဉ်းစားနေတာလဲ . . ဦးမွေးကြီး . . ရည်းစားအကြောင်းလား'

'ဟာ . . ပေါက်တီးပေါက်ရှာတွေကွာ၊ ဟဲဟဲ ငါ့ဒီကို ထွက်လာတော့ အတော့်ကို ထမင်းဆာနေတာ ကလေးမရဲ့၊ အဲဒါ ထမင်းပွဲကြီး





နဲ့ အရှသင့်တိုးနေတော့ ဟဲဟဲ . . ငါ့ကုသိုလ်ကံတွေ ကောင်းလာပြီဆိုတာတွေးမိလို့ပါကွာ ဟဲဟဲ'

'ဟုတ်လား . . ဒါဆို . . ထမင်းပွဲတွေ သိမ်းလိုက်တော့မယ်နော်'

'ဟင် . . ဘာဖြစ်လို့လဲဟ'

'အို . . ဒါမှ ကုသိုလ်ကံတွေ ပြန်ညံ့သွားမှာပေါ့'

'တော်ပါတော့ အမိရယ် . . ဒီလိုတော့ မကြည်စားပါနဲ့'

'ဟင်း ဟင်း အလကားပြောတာပါ . . ကဲ ထိုင် ထိုင်'

'အိုကေ'

နှစ်ဦးသား ဝင်ထိုင်လိုက်ကြပြီး ဟင်းထမင်းများကို ထည့်စားလိုက်၏။ မွေးကြီးမှာ သူနှင့်ညီအစ်ကိုတော်သည်ဆိုသော ငါးပုဏ္ဏားဆီပြန်ကို ခံတွင်းတွေ့နေ၏။

အဆီအနှစ်ထည့်ကာ ထမင်းကလေးနှင့် လူးစားနေရသည်ကိုပင် အရသာတွေ့နေ၏။ မဒီငြိမ်းချမ်းကတော့ သူ့ဝါသနာ စရိုက်အတိုင်းပင်၊ ရှိသမျှ ဟင်းတွေကို မွေးကြီး ပန်းကန်ထဲ ခပ်ထည့်ပေးနေရာ ပန်းကန်တစ်ခုလုံး ပြည့်မောက်နေ၏။

'ဟာ . . . တော်ပါတော့ ကလေးမရဲ့ . . တော်ကြာ စုဇကာပုဏ္ဏားဖြစ်နေပါဦးမယ်'

'အို . အားရပါးရစားစမ်းပါ . . ဦးမွေးကြီးရယ်'

'အင်း . . ပြောမရလဲ တွယ်ရတော့မှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့် ဟင်း ထမင်းကို အဝစားလိုက်၏။ ... အချိန်တွင် အိမ်ကြီး၏ အရှေ့သို့ မော်တော်ကားတစ်စီး ဆိုက်လာ... ကို မွှေးကြီး ကြားလိုက်ရ၏။

'ဟင်. . ဘယ်က ကားလဲ မသိဘူး'

'မဒီ သွားကြည့်ဦးမယ်'

ပြောပြောဆိုဆိုနှင့် မဒီငြိမ်းချမ်းတစ်ယောက် ထမင်းစား... ထဲမှ ပြေးထွက်သွား၏။ မွှေးကြီးကတော့ ထမင်းစားလို့ကောင်းနေ...

ထိုအချိန်တွင် ဒုန်း ခနဲ မြည်သံကြောင့် ပါးစပ်ထဲသွင်း... ထမင်းလုတ်ပင် ရပ်တန့်သွား၏။

'ဟင်'

'ဦးမွှေးကြီး'

'ဟာ. . ဘယ်လိုဖြစ်တာလဲ'

'ငြိမ်ငြိမ်နေစမ်း . . မလှုပ်နဲ့နော်'

'ဟင်'

မြင်ကွင်းကြောင့် မွှေးကြီး ဦးနှောက်စားသွား၏။ ထမင်း... စားခန်းတံခါးကို ခြေထောက်နှင့်ကန်ကျောက်ပြီး ဝင်လာသော လူ... ကြီးတစ်ဦး။

မဒီငြိမ်းချမ်းကို လက်တစ်ဘက်နှင့် ချုပ်ထားသလို တစ်... တလည်း သေနတ်တစ်လက်နှင့် မွှေးကြီးကို လှမ်းချိန်ထား၏။

မဒီငြိမ်းချမ်းခမျာ သူ့ကို ငိုမဲ့မဲ့နှင့် ကြည့်နေ၏။ မွှေးကြီး...





သူတို့နှစ်ယောက်ကို ကြောင်စီစီနှင့် လှမ်းကြည့်နေရင်း ဟင်းချို ချိုင့်ကို ယူလိုက်၏။

'ဘာလုပ်တာလဲကွ'

'ဟို. . ဟင်းရည်သောက်ချင်လို့'

'ဩော်. . အရေးထဲ ဒီငကြောင်က တစ်မျိုး. . ထစမ်း ဟေ့ကောင်'

မွှေးကြီးမှာ အူကြောင်ကြောင်နှင့် ထရပ်လိုက်၏။ ထိုစဉ် သူ့အနားသို့ သူတို့နှစ်ဦးကပ်လာ၏။

'မင်း ဘယ်သူလဲ'

'ဘာလုပ်မလို့လဲကွ'

'မေးနေတာဖြေစမ်း'

'ဘရှင်ကွ. . ဘာလုပ်မလို့လဲ'

'ငြိမ်ငြိမ်နေစမ်းကွ'

မွှေးကြီးသည် စားပွဲဝိုင်းဘေးမှ ပတ်ထွက်လိုက်ပြီး သေနတ်သမားကို တစ်ချက်စွေကြည့်ရင်း ထမင်းစားခန်းထဲမှ ထွက်လိုက်၏။

'ဟိုကောင်ဘယ်လဲကွ'

'ဟင်'

အပြင်ထွက်မည်လုပ်ကာမှ ခြေလှမ်းတန့်တန့် ဖြစ်သွား... နောက်သို့ ချာခနဲ လှည့်လိုက်ရင်း ငနဲသား၏ လက်ကို ဖြတ်ကန်ဆည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဖောင်း'

'အောင်မယ်လေးရှင့်'

'ဖယ်စမ်း မဒီ'

မွေးကြီးသည် မဒီကို တွန်းဖယ်ရင်း၊ သေနတ်သမားကို ရင်ဆိုင်လိုက်၏။ သေနတ်သမားမှာ လက်ထဲက သေနတ်လွင့်သွား သလိုမျက်နှာလည်း ရှုံ့ထွက်နေ၏။

ထိုစဉ် မွေးကြီးက သေနတ်ရှိရာသို့ ရုတ်တရက် ခုန်ဝင်လိုက်၏။

'ဝုစ်'

'ဝုန်း'

'အောင်မယ်လေးဗျ'

မွေးကြီးတစ်ယောက် မှန်းချက်နှင့် နှမ်းထွက်မကိုက်ဖြစ်သွား၏။ သူ ခုန်အဝင်တွင် သေနတ်သမား လူထွားကြီးသည် နောက်သို့ ခြေတစ်လှမ်းဆုတ်၍ ရှောင်လိုက်ပြီး မွေးကြီးကို တစ်ဟုန်ထိုး ဖမ်းကာ ပေါက်ချလိုက်၏။

မွေးကြီး တစ်ယောက် ထမင်းစားပွဲပေါ်သို့ ပိုးလိုးပက်လက် ပြုတ်ကျသွား၏။ စားပွဲပေါ်မှ တစ်ဆင့် ကြမ်းပြင်ပေါ်သို့ ဒုန်းခနဲ ပြုတ်ကျသွားသော်လည်း မွေးကြီး ကံကောင်းသွား၏။

သေနတ်သမား၏ လက်နက်က သူ့ နံဘေးကြမ်းပြင်ပေါ် ကျနေသဖြင့် ကောက်ယူလိုက်၏။ ထိုစဉ် ငနဲသားကြီးက ခုန်ဝင်လာ

❀ မိုးဆမ်းပန်းစာပေ ❀



ဘာ မွေးကြီး၏ နံစောင်းကို ကန်ထည့်လိုက်၏။

ဒုတ်ခနဲ မြည်သံနှင့်အတူ မွေးကြီး နှစ်ပတ်သုံးပတ်လိမ့်သွား၏။ ထိုစဉ် အခန်းထဲသို့ လူစိမ်းနှစ်ဦး အဒပြုံးဝင်လာ၏။

'ဘာဖြစ်တာလဲ အောင်ကြီး'

'ပုန်ကန်နေလို့ဟ'

'ဟေ့ . ဒါဆို ဆုံးမလိုက်ပေါ့ကွ'

'မြင်တဲ့အတိုင်းပဲ'

လူထွားကြီးသည် ပြောပြောဆိုဆိုနှင့် မွေးကြီး၏ သေနတ်ကိုင်ထားသော လက်ကို ဖြတ်ကန်ပစ်လိုက်ပြန်ရာ သေနတ်မှာ အဝေးသို့ လွင့်စင်သွား၏။

'ကဲ . . ထစမ်းဟေ့ကောင်'

မွေးကြီးမှာ ရှုံ့ရှုံ့မဲ့မဲ့နှင့် ထလိုက်ရ၏။ မဒီငြိမ်းချမ်းခမျာလည်း ငိုမဲ့မဲ့ဖြစ်နေရှာ၏။ သူတို့နှစ်ဦးကို သေနတ်သမားသုံးဦးက ထမင်းစားခန်းအပြင်သို့ ခေါ်ထုတ်လာရာ၊ မဒီငြိမ်းချမ်း၏ ဖခင်နှင့် မိခင်ကြီးတို့ခမျာမှာလည်း အခန်းထောင့်တစ်နေရာတွင် ကြိုးနှင့် တချည်နှောင်ခံထားရသည်ကို တွေ့လိုက်ရ၏။

မဒီမှာ မိခင်ကြီး၊ ဖခင်ကြီးတို့၏ အဖြစ်ကို ကြည့်ပြီး တဟင့်ဟင့် ငိုရှိုက်နေ၏။ ထိုစဉ် ဧည့်ခန်းဝသို့ လူနှစ်ဦး ထပ်ရောက်လာပြန်၏။

အားလုံးမှာ သေနတ်ကိုယ်စီနှင့်မို့ မွေးကြီးခမျာ မှာလည်း အားမတန် မာန်လျှော့နေရရှာပေ၏။

❀ မိုးဆမ်းပန်းစာပေ ❀

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် လူဆိုးများသည် သူတို့နှစ်ဦးကိုအိမ်အပြင်သို့ ခေါ်ခဲ့ပြီး အိမ်ဝတွင် ရပ်ထားသော ကားပေါ် တက်ခိုင်းလိုက်၏။

နှစ်ဦးစလုံးကားထဲရောက်သွားသည်နှင့် လက်ပြန်ကြိုး အတုတ်ခံရပြီး တအောင့်မျှအကြာတွင် သူတို့မျက်နှာပေါ်သို့ မေ့ဆေးပါသည့် လက်ကိုင်ပုဝါလေး ရောက်ရှိလာလေသည်။

နှစ်ဦးစလုံး စက္ကန့်ဝက်ခန့်အချိန်ကလေးမှာပင် သတိလစ်သွားလေတော့၏။ ကားကြီးမောင်းထွက်သွားသည်ကိုပင် မသိလိုက်တော့ချေ။

✳✳✳ ✳✳✳



အခန်း(၁၀)

သူသတိရလာသည့်အခါ မျက်လုံးကို အားယူဖွင့်ကြည့်လိုက်၏။ အားလုံးမှောင်နှင့်မည်းမည်း။ ထိုစဉ် သူရောက်ရှိနေသော အခန်းကလေးထဲမှ ညည်းညူသံကို ကြားလိုက်ရသဖြင့် မှောင်မည်းထဲတွင် ရှာလိုက်၏။

'ဘယ်သူလဲ'

'အား. . ကျွန်. . ကျွန်မ'

'ဘယ်က ကျွန်မလဲ'

'ကျွန်မ. . လူကောင်းပါရှင်. . သူ. . သူတို့ ကျွန်မကို ဖမ်းလာခဲ့ကြတာပါ' 



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက် အမျိုးသမီးလေးက လေသံတိုးတိုးနှင့်ပြောလိုက်သော စကားကြောင့် စဝ်ရန်နိုင် အမှတ်ရသွား၏။

ခေါင်းမှာလည်း တဆစ်ဆစ်နာကျင်နေသဖြင့် လက်နှင့်စမ်းကြည့်လိုက်ရာ သွေးစိမ်းတွေနှင့် စေးကပ်နေတာ တွေ့လိုက်ရ၏။ ဒဏ်ရာကို လက်နှင့် စမ်းကြည့်လိုက်၏။

နာကျင်သော်လည်း မှုလောက်သည့် ဒဏ်ရာတော့မဟုတ်ချေ။ ထို့ကြောင့် လူးလဲထလိုက်ပြီး အမှောင်ထဲတွင် စမ်းတဝါးဝါး လျှောက်ခဲ့၏။

ထိုစဉ် အမျိုးသမီးငယ်၏ အသံပေါ်လာ၏။

'ရှင်. . ဘယ်သွားမလို့လဲ'

'ရှူး. . တိတ်တိတ်ကလေး နေဦး'

ပြောပြောဆိုဆိုနှင့် အခန်းနံရံကို လက်ဖြင့်စမ်းသပ်ရင်း နေ့သို့လျှောက်ခဲ့၏။ အလုံပိတ်ထားသည်မို့ လွယ်တော့ မလွယ်လှချေ။ သို့သော် မျက်နှာကျက်ကို မော့အကြည့်တွင် သံဆန်ကာကွက်တစ်ခုကို တွေ့လိုက်ရသဖြင့် ဝမ်းသာအားရဖြစ်သွား၏။

အမျိုးသမီးငယ်သည် သူ့လှုပ်ရှားမှုကို အမှောင်ထဲမှ စောင့်ကြည့်နေသည့်ပုံပင်။

'ကျွန်မဘေးမှာ သံပုံးလွတ်ကြီးတစ်လုံးရှိတယ်ရှင့်'

'ဟင်. . ဒါဆို အတော်ပဲ'

စဝ်ရန်နိုင်သည် အမှောင်ထဲမှ သံပုံးကြီးကို ယူကာ အခန်း





အလယ်တည့်တည့်တွင် ထောင်လိုက်၏။

'ကျွန်မကိုင်ထားရမလား'

'ခဏလောက်လာကိုင်ဗျာ'

'ဟုတ်. . ဟုတ်ကဲ့'

အမျိုးသမီးငယ်သည် ထိုင်နေရာမှ လူးလဲထလာပြီး စဝ်ရန်နိုင်တက်သွားသော သံပုံးကြီးကို အောက်မှ ကိုင်ထားလေ၏။

အပေါ်ရောက်သည်နှင့် သံဆန်ကာကို လက်နှစ်ဘက်နှင့်ပင့်ကြည့်လိုက်၏။ အခြေအနေက မဆိုးလှ။ သံရိုက်ထားသော နေရာတစ်နေရာပြုတ်နေသဖြင့် လက်ဖနောင့်နှင့် ခပ်ပြင်းပြင်းလေး တွန်းလိုက်၏။

'ဂျွပ်. . ဂျွပ်'

'အို. . ဖြည်းဖြည်းလုပ်ပါ'

'ရပြီဗျ'

သံဆန်ကာပေါက်ပွင့်သွားသည်နှင့် ဝမ်းသာအားရဖြစ်သွား၏။ ထိုအခါ အပေါက်ပေါ်သို့ ခို၍တက်လိုက်၏။

ထို့နောက် အောက်ဘက်သို့ လှမ်းပြောလိုက်၏။

'သံပုံးပေါ် အမြန်တက်'

'ဖြစ်ပါ့မလားရှင်'

'ရပါတယ်ဗျာ. . ကဲ. . တက်. . တက်'

'ဟုတ်. . ဟုတ်ကဲ့'



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးမှာ ကြောက်ကြောက်ရွံ့ရွံ့နှင့် အပေါ်သို့ တက်ခဲ့ပြီး စဝ်ရန်နိုင်ကို လက်လှမ်းပေးလိုက်၏။

'ကဲ . . တွယ်တက်ပေတော့'

'ရပ့်မလား'

'ရပါတယ်ဗျာ'

အားပေးစကားပြောရင်း အပေါ်သို့ အားကုန်ဆွဲတင်လိုက်ရာ မကြာမီ အပေါ်သို့ ရောက်ရှိလာ၏။ သူတို့ရောက်ရှိနေသည့် နေရာမှာ အပေါ်ခေါင်မိုး၏ လိုဏ်ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

စဝ်ရန်နိုင်သည် သံဆန်ကာကို ပြန်ပိတ်လိုက်ပြီး လိုဏ်လမ်းအတိုင်းလေးဘက်ထောက်၍ ဝင်ခဲ့ကြ၏။

လိုဏ်လမ်းမှာ ကွေ့ကွေ့ကောက်ကောက်ကြီး ဖြစ်နေ၏။ နောက်မှလိုက်လာသော အမျိုးသမီးငယ်မှာ အကြီးအကျယ် ထိတ်လန့်နေ၏။ နှစ်ဦးသား တရွေ့ရွေ့နှင့် ဝင်ခဲ့ကြရာ အလင်းရောင်ကိုပင် လှမ်း၍ တွေ့နေရချေပြီဖြစ်၏။

ထိုစဉ် မြေကြွက်ကြီးတစ်ကောင်က လိုဏ်လမ်းအတိုင်းပြေးဝင်လာသည်ကို တွေ့လိုက်ရသဖြင့် စဝ်ရန်နိုင် ရင်ထိတ်သွား၏။ နောက်က အမျိုးသမီးလန့်အော်မှာစိုးမိသဖြင့် အပြေးဝင်လာသော ကြွက်ကြီးကို လက်နှင့်ဖမ်းအုပ်လိုက်၏။

'ဂီး ဂီး'

'အို'





'ရှူး'

ကြွက်ကြီးက စဝ်ရန်နိုင်လက်ကို အသားကုန်ခဲထား၏။ စဝ်ရန်နိုင်ကလည်း လက်ညှိုးနှင့် လက်မကို အားပြုပြီး ကြွက်ကြီး၏ လည်တိုင်ကို ညှစ်ချလိုက်၏။

'ကွီး . . ခွီး'

အော်သံကြီးနှင့်အတူ ကြွက်ကြီးမှာ အသက်ပျောက်သွား၏။ ထိုအခါကျမှ စဝ်ရန်နိုင် သက်ပြင်းချလိုက်နိုင်ခဲ့၏။

သို့နှင့် နှစ်ဦးသား ရှေ့ဆက်ဝင်ခဲ့ကြရာ လိုဏ်အဝသို့ရောက်ရှိလာ၏။ စင်စစ် သူတို့နှစ်ဦး တိုးဝှေ့ဝင်လာသော လမ်းမှာ မီးခိုးခေါင်းတိုင်ကြီးတစ်ခုဖြစ်နေသည်ကို တွေ့လိုက်ကြရ၏။

နှစ်ဦးစလုံး ခေါင်းတိုင်ဝသို့ရောက်လာ၏။ စဝ်ရန်နိုင်ခေါင်းတိုင်ဝမှနေ၍ ခေါင်းထုတ်ပြီး အပြင်ကို အကဲခတ်လိုက်၏။

ကြီးမားလှသော ခြံကြီးတစ်ခြံထဲတွင် သူတို့ရောက်ရှိနေကြောင်း သိလိုက်ရ၏။ ခြံဝတွင် လူနှစ်ဦး ရပ်စကားပြောနေသည်ကို ဝိုးတိုးဝါးတားတွေ့လိုက်ရ၏။

အခြေအနေအားလုံး ငြိမ်ငြိမ်သက်သက်မို့ ခေါင်းတိုင်ထဲမှ ဘိုးထွက်ကာ အောက်သို့ ဖက်တွယ်ဆင်းဖို့ကြံလိုက်၏။ အမျိုးသမီးငယ်မှာမူ အလွန်ပင် ထိတ်လန့်နေသဖြင့် အားပေးစကားပြောပြီး သူ့ကို အရင်ဆင်းခိုင်းလိုက်၏။

အမျိုးသမီးငယ်ကလေးမှာ ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတိုင်ကြီးကို ဖက်၍ အောက်သို့ဆင်းသွားလေသည်။

စဝ်ရန်နိုင်သည် အမျိုးသမီးငယ်လေးနည်းတူ ခေါင်းတိုင်ကို တွယ်၍ဆင်းလိုက်၏။ နှစ်ဦးစလုံး အိမ်ကြီး၏ ခေါင်မိုးပေါ်ရောက်ရှိနေ၏။ အိမ်ကြီးမှာ နှစ်ထပ်အဆောင်အအုံဖြစ်သော်လည်း၊ မြင့်မားလှ၏။ သို့ပေသည့် ကံကောင်းသည်ပဲ ဆိုရမလားပင်။ ခေါင်မိုးအစပ်တွင် သရက်ကိုင်းကြီးသုံးလေးကိုင်းက မိုးကျနေသဖြင့် နှစ်ဦးစလုံး ခြေဖော့နင်းကာ သရက်ကိုင်းကြီးဆီသို့လျှောက်ခဲ့ကြ၏။

ဦးဆုံး ခိုင်မာသည့် အကိုင်းကြီးကိုတွယ်ပြီး စဝ်ရန်နိုင် ကူးလိုက်၏။ အကိုင်းက လူ့ခြေသလုံးခန့်ရှိသည်မို့ မာကျောလှ၏။ အမျိုးသမီးငယ်မှာလည်း စဝ်ရန်နိုင်နည်းတူ သရက်ကိုင်းကြီးကို သာသာကလေးခိုရင်း စဝ်ရန်နိုင် အနားသို့ရောက်လာ၏။

ထိုအခါ နှစ်ဦးစလုံး သစ်ကိုင်းကြီးကို ခိုရင်း သရက်ပင်ကြီး၏ ပင်စည်ခွကို တွယ်မိကြရာ၊ စွန့်စွန့်စားစားနှင့် ကုပ်ကပ်၍ တက်လိုက်ကြ၏။

ထိုအချိန်တွင် အိမ်ကြီးအောက်ထပ်မှ လူသံသူသံများ ကြားလိုက်ရသဖြင့် ငုံ့ကြည့်လိုက်၏။

လက်နက်ကိုင် လူဆိုးသုံးဦး အိမ်ပေါ်မှ ဆင်းလာကာ ဟိုဟိုဒီဒီ ဖွေရှာနေ၏။

အခြေအနေက သူတို့နှစ်ဦးလွတ်မြောက်သွားသည်ကို သိရှိသွားကြပုံပင်။ ထိုစဉ် ခြံထဲသို့ လင်းခရုဇာကားကြီး တစ်စင်းခေါင်းထိုး





ပြီး ဝင်လာသည်ကို တွေ့လိုက်ရ၏။

ကားမီးရောင်က ခြံဝင်းထဲတွင် ဖြာထွက်[illegible]သား ပင်စည်ကြားတွင် ကပ်နေလိုက်ရ၏။ ကားကြီးသည် [illegible] အအုံရှေ့ရောက်သည်နှင့် ဝေါခနဲ ထိုးရပ်သွား၏။

ကားတံခါး ပွင့်လာကာ လူတစ်စုဆင်းလာသည်။ သူတို့နှင့်အတူ လူနှစ်ဦးကို ချုပ်နှောင်လာတာ တွေ့လိုက်ရသဖြင့် ကြည့်လိုက်၏။

'ဟင်. . မွေးကြီးပါလား'

မြင်ကွင်းကြောင့် စဝ်ရန်နိုင် အံ့အားသင့်သွား၏။ မွေးကြီးနှင့် အမျိုးသမီးငယ်တစ်ဦးကို အိမ်ရှေ့မြက်ခင်းပြင်ပေါ်တွင် ရပ်ခိုင်းထား၏။

ထိုစဉ် အိမ်ကြီးပေါ်မှ လူတစ်စု ဆင်းလာ၏။ အားလုံးဟှာယာခတ်နေကြ၏။ ထိုအချိန်တွင် ကားနောက်ဘက် ဂိုဒေါင်ကြီးထဲမှ ထရပ်ကားကြီးတစ်စင်းနှင့် မာစီဒီးကား အဖြူကြီးတစ်စင်းထွက်လာ၏။

စဝ်ရန်နိုင်သည် ရုတ်တရက် ပေါ်ပေါက်လာသော အခြေအနေကို ကြည့်ပြီးသုံးသပ်လိုက်၏။ အခြေအနေက စခန်းပြောင်းရွှေ့သွားတော့မည့်အသွင်ပင်။

အားလုံးကားပေါ် တက်ကုန်ကြ၏။ စဝ်ရန်နိုင်မှာ အမျိုးသမီးငယ်ကို တီးတိုးစောင့်ဆိုင်းရန် ပြောလိုက်ပြီး ပင်စည်ကိုတွယ်ကပ်၍ အောက်ဆင့်သစ်ကိုင်းပေါ် သို့ဆင်းခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ရှေ့မှ လင့်ခရူဇာကြီး မောင်းထွက်သွား၏၊ ထို့နောက် မာစီဒီးကားကြီးက လိုက်ပါမောင်းထွက်သွား၏။ နောက်ဆုံး ကျန်ရှိသော ထရပ်ကားကြီး အထွက်တွင် စဝ်ရန်နိုင်သည် သစ်ကိုင်း အပေါ်မှလွှားခနဲ ခုန်ချလိုက်၏။

ခေါင်မိုးပေါ်သို့ ဖျပ်ခနဲရောက်ရှိသွား၏။ ကြောင်ကျ ကျ သွားသည်မို့ ခြေသံလုံးလုံးမထွက်ချေ။ ကားကြီးမှာ ခြံထဲမှ ဘီးလှိမ့် ပြီးထွက်ခွါလာခဲ့လေရာ စဝ်ရန်နိုင်သည် ခေါင်မိုးပေါ်တွင် ဝမ်းလျား မှောက်ပြီး ကုတ်တွယ်ရင်းလိုက်ခဲ့၏။

ကားကြီးက ခြံပြင်ရောက်သည်နှင့် အရှိန်ယူစပြုလာပေရာ လမ်းမကြီးပေါ်ရောက်သည်နှင့် တဝေါဝေါမောင်းနှင်လေတော့၏။

အရှိန်ပြင်းလှသည်မို့ သတိထား၍ လိုက်ပါခဲ့၏။ ရှေ့တူရူတွင် လင့်ခရူဇာနှင့်မာစီဒီးကားကြီးနှစ်စင်းမှာ တဝေါဝေါမောင်းနှင်နေဆဲ ဖြစ်၏။

လမ်းကလည်း နိုင်လွန်လမ်းမကြီးမို့ အသုံးအပြုနည်းလှ သဖြင့် ခေါင်မိုးပေါ်တွင် တွယ်ကပ်ပြီး လိုက်ပါခဲ့ရသော စဝ်ရန်နိုင် ခမျာ သက်တောင့်သက်သာနှင့် လိုက်ပါနိုင်ခဲ့၏။

ထိုအချိန် ကားကြီးသုံးစင်းမှာ ဖြောင့်ဖြူးလှသော လမ်းမကြီး အတိုင်း မောင်းနှင်နေ၏။ အရှိန်ကလည်း ပြင်းလှသည်မို့ သတိကြီး စွာနှင့် လိုက်ခဲ့ရ၏။

တဖြည်းဖြည်းမြို့ပြင်ဘက်သို့ ရောက်ရှိလာပြီး အကွေ့





အကောက်များလာ၏။ အဆင်းအတက်တွေပေါလာ၏။ အချိန်အခါ မှာလည်း ညဦးပိုင်းအချိန်အခါမို့ လမ်းတစ်ဘက်တစ်ချက်တွင် မှောင် မိုက်နေ၏။ ချုံနွယ်ကြီးများ၊ သစ်တောကြီးများ၏ သဏ္ဌာန်မှာ အမှောင် ထဲတွင် သတ္တဝါကြီးတွေအလား ထင်မှတ်ရ၏။

တစ်နာရီခန့်အကြာတွင် လမ်းချိုးကြီးအတိုင်း ချိုးဆင်းသွား သည်ကို တွေ့လိုက်ရပြီး တစ်နေရာအရောက်တွင် ရှေ့မှကားနှစ်စီး ထိုးရပ်သွားသည်ကိုတွေ့လိုက်ရ၏။

စဝ်ရန်နိုင်သည် ခေါင်မိုးနှင့် ဝမ်းဗိုက်ကို တစ်သားတည်းဖြစ် အောင် ကပ်ထားပြီး၊ အမိုးပေါ်မှနေ၍ အကဲခတ်နေ၏။

ထိုစဉ် သူလိုက်ပါခဲ့သော ထရပ်ကားကြီးမှာလည်း ဝေါခနဲ ထိုးရပ်သွား၏။

ကားပေါ်မှ လူများဆင်းလာသည်ကို တွေ့လိုက်ရ၏။ ကား တံခါးဖွင့်၍ လူတစ်စုဆင်းလာသည်ကို တွေ့လိုက်ရ၏။

စဝ်ရန်နိုင်သည် ရောက်ရှိနေသည့် နေရာကို အကဲခတ်လိုက် ၏။ ရှေ့ကားမီးရောင်က သုံးကြိမ်သုံးခါ ဖွင့်လိုက်ပိတ်လိုက် လုပ်နေ သ ည်ကို တွေ့လိုက်ရသဖြင့် မီးရောင်အားပြု၍ ကြည့်လိုက်ရာ ကျယ် ပြန့်သော မြစ်ပြင်ကြီး အနားရောက်နေသည်ကို သတိထားလိုက်မိ၏။

ထိုအချိန်တွင် မြစ်ပြင်ဘက်မှ မော်တော်မီးရောင်သုံးကြိမ် လင်းလိုက် မှိန်လိုက်လုပ်ပြသည်ကို တွေ့လိုက်ရ၏။ ထိုအချက် ပြမီး ကို တွေ့လိုက်သည်နှင့် ကားဘေးတွင် ရပ်နေကြသော လူများသည် မြစ်

www.burmeseclassic.com



ဆိပ်အနီးသို့ လျှောက်သွားကြ၏။

စဝ်ရန်နိုင်သည် ခေါင်မိုးပေါ်မှ မဆင်းသေးဘဲ အခြေအနေကို စောင့်ကြည့်နေ၏။

ထိုအချိန်တွင် မြစ်ပြင်ဘက်မှ လှေငယ်နှစ်စင်း လှော်ခတ်လာသည်ကို တွေ့လိုက်ရ၏။ ထိုအချင်းအရာကို မြင်သည်နှင့် စဝ်ရန်နိုင်သည် ခေါင်မိုးပေါ်မှ အမြန်ခုန်ချလိုက်၏။

ထို့နောက် ကားလမ်းတစ်ဘက်ရှိ အမှောင်ထုထဲ အပြေးဝင်ခဲ့ကာ မြစ်ဆိပ်ကို ဦးစွာရောက်ရှိရန်လျှောက်ခဲ့၏။ ချုံတွေ၊ နွယ်တွေကို အတင်းတိုးဝှေ့ရင်း ဖြတ်သန်းခဲ့ရာ၊ နောက်ဆုံးတွင် မြစ်ဆိပ်အနီးသို့ ရောက်ရှိခဲ့လေသည်။

ကမ်းနဘေးတွင် လှေငယ်သုံးလေးစီးရပ်နားထားသည်ကို တွေ့လိုက်ရသဖြင့် ခြေသလုံးတွင် လျှို့ဝှက်သိမ်းဆည်းထားသော ဓါးတိုကလေးကို ထုတ်ကာ လှေကြိုးကို ဖြတ်လိုက်၏။

ထို့နောက် လှေပေါ်တက်လိုက်ပြီး မော်တော်ကြီးဆီသို့ အမြန်ဆုံးလှော်ထွက်ခဲ့လေတော့သည်။

*** ***


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

မော်တော်မောင်းခန်းထဲတွင် ထိုင်နေသော လူတစ်ယောက်ကို မြင်လိုက်ရ၏။ ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားပြီး စားပွဲပေါ် ထိုင်ကာ ဘီယာတစ်ဘူးကို ဖောက်သောက်နေ၏။ ဂ

စဝ်ရန်နိုင်သည် အခန်းတံခါးကို အသာအယာတွန်းဖွင့်ရင်း အထဲသို့ ခြေဖော့ဝင်ခဲ့၏။ ငနဲသားကတော့ စားပွဲပေါ်မှ ဘီယာဘူးကို မချနေဆဲ။

ထိုအချိန်တွင် စဝ်ရန်နိုင်သည် သူ့အနီးသို့ ရောက်ရှိသွားကာ လက်ထဲမှ ဓါးမြှောင်နှင့် နောက်ကျောကို ထောက်ကာ ပြောလိုက်၏။

'မလှုပ်နဲ့နော်'

'ဟင်'

'လှုပ်တာနဲ့ အသေပဲ'



www.burmeseclassic.com

www.burmeseclassic.com



ခါးနှင့်ထောက်ထားခံရသူမှာ တုတ်တုတ်မျှမလှုပ်ရဲ။ ထိုစဉ် ဦးထုပ် ဆောင်းထားသော လူထံမှ အသံထွက်လာ၏။

'စဝ်လား'

'ဟင်. . မင်း ဘယ်သူလဲ'

ဦးထုပ်နဲ့ လူသည် သူ့ဘက်သို့ မျက်နှာလှည့်လာ၏။ မျက်နှာပေါ်တွင် ဒဏ်ရာနှင့် လူတစ်ဦး။

'မင်း ဘယ်သူလဲ ပြောစမ်း'

'ခြော်. . ကျွန်တော်ပါ စဝ်ရဲ့'

'ဟင်. . စိုင်းနွတ်'

'ဟုတ်ပါ့ဗျာ'

စဝ်ရန်နိုင် ဝမ်းသာအားရဖြစ်သွား၏။ စင်စစ် စိုင်းနွတ်က ရုပ်ဖျက်ပြီးမော်တော်ပေါ် ရောက်ရှိနေခြင်းပင်ဖြစ်ရာ၊ နှစ်ဦးသား တိုးတိုးပြောလိုက်၏။

'မော်တော်ပေါ်မှာ ဘယ်သူတွေရှိလဲ'

'ရှိတယ်စဝ်. . အနည်းဆုံး ငါးယောက်ပဲ'

'ဟုတ်လား'

'ဟုတ်တယ်. . ကျွန်တော် သူတို့ထဲက လူတစ်ယောက်ကို ဖြောင်ပြီး အစားဝင်ထားတာ'

'ဟင်. . ဒါဆို ဘာသတင်းတွေရထားသလဲကွ'

'သူတို့ ပင်လယ်ဝကို ပြေးဖို့အစီအစဉ်ရှိတယ်၊ အဲဒီမှာ





သင်္ဘောကြီးတစ်စင်း အဆင်သင့်ရှိနေမယ်လို့ သတင်းရထားတယ်ဗျ'

'ခြော်. . ဒီလိုကိုး. . . ဟာ. . ဟိုမှာ လာနေကြပြီကွ'

'ကဲ. . ဒါဆို စဝ်. . မော်တော်ဝမ်းဗိုက်ထဲမှာ ပုန်းနေ. . အခြေ အနေကောင်းရင် ဆက်သွယ်မယ်'

'အိုကေ'

စဝ်ရန်နိုင်သည် စိုင်းနွတ်ကို ပြောပြီးသည်နှင့် မော်တော်ဝမ်းဗိုက်ထဲရှိ စက်ခန်းအောက်သို့ ဆင်းခဲ့၏။

လူတစ်ကိုယ် ပုန်းခိုလို့ရသည့် ကြိုးသေတ္တာကြီးထဲ ပင်၍ ပုန်းအောင်းလိုက်၏။ ထိုအချိန်တွင် တအိအိနှင့်လှော်လာသော လှေနှစ်စင်းမှာ မော်တော်အနားသို့ ရောက်ရှိလာပြီ။ လှေပေါ်မှ လူများ တက်လာ၏။

အားလုံးဆယ့်သုံးယောက်. . မွေးကြီးနှင့် အမျိုးသမီးငယ် မှာ လက်ပြန်ကြိုးတုတ်ရင်း မော်တော်ပေါ် ရောက်ရှိလာ၏။

ထိုစဉ် ထွားထွားကြိုင်းကြိုင်းနှင့် လူကြီးက မွေးကြီးတို့ကို ကြည့်ရင် အမိန့်ပေးလိုက်၏။

'ဟေ့. . သူတို့နှစ်ယောက်ကို မော်တော် စက်ခန်းထဲသွင်း လိုက်ကွာ'

'ဟုတ်ကဲ့ ဆရာထွန်း'

'မြန်မြန်လုပ်ကွာ. . ပစ္စည်းတွေလဲ သယ်ရဦးမှာဆိုတော့. . အမြန်လုပ်မှပေါ့. . ပြီးတော့ ဒီနေရာက အမြန်ထွက်နိုင်မှဖြစ်မယ်ကွ'



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ချပါ ဆရာထွန်း'

'ကဲ. . ဒါဆို မြန်မြန်လုပ်ကွာ'

မွေးကြီးနှင့် အမျိုးသမီးငယ်ကို လက်နက်ကိုင် လူဆိုးနှစ်ဦး သေနတ်နှင့် ထောက်ပြီး မော်တော် ဝမ်းဗိုက်ခန်းသို့ ဆင်းသည့် သံမဏိ ဖုံးကြီးကို ဖွင့်ခိုင်းလိုက်၏။

စိုင်းနွတ်သည် စက်ခန်းကို ဆင်းသည့်သံမဏိဖုံးကြီးကို ဖွင့် လိုက်၏။ ထိုအခါ သူတို့နှစ်ဦးကို အောက်သို့ဆင်းခိုင်းလိုက်၏။

မွေးကြီးနှင့်အမျိုးသမီးငယ်နှစ်ဦးမှာ အောက်ထပ်အမှောင် ထဲသို့ သံလှေကားမှ ဖြည်းဖြည်းခြင်းဆင်းခဲ့ကြ၏။ ထိုအချိန်တွင် သူတို့ ဆင်းခဲ့သော အပေါက်ကြီးကို ဒုန်းခနဲ ပြန်၍ပိတ်လိုက်လေ၏။

မွေးကြီးရှေ့မှ ဦးဆောင်ဆင်းခဲ့ပြီး၊ စက်ခန်းထဲသို့ ကုန်းကုန်း ကွကွနှင့် ဝင်ခဲ့၏။ အမျိုးသမီးငယ်မှာ ထိတ်လန့်နေဆဲ။

'ကြောက်စရာကြီးပါလား. . . ဦးမွေးကြီးရယ်'

'ငါ ပါ ပါတယ်. . မဒီရာ. . မကြောက်ပါနဲ့. . မကြာခင် ငါ့ မိတ်ဆွေတွေ ရောက်လာပါလိမ့်မယ်'

'အို. . သူတို့က ကျွန်မတို့ ဒီမှာရှိနေတယ်ဆိုတာ သိပ့်မလား'

'မပူပါနဲ့ကွာ. . ငါ့ မိတ်ဆွေတွေက သူရဲကောင်းတွေကွ. . ပါနဲ့ကွာ. . အေးအေးဆေးဆေးနဲ့ သမ္မုဒ္ဒေသာ ရွတ်နေပါ'

'အို. . ဦးမွေးကြီး စကားကလဲ ဘာကိုယုံရမှန်းမသိပါဘူး'

'မပူပါနဲ့ကွာ. . ဟဲဟဲ'





မွေးကြီးမှာ မဒီကို အားပေးနေရသော်လည်း သူကိုယ်တိုင် လွတ်မြောက်ရာကို မကြံဆနိုင်ဖြစ်နေ၏။

ထိုစဉ် သူမှီနေသော ကြိုးသေတ္တာကြီးမှ ယာသဖြင့် အလန့် တကြားနှင့် ထ၍ခုန်လိုက်၏။

'အောင်မယ်လေးဗျ'

'သရဲ. . သရဲ'

'ရှူး. . . မွေးကြီး. . . ကျွန်တော်ပါဗျ'

'ဟင်. . စဝ်. . . ဟာ. . . ငါဖြင့် သရဲမှတ်လို့ကွာ'

'ဟာ. . ခင်ဗျားကလဲ ကြံကြံဖန်ဖန်ဗျာ'

'ဟင်. . . မင်း. . မင်းဘယ်လိုဘယ်လို. . ဒီကိုရောက်လာ တာလဲကွ'

'ဒီလိုပေါ့ဗျာ'

'တွေ့တယ်မဟုတ်လား. . မဒီ. . ဒါကိုယ့်ရဲဘော်ကြီး စဝ်ရန် နိုင်လေ၊ မင်းကို ငါပြောနေသားပဲ ရောက်လာမှာပဲလို့ ငါပြောတာ ယုံပြီမဟုတ်လား'

'အောင်မယ် ခုမှ ဦးမွေးကြီးက ပြောရဲတာကိုး. . ခုနတော့ သရဲကြောက်တယ်ဆို'

'ဟဲ ဟဲ. . ရုတ်တရက်မို့ပေါ့ကွ'

'ကဲ. . တော်ကြပါတော့ကွာ. . မွေးကြီး'

'ဟော'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားတို့က ဘယ်လိုဖြစ်ပြီး ဒီကိုရောက်လာတာလဲဗျ'

'ဩော်. . ဒါ မင်းစောင့်ခိုင်းတဲ့ မစ်အေရှရဲ့ တတိယအလှမယ် မဒီငြိမ်းချမ်းလေကွာ'

'ဩော်. . ဟုတ်လား။ ကဲ. . မင်းတို့ ပါလာပုံပြောစမ်းပါဦး'

'ဒီလိုကွ'

မွေးကြီးသည် သူ့ အဖြစ်အပျက်ကို ပြောပြလိုက်၏။ ထိုအခိုက်တွင် မော်တော်စက်နှိုးသံကြီး ထွက်ပေါ်လာပြီး၊ မြစ်ဆိပ်မှ တဘုတ်ဘုတ်နှင့် မောင်းခုတ်သွားလေပြီဖြစ်၏။

မြစ်ပြင်တွင်လည်း လှေသင်္ဘောဟူ၍ တစ်စင်းတစ်လေသာရှိ၏။ လှေကလေး တချို့မှာ မီးကလေးမှိတ်တုတ်မှိတ်တုတ်နှင့် သွားလာနေကြ၏။

မော်တော်ကြီးမှာ အရှိန်ပြင်းပြင်းနှင့် မြစ်ပြင်ကို ထိုးခွဲကာ အနောက်မှ အရှေ့သို့ ရေဆန်ကို ဖောက်၍ မောင်းနှင်နေ၏။

မဒီငြိမ်းချမ်းမှာ အကြီးအကျယ်ထိတ်လန့်နေ၏။ စစ်ရန်နိုင်သည် သူ့ကို အားပေးစကားပြောရင်း စက်ခန်းအပြင်သို့ ထွက်ခဲ့၏။

မော်တော်ကြီးမှာ နှစ်ထပ်မော်တော်ကြီးဖြစ်ပြီး အောက်ထပ်တွင် စက်ပစ္စည်းအဟောင်းများ၊ ကြိုးခွေများနှင့် ရှုပ်ထွေးမွှနေ၏။

စစ်ရန်နိုင်သည် စိုင်းနွတ်၏ အဆက်အသွယ်ကို စောင့်စားမနေနိုင်တော့။ ထို့ကြောင့်လည်း မော်တော်ဘေးဘောင်တွင် တပ်ဆင်ထားသော မှန်ဝိုင်းကို ဓါးတိုကလေးနှင့် ကန့်လန့်ဖွင့်လိုက်၏။





အပေါက်က လူတစ်ကိုယ်စာ ဝင်နိုင်သည်မို့ မွေးကြီးကို အကြောင်းကြားလိုက်၏။

'ဘာလဲစစ်'

'ဒီမှာတွေ့လား'

'ဟင်. . မင်းဖောက်ထားတာလား'

'ဟုတ်တယ်'

'ရေတွေ ဝင်လာပါဦးမယ်ကွာ'

'မဝင်နိုင်ပါဘူးဗျာ. . ကျွန်တော်တို့ ဒီအပေါက်ကနေ ဖောက်ထွက်ကြစို့'

'ဖြစ်ပါ့မလား'

'ဖြစ်ပါတယ်ဗျာ. . . အပေါ်မှာ စိုင်းနွတ်လဲရှိတာပဲဟာ'

'ဒါဆိုလဲထွက်လေ'

စစ်ရန်နိုင်သည် သူဖောက်ထားသော မှန်ပေါက်ထဲမှ ကိုယ်လုံးကို လျှောထိုးထွက်လိုက်ရာ၊ အပြင်သို့ရောက်ရှိလာ၏။ ရေပြင်က တစ်တောင်သာသာတွင် စီးဆင်းနေ၏။

အပြင်ရောက်သည်နှင့် မော်တော်ကုန်းဘောင်ကို ကုတ်တွယ်ရင်း ဘောကြိုးကိုဆွဲပြီး ဖြည်းဖြည်းချင်းတွယ်တက်ခဲ့၏။ အပေါ်ရောက်လာသည်နှင့် အသံဗလံများကို ကြားလိုက်ရ၏။

စင်စစ်မော်တော်က သံဘောင်အလတ်စားအရွယ်ခန့်ရှိပေရာ အလျားရှည်လှ၏။ စစ်ရန်နိုင်နှင့် မွေးကြီးသည် ဘောကြိုးကို တွယ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



သတိနှင့် တက်ခဲ့ကြရာ မော်တော်ပဲ့ပိုင်းသို့ ရောက်ရှိလာ၏။

နှစ်ဦးစလုံးမော်တော်ဘောင်ကို တွယ်ရင်း ခေါင်းပြူ၍ ကြည့်လိုက်၏။ လက်နက်ကိုင် လူဆိုးနှစ်ဦး၊ ကြမ်းပြင်ပေါ်တွင် အရက်ဝိုင်းဖွဲ့နေ၏။ သူတို့နောက်ကျောဘက်တွင် လူတစ်ရပ်စာခန့်ရှိသော သေတ္တာကြီးများကို ထပ်၍ တင်ထား၏။

မွေးကြီးသည် ပဲ့ပိုင်းတွင် ခွေထားသော ကြိုးခွေကို ဆကြည့်လိုက်၏။ စဝ်ရန်နိုင်မှာ မွေးကြီးလုပ်ရပ်ကို စောင့်ကြည့်နေ၏။

ထိုအချိန်တွင် မွေးကြီးသည် လက်ထဲမှ ကြိုးကို အရှိန်ယူ၍ကာ လူဆိုးနှစ်ဦးထံသို့ ပစ်ထည့်လိုက်၏။ ကြိုးအဆုံးတွင် ကွင်းကြီး လုပ်ထားပြီး လျှော့နိုင်တင်းနိုင်အောင် ချည်ထား၏။

ကြိုးကွင်းကြီးသည် လူဆိုးနှစ်ဦးရှိရာသို့ ဝှစ်ခနဲ ပျံဝဲရောက်ရှိသွားကာ နှစ်ဦးစလုံး၏ လည်တိုင်ကို ချိတ်မိသွား၏။

ရုတ်တရက်မို့ နှစ်ဦးစလုံး ကြောင်စီစီဖြစ်သွား၏။ ထိုစဉ် မွေးကြီးသည် ကြိုးကို တအားဆောင့်ဆွဲလိုက်ရာ ကြိုးထုံးမှာ တင်းခနဲ ဖြစ်သွားပြီး လူနှစ်ဦးခမျာမှာလည်း အရှင်လတ်လတ် လည်တိုင်ကို ကြိုးနှင့်ချည်နှောင်ပြီးသား ဖြစ်သွား၏။

နှစ်ဦးစလုံး အသံမထွက်နိုင်ကြ။ 'အူး' 'အစ်' နှင့် ရုန်းကန်နေဆဲ။ ကြိုးကို တစ်ရှိန်ထိုးဆွဲချလိုက်၏။ လူဆိုးနှစ်ဦးစလုံး သူတို့ အနီး သို့ ဒလိမ့်ကောက်ကွေးရောက်ရှိလာရာ၊ မွေးကြီးနှင့် စဝ်ရန်နိုင်တို့ နှစ်ဦး သည် လူဆိုးများကို ချီမကာ မြစ်ထဲပစ်ချလိုက်လေ၏။





လူဆိုးနှစ်ဦး ရှင်းလင်းသွားသည်နှင့် စဝ်ရန်နိုင်တို့ နှစ်ဦး သေတ္တာကြီးများကို အကွယ်အကာပြု၍ တက်ခဲ့ကြ၏။

ခုထိတော့ အန္တရာယ်ကင်းနေဆဲပင်။ စဝ်ရန်နိုင်သည် သေတ္တာတစ်လုံးပေါ်အရောက်တွင် အဖုံးကို ဆွဲဖွင့်၍ ကြည့်လိုက်၏။

အထဲတွင် ပလပ်စတစ်အနက်ကြီးနှင့် ထုပ်ထားသော အရာကြီးကို တွေ့လိုက်ရသဖြင့် ဓါးနှင့်ခွဲပြီး ဖွင့်ကြည့်လိုက်၏။

'ဟင်. ... မိန်းကလေးအလောင်းတွေပါ့လား'

မြင်ကွင်းက ရွံစဖွယ်ပင်။ မျက်နှာပေါ်တွင် ဒဏ်ရာတွေ မွနေ၏။ ထိုမြင်ကွင်းကြောင့် စဝ်ရန်နိုင် စိတ်မကောင်းဖြစ်သွား၏။

နောက်ဆုံး သေတ္တာကို ပြန်ပိတ်လိုက်ပြီး မော်တော်ဦးခန်းသို့ တစ်လှမ်းချင်း ကပ်ခဲ့၏။ ခေါင်းတိုင်နဘေးရှိ စားပွဲပေါ်တွင် လူသုံးဦးထိုင်နေ၏။

စဝ်ရန်နိုင်သည် မွေးကြီးကို အချက်ပြလိုက်ကာ မွေးကြီးက လူရိပ်ပြပြီး ပဲ့ပိုင်းကို ပြောပြလိုက်၏။

'ဘယ်သူလဲဟေ့'

'ဟိတ်ကောင် မြဒင် သွားကြည့်စမ်းကွာ'

'ဟုတ်ကဲ့'

မြဒင်သည် ပဲ့ပိုင်းမှာ လူရိပ်မြင်လိုက်ရသဖြင့် သေနတ်ကို အသင့်အနေအထားချိန်ကာ လျှောက်သွား၏။ ထိုအချိန်တွင် စားပွဲပေါ်တွင် လူနှစ်ဦးကျောခိုင်းထိုင်ကာ အရက်သောက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် မွေးကြီးတစ်ယောက် ပြန်ရောက်လာ၏။ သူ့ကို မြင်သည်နှင့် လက်မထောင်ပြလိုက်၏။

နှစ်ဦးစလုံး စားပွဲပေါ်မှ လူနှစ်ဦးကို အပြတ်ရှင်းရန် အချက်ပြလိုက်၏။ ပြီးသည်နှင့် စားပွဲအနီးသို့ ခြေလှမ်းဖော့ပြီး အပြေးကပ်ကာ ထိုင်နေသူ နှစ်ဦးကို တစ်ယောက်တစ်ချက်စီ ရိုက်ချလိုက်၏။

ဒုတ်ခနဲ မြည်သံနှင့်အတူ လူဆိုးနှစ်ဦးစလုံး ခွေကျသွား၏။ ထိုအခါ ဖျပ်ခနဲ ကောက်ပွေ့ကာ မြစ်ထဲပစ်ချလိုက်၏။

ထိုအချိန်တွင် သူတို့အနီးသို့ လူတစ်ဦး လှစ်ခနဲ ရောက်ရှိလာ၏။

'စိုင်းနွတ်'

'ဟုတ်တယ် စဝ်'

'ဘယ်လို အခြေအနေလဲ'

'အောက်ထပ် ညှော်ခန်းထဲမှာ အစည်းအဝေးလုပ်နေကြတယ်'

'ဟုတ်လား. . ဒါဆို ဆင်းမလား'

'ဆင်းလေ'

သူတို့ သုံးဦး ပေါင်းမိသွား၏။ စိုင်းနွတ်သည် ရှေ့မှ ဦးဆောင်လျှောက်ခဲ့ပြီး အောက်ထပ်ညှော်ခန်းသို့ ဆင်းသည့်လှေကားလေး အတိုင်း ဆင်းခဲ့ကြ၏။

ခြေသံလုံလုံထားပြီး ဆင်းခဲ့ကြရာ စားပွဲခုံတန်းရှည်ကြီးကို မြင်လိုက်ရ၏။ စားပွဲဘေးတွင် လူငါးဦးထိုင်နေပြီး၊ အလယ်တည့်တည့်





တွင် အမျိုးသမီးကလေး ထိုင်နေ၏။ ဝိုးတဝါးမို့ ဘယ်သူဘယ်ဝါမှန်း မသိ။

လှေကားအလယ်ဆင့်အရောက်တွင် မျက်နှာကျက်တွင် ဆွဲထားသော မီးဆိုင်းကြီးကိုမြင်လိုက်ရ၏။ ပြီး ယင်းကြိုးနှင့် ယှဉ်၍ သံမဏိကြိုးကြီးတစ်ခု သွယ်တန်းထားတာပါ တွေ့လိုက်ရသဖြင့် စဝ်ရန်နိုင်သည် ယင်းကြိုးကြီးကို တွဲလွဲခိုပြီးဝင်ခဲ့၏။

စားပွဲပေါ်တွင် ထိုင်နေကြသော လူတစ်စုမှာ ဖြူဖြူအမှုန့်ထုပ်ကလေးများကို ပစ္စည်းအစုံလင်နှင့် သည်းကြီးမဲကြီး စစ်ဆေးနေကြ၏။

ထိုအချိန်တွင် စဝ်ရန်နိုင်သည် ကြိုးကို တွဲလွဲခိုရင်း တရွေ့ရွေ့တိုးရွှေ့ခဲ့ရာ စားပွဲခုံအလယ်တည့်တည့်သို့ရောက်လာ၏။

ထိုအခါ ခါးကြားမှ သေနတ်ကို လက်တစ်ဘက်က ဆွဲထုတ်လိုက်ပြီး စားပွဲသို့ ခုန်ချလိုက်လေ၏။

'ဝုန်း'

'ဟာ. . ဘာကြီးလဲဟ'

'အောင်မယ်လေး'

'အို'

အားလုံးအံ့အားသင့်ပြီး ကြက်သေသေနေကြ၏။ ထိုအချိန်တွင် စဝ်ရန်နိုင်သည် လက်ထဲမှ သေနတ်နှင့် အမျိုးသမီးငယ်ကို ထိုးချိန်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'မလှုပ်နဲ့..လှုပ်တာနဲ့ အပစ်ပဲ'

'ဟင်..ရှင်...ရှင်'

'ဩော်..ဘယ်သူများလဲလို့ သက်ဖူးငုံကိုး'

'ဩော်..စုံထောက်ကြီးကိုး'

'ဟုတ်ပါ့ဗျာ..ဉာဏ်များမယ်တော့ မကြံနဲ့နော်..ကျုပ်လက်ထဲက သေနတ်က ကလေးကစားစရာမဟုတ်ဘူးဗျ'

'ဟုတ်ပါ်လား..ဟင်း..ဟင်း'

သက်ဖူးငုံသည် စစ်ရန်နိုင်ကို ကြည့်ရင်း တဟင်းဟင်း ရယ်နေ၏။ ခုံနဘေးတွင် ထိုင်နေကြသော လူထွားကြီးများမှာ သူတို့နှစ်ဦး၏ အဖြစ်ကို ကြောင်စီစီကြည့်နေကြ၏။

စစ်ရန်နိုင်သည် လူထွားကြီးများကို လှည့်ကြည့်လိုက်ရာ အံ့အားသင့်သွား၏။ မျက်နှာပေါ်တွင် အနီအပြာအဝါစသော ကာလာရောင်များခြယ်သထား၏။

နှုတ်ခမ်းနီကိုလည်း ရဲနေအောင်ဆိုးထား၏။ စစ်ရန်နိုင်မှာ သူတို့အသွင်ကို ကြည့်ပြီးစိတ်ထဲတွင် ရယ်ချင်သွား၏။

ထိုအချိန်တွင် လှေကားထစ်ပေါ်တွင် ပုန်းအောင်းနေသော မွေးကြီးတစ်ယောက် ဆင်းလာ၏။ စားပွဲနားရောက်သည်နှင့် အံ့အားသင့်သွား၏။

'ဟာ..ဘယ်လိုဟာကြီးတွေလဲ'

'မပြောတတ်ပါဘူး'





'ဩော်..ရှင်တို့က လက်ဦးမှုယူထားတာကိုး'

'မလှုပ်နဲ့ သက်ဖူးငုံ..မင်း ဘာတွေလုပ်နေတယ်ဆိုတာ ငါသိတယ်..ဂ..ထစမ်း'

'အို..ဘာလုပ်ဖို့လဲ'

'ထစမ်းဆိုကွာ..ကဲ..ဟိုကောင်တွေပါထ'

'ဟင်..ဟုတ်..ဟုတ်ကဲ့'

လူထွားကြီးငါးဦးမှာလည်း တုန်တုန်ယင်ယင်နှင့် ထလိုက်၏။ မွေးကြီးသည် လူဝကြီးငါးဦးကို လက်ပြန်ကြိုးတုပ်ပစ်လိုက်၏။

ထိုအချိန်တွင် ရယ်မောသံကြီးနှင့်အတူ အော်ဟစ်သံကို ကြားလိုက်ရသဖြင့် စစ်ရန်နိုင်တို့ နှစ်ဦး လှည့်ကြည့်လိုက်၏။

'ဟာ'

'ဟင်'

'ဦးတိုးမော်'

'ဟုတ်ပါတယ်..စုံထောက်ကြီးရယ်..ကျွန်တော် တိုးမော်ပါ'

'ခင်..ခင်ဗျာ..လက်ထဲက ကောင်မလေးကို လွှတ်လိုက်ပါဗျာ...ဒီကိစ္စ သူနဲ့ဘာမှမပတ်သက်ဘူးဗျ'

'အိုး..ဘာလို့ လွှတ်ရမှာလဲဗျ..ဟဲ..ဟဲ'

စစ်ရန်နိုင်ရော မွေးကြီးပါဦးနှောက်စားသွား၏။ ဦးတိုးမော်မှာ ယခုတော့ အကောင်းပကတိလူသားအသွင်ပင်။ ပြီးတော့ သူ့ရင်ခွင်ထဲတွင် မဒီငြိမ်းချမ်းရောက်ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးမှာ တဟင့်ဟင့်နှင့် ငိုရှိုက်နေ၏။ ဦးတိုးမော်၏ လက်ထဲမှ ရွှေရောင်သေနတ်ကလေးက မဒီငြိမ်းချမ်း၏ လည်တိုင်ကို ထောက်ထား၏။

ဦးတိုးမော်သည် သူတို့နှစ်ဦးကို ပြုံးစစနှင့် ကြည့်ရင်း အမိန့်ပေးလိုက်၏။

'ကဲ. . မင်းတို့နှစ်ယောက် နောက်ဆုတ်စမ်း'

ဦးတိုးမော်သည် မဒီငြိမ်းချမ်းကို ချုပ်နှောင်ရင်းရှေ့သို့ တဖြည်းဖြည်း လျှောက်လာ၏။ မွေးကြီးတို့နှစ်ဦးမှာ အခြေအနေကို ကြည့်နေ၏။ ထိုအချိန်တွင် စားပွဲထိပ်တွင် မတ်တပ်ရပ်နေသော သက်ဖူးငုံက တဟင်းဟင်းနှင့် ရယ်မောလိုက်၏။

'ဘယ်လိုလဲ စုံထောက်ကြီးတို့ရဲ့. . . ရှင်တို့ကို ရှင်တို့ လည်လှပြီအောင်းမေ့နေကြတာ. . ခုတော့ ဘာတတ်နိုင်ကြသေးလဲ. . ဟင်းဟင်း. . သက်ဖူးငုံတို့ကို ရှင်တို့က လျှော့တွက်တာကိုး. . . ဟင်းဟင်း. . ခုတော့ ရှင်တို့ဘာလုပ်နိုင်သေးလဲ'

သက်ဖူးငုံ၏ အပြုံးကား ကြောက်စရာကောင်းလှ၏။ စားပွဲပေါ်တွင် ထိုင်နေကြသော လူထွားကြီးငါးဦးမှာလည်း စဝ်ရန်နိုင်တို့လူစုကို သေနတ်များနှင့် ချိန်ရွယ်ထားလိုက်ကြ၏။

ထိုစဉ် ဦးတိုးမော်က သက်ဖူးငုံကို လှမ်းပြောလိုက်၏။

'သက်ဖူး'

'ရှင်'





'ကိုကိုကြီးဆီ ဖုန်းဆက်. . . . ဒီမှာ ကြာကြာနေလို့ မဖြစ်ဘူး ဖြစ်နိုင်ရင် အမြန်ဆုံး စီစဉ်စမ်းကွာ'

'ဟုတ်ကဲ့'

သက်ဖူးငုံသည် သူ့ဆလင်းဘက်အိတ်ကလေးထဲမှ ဆယ်လူလာ ဖုန်းကို ထုတ်ကာ နံပါတ်ကလေးတွေ တထောက်ထောက်နှိပ်လိုက်၏။

ထို့နောက် လေသံတိုးတိုးနှင့်ပြောလိုက်၏။

စဝ်ရန်နိုင်တို့ လူစုမှာ အခြေအနေကို စောင့်ကြည့်နေကြ၏။ ထိုအချိန်တွင် သက်ဖူးငုံက ဦးတိုးမော်ကို လှမ်းပြောလိုက်၏။

'ခုချက်ချင်းလာခဲ့မယ်တဲ့'

'ဟင်း. . ဒါဆိုအတော်ပဲ. . ဒီလူတွေရောက်လာတာ. . တို့လုပ်ငန်းအတွက် အနှောက်အယှက်ဖြစ်တယ်ကွ. . ကဲ. . ဟော့ကောင်နစိန်'

'ဗျာ. . ဆရာကြီး'

'အဲဒီကောင် သုံးကောင်ကို လက်ပြန်ကြိုးတုတ်ကွာ. . ပြီးတော့ ကပ်မိုင်းပါ ချည်ထားလိုက်'

'အိုကေ. . . ဆရာကြီး'

အသားမည်းမည်းနှင့် လူထွားကြီးက သူတို့အနားကပ်လာကာ သုံးယောက်စလုံးကို မနီလာကြိုးနှင့် ပူးချည်နှောင်လိုက်၏။

ထို့နောက် မီးနီကလေးပွင့်ချည်ပိတ်ချည်နှင့် နံပါတ်ကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေ တစ်ခုပြီးတစ်ခု ပြောင်းလဲနေသော ကပ်မိုင်းခလုတ်ကို နှိပ်ကာ စဝ်ရန်နိုင်တို့ သုံးဦးကြားတွင် ကပ်ထားလိုက်၏။

'ပြီးပြီ ဆရာကြီး'

'ဟုတ်လား . . ဒါဆို တို့အပေါ်တက်ကြစို့'

ဦးတိုးမော်တို့လူစုသည် မော်တော်ကုန်းပတ်ပေါ်သို့ ပြေးတက်သွားကြ၏။ စဝ်ရန်နိုင်တို့ လူစုမှာ လှေကားပေါ်သို့ တဒုန်းဒုန်း ပြေးတက်သွားသော ဦးတိုးမော်တို့ကို စောင့်ကြည့်နေ၏။

သတို့အပေါ်သို့ ရောက်သွားသည်နှင့် စဝ်ရန်နိုင်သည် ခေါင်းကို ခြေဖျားအထိ ငုံ့လိုက်ကာ ခြေသလုံးကြားတွင် ဝှက်ထားသော ဓါးတိုကလေးကို ပါးစပ်နှင့်ကိုက်၍ ထုတ်လိုက်၏။ ထို့နောက် ပါးစပ်ထဲ ဓါးပါလာသည်နှင့် ဓါးကိုသူတို့သုံးယောက်ကြားပစ်ချလိုက်ပြီး အောက်မှ လက်နှင့်ဖမ်းထားလိုက်၏။

ထို့နောက် ဓါးတိုကလေးဖြင့် မနီလာကြိုးကို ကြိတ်လှီးလိုက်၏။ ကြိုးမှာ ကြိုးသေးလေးများကို စုကျစ်ထားသဖြင့် ဖြည်းဖြည်းခြင်း လှီးဖြတ်ရလေ၏။

ထိုအချိန်တွင် တဝေါဝေါနှင့် မြည်သံကြားလိုက်ရ၏။

'ဟာ . . ဟတ်စကီး အသံကြီးပါလားကွ'

'ဟိုကောင်တွေ . . လစ်ကြတော့မယ်နဲ့ တူတယ် မြန်မြန် လုပ်ကွ'

'အေးပါကွ'





စဝ်ရန်နိုင်သည် လက်ထဲမှ ဓါးကလေးဖြင့် ကြိတ်လှီးနေစဉ် ရာ နောက်ဆုံး ထောက်ခနဲ မြည်သံနှင့်အတူ လက်မှကြိုးကလေး ပြုတ်ထွက်သွား၏။

ထိုအခါ ကပ်မိုင်းနံပါတ်ကို ကြည့်လိုက်ရာ အမှတ်တစ်ဆယ်ကို ညွှန်ပြနေ၏။ စဝ်ရန်နိုင်သည် ကပ်မိုင်းကို အမြန်ထုတ်လိုက်ပြီး ပူးတွဲ ချည်နှောင်ထားသော ဝါယာကြိုးနှစ်ချောင်းကို ဓါးနှင့်ဖြတ်ချလိုက်၏။

ဖောက်ခနဲ မြည်သံနှင့်အတူ အနီရောင်မီးလုံးကလေးမှာ ပိတ်သွား၏။ ထိုအခါ မွေးကြီးနှင့် စိုင်းနွံတို့လက်မှ ကြိုးကို အမြန်ဆုံးဖြတ်တောက်လိုက်၏။

'ဟာ . . နီးနေပြီကွ'

'ပြီးပါပြီကွာ'

လက်မှ ကြိုးများပြေသွားသည်နှင့် သူတို့သုံးဦးလှေကားအတိုင်း သင်္ဘောကုန်းပတ်ပေါ်သို့ တစ်လှမ်းချင်းတက်ခဲ့ကြ၏။ ထိုအချိန်တွင် မြစ်ပြင်၏ အရှေ့ဘက်မှ နေ၍ မီးရောင်တစ်လက်လက်နှင့် ဟတ်စကီးယာဉ်ကြီး ပျံသန်းလာပေရာ၊ မော်တော်အနီးသို့ ရောက်ရှိလာ၏။

စဝ်ရန်နိုင်တို့ သုံးဦး သေတ္တာကြီးများ ကွယ်ကာ အခြေအနေ စောင့်ကြည့်နေ၏။ ထိုအချိန်တွင် ရဟတ်ယာဉ်ကြီးပေါ်မှ ကြိုးလှေကားချပေးလာရာ ဦးတိုးမော်တို့ လူစုတစ်ယောက်ပြီးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တက်နေသည်ကို တွေ့လိုက်ရ၏။ ဆယ့်ငါးမိနစ်အကြာတွင် ရဟတ်ယာဉ်ပေါ်သို့ လူစုံတက်စုံရောက်ရှိသွားသဖြင့် ရဟတ်ယာဉ်ကြီးသည် မော်တော်နှင့်ဝေးရာသို့ ပျံသန်းဖို့ပြင်လိုက်၏။

ထိုစဉ် သေတ္တာကြီးနောက်တွင် ပုန်းကွယ်နေသော စစ်ရန်နိုင်သည် ရဟတ်ယာဉ်ကြီးပေါ်မှ ချထားသော ကြိုးလှေကားကို ခုန်၍ဆွဲလိုက်ပြီး တစ်ထစ်ခြင်း လျှင်မြန်စွာ တက်လိုက်၏။

ထိုအချိန်တွင် ရဟတ်ယာဉ်ကြီးမှာ တဝေါဝေါမြည်သံနှင့် ကောင်းကင်ယံပေါ်သို့ ပျံတက်သွားပြီဖြစ်လေသည်။

စစ်ရန်နိုင်သည် ကြိုးလှေကားအတိုင်း လျှင်မြန်စွာ တက်ခဲ့ပေရာ နောက်ဆုံးတွင် ရဟတ်ယာဉ် အောက်ဘက်ရှိ သံမဏိဘီးခေါက်ကြီးကို ခိုမိသွား၏။

ထိုအချိန်တွင် ရဟတ်ယာဉ်ကြီးမှာ မြစ်ပြင်ကို ဖြတ်ကာ တဝေါဝေါမောင်းထွက်လာ၏။ ကောင်းကင်ကြီးတစ်ခုလုံးမှာလည်း မှောင်နှင့်မည်းမည်းဖြစ်နေ၏။

ဟတ်စကီးကြီးမှ စလိုက်မီးကလည်း လင်းထိန်နေ၏။ လေထုကလည်း တဝူးဝူးနှင့် ပြင်းထန်စွာ တိုက်ခတ်နေ၏။ စစ်ရန်နိုင်မှာ ဘီးခေါက်ကို အမိအရခိုတွယ်ရင်း လိုက်ခဲ့၏။

ထိုစဉ် လက်မှ ရာဒိုနာရီ၏ စကားပြောစက်ကို ဖွင့်ကာ မွေးကြီးတို့နှင့် ရောက်ရှိနေသည့်နေရာဒေသကိုလည်း ဆက်သွယ်လိုက်၏။





တစ်နာရီနီးပါးခန့် အကြာတွင် ပင်လယ်ဝသို့ ရောက်ရှိလာ၏။ စစ်ရန်နိုင်သည် လေတဟူးဟူးတိုက်ခတ်နေသည့်ကြားမှ အောက်သို့ ငုံ့ကြည့်လိုက်၏။

ပင်လယ်ဝတွင် ပင်လယ်ကူးသင်္ဘောကြီးတစ်စင်း မီးရောင်တလင်းလင်း တထိန်ထိန်နှင့် တွေ့လိုက်ရ၏။ ထိုစဉ် ရဟတ်ယာဉ်ကြီးမှာ တဖြည်းဖြည်းအောက်သို့ နိမ့်ဆင်းလာ၏။

သင်္ဘောကြီး၏ ကုန်းပတ်ပေါ်မှလည်း အချက်ပြမီးထိုးလာသည်ကို တွေ့လိုက်ရသဖြင့် အခြေအနေကို ဆယ်မိနစ်ခန့်စောင့်ဆိုင်းအကဲခတ်လိုက်၏။

ထိုစဉ် ရဟတ်ယာဉ်ကြီးမှ သင်္ဘောကုန်းပတ်ပေါ်သို့ ဆင်းရန် စက်သံပါလျော့လာ၏။ စစ်ရန်နိုင်သည် သင်္ဘောကြီး၏ အနီးတစ်ဝိုက်ကို အကဲခတ်လိုက်၏။ မြစ်ပြင်တွင် လှေသင်္ဘောများ သွားလာနေသည်ကို မတွေ့ရသဖြင့် ရဟတ်ယာဉ်ဘီးခေါက်ပေါ်မှနေ၍ ပင်လယ်ထဲသို့ ဖျပ်ခနဲ ခုန်ချလိုက်လေ၏။

ထိုအချိန်တွင် ရဟတ်ယာဉ်ကြီးမှာ သင်္ဘောကုန်းပတ်ပေါ်သို့ တဝေါဝေါထိုးဆင်းလာပြီဖြစ်၏။

ကုန်းပတ်ပေါ်မှ ဆလိုက်မီးတွေကလည်း ရဟတ်ယာဉ်ကြီးကို ထိုးထား၏။ သို့နှင့်ရဟတ်ယာဉ်ကြီးသည် ကုန်းပတ်ပေါ်သို့ ဖြည်းဖြည်းခြင်း ဆင်းသက်သွားလေတော့၏။

ထိုအချိန်တွင် စစ်ရန်နိုင်သည် ပင်လယ်ထဲတွင် လက်ပစ်ကူး



www.burmeseclassic.com

www.burmeseclassic.com



ရင်း သင်္ဘောကြီးအနားသို့ ရောက်ရှိလာ၏။ ရေထဲတွင် အသည်းအသန်ကူးခတ်ခဲ့ရသဖြင့် မောဟိုက်နေသော်လည်း၊ ပင်ပန်းနွမ်းနယ်မှုကို ဂရုမပြုအား၊

သင်္ဘောကြီးဦးပိုင်းသို့ ကူးခတ်ခဲ့ပြီး ရေထဲသို့ ချထားသည့် ကျောက်ဆူးသံမဏိကြိုးကြီးအတိုင်း တွယ်၍ တက်ခဲ့၏။

သင်္ဘောကြီးမှာ သုံးထပ်သင်္ဘောကြီးဖြစ်ပြီး၊ အခိုင်အမာဆောက်လုပ်ထားပေသည်။ စဝ်ရန်နိုင်သည် သံမဏိကြိုးကြီးကို ကိုင်တွယ်၍ တက်ခဲ့ရာ သင်္ဘောစက်ခန်းအထပ်သို့ ရောက်ရှိလာ၏။

ထိုအခါ ကုန်းဘောင်ပေါ်သို့ လွှားခနဲ ခုန်ကူးရင်း အရေပေါ်ထွက်ပေါက်တံခါးကို တွေ့လိုက်ရ၏။

တံခါးကို အသေပိတ်ထားသည် မဟုတ်သဖြင့် သံမဏိလက်ကိုင်ကွင်းကို လှည့်၍ ဖွင့်လိုက်ပြီး အထဲသို့ လျင်မြန်စွာ ဝင်လိုက်၏။ ထို့နောက် တံခါးကို အသေအချာပြန်ပိတ်လိုက်ပြီး ခေတ္တအပန်း ဖြေလိုက်၏။ ထိုစဉ် ရာဒီစကားပြောစက်ကလေးနှင့် မွေးကြိုးတို့ကို အဆက်အသွယ်လုပ်လိုက်ပြီး သင်္ဘောကြီးရှိမည့်နေရာကိုပါ အသေးစိတ်ပြောကြားလိုက်၏။

ထို့နောက် အရေးပေါ်ထွက်သည့် လမ်းကလေးအတိုင်း ဝင်ခဲ့ရာ သင်္ဘောအင်ဂျင်ဇက်ကြီးများထားသည့် အခန်းထဲ သို့ ရောက်ရှိခဲ့၏။

အခန်းတစ်ခုလုံး စက်သံနှင့် ဆူညံနေ၏။ စဝ်ရန်နိုင်သည်





အင်ဂျင်ပိုက်ကြီးများအောက်မှ ကိုယ်ရောင်ဖျောက်ကာ ဝင်ခဲ့ပြီး သင်္ဘောဝမ်းဗိုက်ပိုင်းဘက်သို့ လျှောက်လာခဲ့၏။

အလုပ်သမား သုံးလေးဦးမှာ တိုင်ကီကြီးတစ်လုံးထဲမှ အင်ဂျင်ဆီများကို ထုတ်ယူရင်း စကားတပြောပြောနှင့်လုပ်နေကြ၏။

စဝ်ရန်နိုင်သည် သူတို့လူစုကို ရှောင်ရှားရင်း ရှေ့သို့ ဆက်၍ လျှောက်ခဲ့ရာ သံမဏိလှေကားကြီးကို တွေ့လိုက်ရသဖြင့် လှေကားကြီးအတိုင်း ခပ်သွက်သွက် တက်ခဲ့လေ၏။

သတိတရားကိုလည်း လက်လွှတ်မခံ၊ မျက်စိဖွင့် နားဖွင့်ဖြင့် တက်ခဲ့ပေရာ၊ သင်္ဘောကြီး၏ ဒုတိယအထပ်သို့ ရောက်ရှိလာ၏။

သင်္ဘောကြီး၏ တည်ဆောက်ထားပုံမှာ အံ့အားသင့်ဖွယ်ရာပင်။ စားသောက်ခန်း၊ အိပ်ခန်း၊ ဧည့်ခန်း၊ နားနေခန်း စသည်ဖြင့် ခန်းမကြီးတွေ တည်ဆောက်ထားပြီး လူသူစည်ကားနေ၏။

ထိုအချိန် လှေကားအတိုင်း တက်လာသော သင်္ဘောဝန်ထမ်းတစ်ဦးကို တွေ့လိုက်ရသဖြင့် စက်ခန်းနောက်တံခါးတွင် ဝင်နေလိုက်၏။ သင်္ဘောအမှုထမ်းသည် စဝ်ရန်နိုင် ပုန်းအောင်းနေသည့် အခန်းထဲသို့တည့်တည့်မတ်မတ်ကြီး ဝင်လာလေရာ၊ ဒုတ်ခနဲ မြည်သံနှင့်အတူ ခွေလဲသွားလေတော့၏။

စဝ်ရန်နိုင်မှာ သူ့ လက်စ လက်နကို သူယုံ၏။ ဝင်လာသော ပုဂ္ဂိုလ်၏ ညာဘက်ပခုံးကို ဖြတ်ပြီး လက်ဝါးစောင်းနှင့် ခုတ်ချလိုက်ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



လဲကျနေသော ပုဂ္ဂိုလ်မှာ တုတ်တုတ်မျှမလှုပ်နိုင်တော့ပေ။ ထိုအခါ သူ့ဆီမှ အဝတ်အစားနှင့် ဘောင်းဘီများကို ချွတ်ကာ အမြန်ဆုံး လဲလိုက်၏။ ပြီးသည်နှင့် သူ့ကက်ဦးထုပ်အပြာရောင်ကို ခပ်ငိုက်ငိုက်ဆောင်းပြီးအပြင်သို့ ထွက်ခဲ့လေ၏။

သင်္ဘောကြီး၏ ဒုတိယထပ်မှာနိုင်ငံခြားသားများက လူမျိုးစုံလှ၏။ တစ်ခန်းဝင် တစ်ခန်းထွက်နှင့် သွားလာနေကြ၏။

စစ်ရန်နိုင်သည် အခန်းကြီးများ အပြင်ဘက်ရှိ ကုန်းပတ်လမ်းကလေးအတိုင်းလျှောက်ခဲ့ရင်း မှန်အတွင်းဘက်ရှိ လူများကို အကဲခတ်လိုက်၏။

အချို့မှာ စားပွဲများတွင် စုဝေးထိုင်ကာ စားသောက်နေကြသလို၊ အချို့မှာလည်း ကခုန်ပျော်ပါးနေကြ၏။ စစ်ရန်နိုင်သည် တစ်ခန်းပြီးတစ်ခန်း ဖြတ်ကျော်ခဲ့ရင်း ဦးတိုးမော်တို့ လူစုကို ရှာလိုက်၏။

တစ်ယောက်တစ်လေမျှ မတွေ့ရသည်မို့ အပေါ်ဆုံးထပ်သို့ တက်သည့်လှေကားအနားရောက်သွား၏။ ထိုစဉ် လှေကားပေါ်မှ ဆင်းလာသူကို မြင်လိုက်ရတော့ သူအံ့အားသင့်သွား၏။

ထိုသူမှာ အခြားတော့ မဟုတ်ပါချေ။ ဦးတိုးမော်တို့ အဖွဲ့ထဲမှ လူထွားကြီးတစ်ဦးဖြစ်သည်။ အောက်ထပ်သို့ လှေကားအတိုင်း ဆင်းလာသည့် လူထွားကြီးကို တွေ့လိုက်သည်နှင့် လှေကားအနောက်ဘက်သို့ ပြေးကပ်လိုက်၏။

လူထွားကြီးကတော့ ဒုတိယထပ်ရောက်သည်နှင့် သင်္ဘောကြီး





၏ ရေအိမ်ထဲဝင်သွားလေသည်။ စစ်ရန်နိုင်သည် လူထွားကြီး ဝင်သွားသော ရေအိမ်ထဲသို့ လိုက်ခဲ့၏။

ရေအိမ်တံခါးကို အသေပိတ်လိုက်ပြီး အထဲသို့ တစ်လှမ်းချင်း ဝင်ခဲ့၏။ အထဲတွင် အညစ်ကြေးစွန့်သူ ရှင်းနေ၏။

ထိုအချိန်တွင် တံခါးတစ်ချပ်ပွင့်လာသည်ကို တွေ့လိုက်ရသဖြင့် အခန်းတစ်ခန်းထဲဝင်၍ ကပ်နေလိုက်၏။ တံခါးပွင့်၍ ထွက်လာသူမှာ လူထွားကြီးပင်ဖြစ်သည်။ သူသည် လက်ဆေးအင်တုံတွင် လက်တွေ၊ မျက်နှာတွေ ဆေးကြောနေ၏။

ထိုစဉ် အခန်းထဲတွင် ပုန်းအောင်းနေသော စစ်ရန်နိုင်သည် အပြင်သို့ ပြေးထွက်လာပြီး လူထွားကြီး၏ ဇက်ပိုးကို နောက်ကျောမှ သေနတ်ဒင်နှင့် ရိုက်ချလိုက်၏။

'ဝှစ်'

'ဒုတ် . . ဖြောင်း'

'ဂွမ်း'

'အောင်မယ်လေး'

ရိုက်ချက်က ပြင်းထန်လှသည်မို့ လူထွားကြီး၏ မျက်နှာမှာ အင်တုံအနောက်ဘက်ရှိ မှန်ချပ်ကြီးထဲသို့ ဂွမ်းခနဲ မြုပ်ဝင်သွား၏။

စစ်ရန်နိုင်သည် လူထွားကြီး၏ ဂုတ်ပိုးကို ဖျပ်ခနဲ ဆွဲထုတ်လိုက်၏။ သူမျက်နှာပေါ်တွင် မှန်စကြီးများ ထိုးထိုးထောင်ထောင်နှင့် စိုက်ဝင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟင်. . မင်း. . မင်း. . . စဝ်. . စဝ်ရန်နိုင်'

'ဟုတ်တယ်. . မလှုပ်နဲ့နော်. . ကျုပ်သေနတ်က လူရွေးတာမဟုတ်ဘူး'

'မင်း. . . မင်းဘာလုပ်မလို့လဲ'

'ကျုပ်မေးတာဖြေစမ်း'

'ဟုတ်. . ဟုတ်ကဲ့ ဖြေပါ့မယ်'

လူထွားကြီးမှာ မျက်လုံးအပြူးသားနှင့် ငိုမဲ့မဲ့ဖြစ်နေ၏။ မျက်နှာပေါ်တွင်လည်း သွေးတွေက စီးကျနေ၏။ ဆေးမှင်ကြောင်တွေကို မျက်နှာအနှံ့အပြားထိုးထားသဖြင့် သရဲသဘက်ကြီးအလားထင်ရ၏။

'ဟော့ကောင်. . . တိုးမော်တို့ အပေါ်ထပ်မှာလား'

'ဟုတ်. . ဟုတ်ပါတယ် ခင်ဗျာ'

'ဘယ်အခန်းလဲ ပြောစမ်း'

'ဟို. . ဟို'

'ပြောလေကွာ'

'အခန်းနံပါတ် သုံး ပါ ခင်ဗျာ'

'သေချာတယ်နော်'

'သေချာပါတယ်ဗျာ'

'ကဲဒါဆိုရင်. . မင်းအနားယူဦးကွာ'

'ဝှစ်'





'ဒေါက်'

'အောင်မလေး'

စဝ်ရန်နိုင်သည် လူထွားကြီး၏ ချိုစောင်းကို သေနတ်ဒင်နှင့် ခပ်ပြင်းပြင်း ဖြတ်ရိုက်လိုက်ရာ၊ ကြမ်းပြင်ပေါ်သို့ ခွေကျသွား၏။ ထိုအခါ လူထွားကြီး၏ ခြေနှစ်ချောင်းကို ဆွဲ၍ ရေအိမ်ခန်းတစ်ခန်းထဲ ထိုးထည့်လိုက်ပြီး တံခါးပိတ်လိုက်၏။

ထို့နောက် ကြေမွနေသော အင်္ကျီများကို ဆွဲဆန့်ရင်း ခေါင်းပေါ်မှ ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆောင်းကာ ရေအိမ်ခန်းကြီးထဲမှ တံခါးဖွင့်ထွက်ခဲ့၏။

အပြင်ဘက်မှာတော့ နိုင်ငံခြားသား သုံးလေးဦးက မျက်နှာရှုံ့မဲ့ရှုံ့မဲ့နှင့် စောင့်မျှော်နေကြ၏။ စဝ်ရန်နိုင်သည် သူတို့ကို ပခုံးတွန့်ပြလိုက်ပြီး လှေကားဘက်သို့ ထွက်ခဲ့လေ၏။

အခုထိတော့ အခြေအနေက ကောင်းနေဆဲ။ ထို့ကြောင့် လှေကားအတိုင်းခပ်တည်တည်နှင့်တက်ခဲ့ရာ သင်္ဘောကြီး၏ အပေါ်ဆုံးထပ်သို့ရောက်ရှိလာ၏။

လူတစ်ယောက်စ နှစ်ယောက်စသာကုန်းပတ်လမ်းပေါ်တွင် ရပ်နေတာ တွေ့လိုက်ရ၏။ စဝ်ရန်နိုင်သည် အခန်းများဘက်သို့ ခပ်တည်တည်နှင့်လျှောက်ခဲ့ရင်း အခန်းတွေထဲကို ကြည့်လိုက်၏။

အခန်းနံပါတ်သုံးအရောက်တွင် ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းရင်း ကာထားသော မှန်အတွင်းပိုင်းကို ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်စားပွဲကြီးတစ်လုံးပေါ်တွင် ဦးတိုးမော်တို့ လူစု အကျအနထိုင်နေကြ၏။ စားပွဲပေါ်တွင်လည်း ဘိန်းဖြူထုပ်များ၊ ငွေစက္ကူများ၊ အရက်ပုလင်းများ တင်ထားသည်ကို တွေ့လိုက်ရ၏။

ဦးတိုးမော်မှာ ရယ်ရယ်မောမောနှင့် အောင်မြင်သူကြီးလုပ်နေ၏။ သူ့ညာဘက်နံဘေးတွင် ရုပ်ချင်းဆင်လှသော လူကြီးတစ်ဦး ထိုင်နေ၏။

သူ၏ ဘယ်ဘက်တွင်တော့ သက်ဖူးငုံတစ်ယောက် ဘီယာခွက်ကို ဖိမ်ခံသောက်နေတာ မြင်လိုက်ရ၏။ စစ်ရှန်နိုင်သည် အခန်းထဲမှ လူများကို ကြည့်ရင်းအခြေအနေကို တွက်ချက်လိုက်၏။

အားလုံး လူခုနစ်ယောက်၊ ခေါင်းချင်းဆိုင်ပြီး ပျော်ပါးနေကြ၏။

ထိုအချိန်တွင် စစ်ရှန်နိုင်သည် အခန်းတံခါးလက်ကိုင်ဘုကို အသာလှည့်ဖွင့်ကာ အထဲသို့ ဖျပ်ခနဲ ဝင်လိုက်၏။

ထို့နောက် သူတို့လူစုရှိရာ ကျောက်စားပွဲကြီးဆီသို့ ကစ်လှမ်းချင်း လျှောက်ခဲ့၏။ ထိုစဉ် ဦးတိုးမော်က သူ့ကို သဘော်အမှုထမ်း အထင်နှင့် လှမ်းအော်လိုက်၏။

'ဟေ့. . ဘီယာနှစ်ကတ်လောက် ထပ်ပြီးယူခဲ့ဦးလေကွာ'

'ဟုတ်ကဲ့'

အသံဖျက်ပြောလိုက်ရင်း အခန်းထောင့်ကို လှမ်းကြည့်လိုက်၏။ ဘီယာကတ်တွေ အထပ်လိုက် တွေ့သဖြင့် ကတ်တစ်ကတ်





ပခုံး ပေါ်ထမ်းတင်လိုက်ပြီး စားပွဲကြီးအနားသို့ လျှောက်ခဲ့၏။

'အလယ်မှာချဟေ့'

'သောက်ကြကွာ. . ဒါ. . ငါတို့ မောင်နှမ နှစ်ယောက်ရဲ့ အောင်ပွဲပဲကွ. . ငါတို့အပေါ်အထင်သေး အမြင်သေးနဲ့ လူမဆန်အောင်ဆက်ဆံခဲ့တဲ့ လူတွေအပေါ် အနိုင်ရရှိခဲ့မှုပဲဟေ့'

'ဟုတ်တာပေါ့'

'သောက်. . သောက်ကြဟေ့'

စစ်ရှန်နိုင်သည် ပခုံးပေါ်ထမ်းလာသော ဘီယာကတ်ကြီးကို ကျောက်စားပွဲအလယ်သို့ ချပေးချင်ယောင်ဆောင်ပြီး ဦးတိုးမော်၏ မျက်နှာဆီသို့ 'ဝုန်း'ခနဲ ပေါက်ချလိုက်လေ၏။

'ဝုန်း'

'ဒိုင်း'

'အောင်မယ်လေး'

'ဘယ်လိုဖြစ်တာလဲ ရှင့်'

'မြင်တဲ့အတိုင်းပဲလေ'

'ဟင်'

'ဟာ. . စစ်ရှန်နိုင်'

'ဟင်းဟင်း. . ခင်ဗျားတို့ ပြေးလို့မလွတ်ပါဘူးဗျာ၊ ကျုပ်အကြောင်းကို ခင်ဗျားသိသားပဲ. . ဘယ်တော့မှ လွယ်လွယ် ထွက် ဦးတိုးမော် ကဲ. . အားလုံးငြိမ်ငြိမ်နေစမ်း'



www.burmeseclassic.com

www.burmeseclassic.com





'မင်း. . မင်း. . မိုက်ရိုင်းလိုက်တာကွာ'

'ဘာ့မိုက်ရိုင်းလို့လဲ ဦးတိုးမော်ရဲ့ လူမဆန်အောင် မိုက်ရိုင်းတာက ခင်ဗျားတို့ပဲဗျ'

'ဘာ'

'တိတ်တိတ်နေစမ်း ဦးတိုးမော်'

ဦးတိုးမော်မှာ ခုံပေါ်မှ ကြမ်းပြင်ပေါ်သို့ ဝရုန်းသုန်းကားလဲကျသွား၏။ အားလုံးမှာလည်း ကြောင်စီစီဖြစ်နေ၏။ ရုတ်တရက်ချက်ချင်ပေါ်ပေါက်လာသည့် အဖြစ်မို့ အားလုံးအိုးတိုးအမ်းတမ်းဖြစ်နေ၏။

ထိုစဉ် ဦးတိုးမော်သည် ကြမ်းပြင်ပေါ်မှ လူးလဲထလာပြီး စဝ့်ရန်နိုင်ကို လှမ်းရှပြောလိုက်၏။

စဝ်ရန်နိုင်သည် တစ်ချက်ကလေးမှ အလစ်မပေးချေ။ ဦးတိုးမော် အနီးသို့ ရောက်ရှိသွားကာ ညာဘက်လက်ကို လှန်ချိုးပြီး သေနတ်နှင့် လည်စောင်းကို ချိန်ထား၏။

သက်ဖူးငုံမှာလည်း အံ့အားသင့်ကြီးသင့်နေ၏။ လူထွားကြီးလေးဦးနှင့် ဦးတိုးမော်ဘေးမှ လူကြီးမှာလည်း ထိုင်ရနိုးနိုး၊ ထရနိုးနိုးဖြစ်နေ၏။

'ခင်ဗျားတို့ ငြိမ်ငြိမ်ကလေးနေနော်. . လှုပ်ရှားတာနဲ့ ပစ်ချလိုက်မှာပဲ'

'တောက်'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုဖြစ်တာလဲကွာ'

ဦးတိုးမော်မှာ ဒေါသမပြယ်သေး။ တောက်တခေါက်ခေါက် ဖြစ်နေ၏။ ထိုစဉ် အခန်းထဲသို့ လူလေးဦး လက်နက်ကိုယ်စီနှင့် အပြေး ဝင်လာ၏။

'ဟာ. . မွေးကြီးတို့ပါလား'

'ဟုတ်တယ် စဝ်'

'သူတို့အားလုံးကို လက်ထိပ်ခတ်ပစ်လိုက်ကွာ'

'ဂကား. . အေး'

ဝင်လာသူလေးဦးမှာ မွေးကြီးတို့ လူစုဖြစ်ဗြီး၊ အထဲရောက် သည်နှင့် လူထွားကြီးလေးဦးနှင့် မျက်နှာစိမ်းလူကြီးကိုပါ လျင်မြန်စွာ လက်ထိပ်ခတ်လိုက်၏။

စိုင်းနွတ်သည် စဝ်ရန်နိုင်တို့အနားရောက်ရှိလာကာ ဦးတိုး မော်ကို လက်ထိပ်ခတ်လိုက်၏။

သက်ဖူးငုံမှာ ရှုံ့မဲ့ရှုံ့မဲ့ဖြစ်နေ၏။

'ကဲ. . စားပွဲပေါ်က သက်သေခံပစ္စည်းတွေသိမ်းဟေ့'

'ဟုတ်ကဲ့ဆရာ'

ရဲသားနှစ်ဦးသည် ရိုင်ဖယ်ကိုပခုံးပေါ်တွင် ချိတ်လိုက်ပြီး စားပွဲပေါ်တွင် တင်ထားသော သက်သေခံပစ္စည်းများကို ဓါတ်ပုံရိုက် ယူပြီး သိမ်းဆည်းလိုက်၏။

ဦးတိုးမော်မှာ လက်ထိပ်တန်းလန်းနှင့် ခေါင်းငိုက်စိုက်ကျနေ



၏။ ထိုစဉ် စဝ်ရန်နိုင်သည် သူ့အနားသို့ ရောက်လာပြီးပြောသည်။

'ကဲ. . သွားကြစို့ ဦးတိုးမော်'

'ဟင်. . ဘယ်ကိုလဲဗျ'

'ဩော်. . ဘယ်ကိုရမှာလဲဗျ. . တရားဥပဒေအရိပ်အောက် ပေါ့ဗျာ'

'ဟင်'

'ရှင်'

သက်ဖူးငုံ၏ မျက်နှာလေးမှာ ရဲတွတ်နေ၏။ စဝ်ရန်နိုင်တို့ လူစုသည် ဦးတိုးမော်တို့ လူစုကို သင်္ဘောကြီးပေါ်မှ ခေါ်ထုတ်လာ ခဲ့ပြီး ပင်လယ်ပြင်တွင် ရပ်နားထားသော မော်တော်ပေါ်သို့ တင်လိုက် ကြ၏။

ထို့နောက် ပင်လယ်ပြင်အနောက်ဘက်ရှိ ဆိပ်ကမ်းဆီသို့ တဝေါဝေါနှင့် ဦးတည်၍ ခုတ်မောင်းခဲ့လေတော့၏။

❋❋❋ ❋❋❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

စဝ်ရန်နိုင်သည် သူ့ရှေ့တွင် ငိုက်စိုက်ထိုင်နေသော လူစိမ်း ပုဂ္ဂိုလ်ကြီးကို တစ်ချက်လှမ်းကြည့်ရင်းမေးလိုက်၏။

'ဦး နာမည် ဘယ်လိုခေါ်လဲဗျ'

'ကျုပ် နာမည်လား'

'ဟုတ်ပါတယ်. . . . . ဖြစ်နိုင်ရင် ဦးရဲ့အကြောင်းတွေကို ကျွန်တော် သိချင်တယ်'

'ဟုတ်. . ဟုတ်ကဲ့ ပြောပြပါ့မယ် ခင်ဗျာ'

လူစိမ်းပုဂ္ဂိုလ်ကြီးသည် မျက်နှာငယ်လေးနှင့် သူတို့လူစုကို လှမ်းကြည့်ရင်း ထစ်ထစ်ငေါ့ငေါ့နှင့် ပြောလာလေသည်။

'ဟို. . ကျွန်. . ကျွန်တော့် နာမည် တိုးဇော်ပါ။ ကျွန်တော် ဟာ တိုးမော်ရဲ့ အစ်ကိုပါ။ ကျွန်တော်တို့မှာ မောင်နှမသုံးယောက်ရှိ





ပါတယ်ဗျာ. . ကျွန်တော်ရယ်၊ တိုးမော်ရယ်. . ပြီးတော့ သက်ဖူး လို့ခေါ်တဲ့ ညီမလေးရယ်ပါ'

'ဟင်. . . ဒါနဲ့ ဦးတိုးမော်ပြောတော့ သက်ဖူးငုံဟာ. . သူ့ သမီးဆို'

'ဟုတ်ကဲ့. . ညီမလေးဟာ အငယ်ဆုံး။ ပြီးတော့ ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်ဟာ မိမဲ့ ဖမဲ့ ညီမငယ်လေးမို့ သမီးလေးကို ချစ်ခဲ့ရတာပါ'

'ဪ. . ပြောပါဦး ဦးတိုးဇော်'

'ဟုတ်ကဲ့. . ကျွန်တော် အကုန်ပြောပါ့မယ်. . တကယ်တော့ ကျွန်တော်တို့ မောင်နှမသုံးယောက်ဟာ ငယ်ငယ်တုန်းက အရမ်းကို ဆင်းရဲခဲ့ကြပါတယ်၊ ဇာတိကတော့ မြစ်ဝကျွန်းပေါ် ရွာကလေးတစ်ရွာ မှာ နေခဲ့ကြတာပေါ့ဗျာ. . အဲဒီတုန်းက ကျွန်တော်တို့တောင် ဆယ်နှစ် ကျော်ကျော်ပဲ ရှိပါသေးတယ်။ အဲဒီအချိန်မှာ အမေနဲ့အဖေဟာ မြစ်ထဲ မှာ ငါးဖမ်းရင်း သမ္ဘာန်မှောက်ပြီး အသက်ဆုံးရှုံးခဲ့ရတယ်လေ'

'ဪ. . ဦးတိုးဇော်တို့က ရေလုပ်သားအမျိုးအနွယ်တွေကိုး'

'ဟုတ်ပါတယ်. . ဆရာရယ်. . . . အဲဒီအခါမှာ မိဘမဲ့ဖမဲ့နဲ့ ကျွန်တော်တို့ မောင်နှမသုံးယောက်ဟာ အတိဒုက္ခရောက်ခဲ့ရပါတယ်၊ စားစရာမရှိ. . ဝတ်စရာမရှိနဲ့ တဲအိုလေးတစ်လုံးမှာ ဖြစ်သလိုနေခဲ့ရ တယ်. . ရွာထဲကလည်း ဆင်းဆင်းရဲရဲလူတွေချည်းပဲမို့ ကျွန်တော် တို့ဒုက္ခကို မကယ်နိုင်ဘူးပေါ့ဗျာ. . အဲဒီအချိန်တုန်းက ညီမလေးက



www.burmeseclassic.com

www.burmeseclassic.com



သုံးနှစ်သမီးလေးပဲ ရှိပါသေးတယ်၊ ကျွန်တော်ဟာ ညီလေး၊ ညီမလေးတွေရဲ့ ဒုက္ခကို မြင်တော့ စိတ်မချမ်းသာဖြစ်ခဲ့ရတယ်။ ဆာလောင်နေတဲ့ ညီမလေးရဲ့အော်သံဟာ ကျွန်တော့်နားထဲမှာတော့ သက်နှုတ်ကောင်ရဲ့အော်သံပါပဲ။ နောက်ဆုံးတော့ အခုလိုနေလို့မဖြစ်ချေဘူးဆိုပြီး အဖေတို့ ထားခဲ့တဲ့ လှေကလေးတစ်စင်းကို အားပြုပြီး တံငါအလုပ်ကို ကျွန်တော်လုပ်ခဲ့တယ်လေ'

'ဟင်. . ဒါဆို ဦးတိုးဇော်ဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ တံငါအလုပ်ကို လုပ်ခဲ့ရတယ်ပေါ့'

'ဟုတ်ပါတယ် ဆရာ. . ကျယ်ပြောလှတဲ့ မြစ်ကြီးထဲမှာ ကျွန်တော်ဟာ မကြောက်မရွံ့နဲ့ တံငါအလုပ်ကို လုပ်ခဲ့ပါတယ်၊ ဒီအခါမှာတော့ ကျွန်တော်တို့ မောင်နှမသုံးယောက်ဟာ အူနည်းနည်း ပြန်စိုလာတယ် ပြောရမှာပေါ့ဗျာ. . ဒီအချိန်မှာ ကျွန်တော် စိတ်မကောင်းစရာတစ်ခုနဲ့ ကြုံလိုက်ရတယ်လေ'

'ဘာလဲဗျ'

'ဒီလိုပါ ဆရာ. . ညီလေးတိုးမော်ကလဲ ရွာထဲမှာ လုပ်စရာရှိတာ ထွက်လုပ်၊ ကျွန်တော်ကလဲ မြစ်ပြင်ထဲ မိုးလင်းမိုးချုပ်နေခဲ့ရတာမို့ ညီမလေးဟာ အိမ်မှာ တစ်ယောက်ထဲ ကျန်ခဲ့တယ်လေ။ ဒီအခါမှာ ညီမလေးဟာ ဆင်ခြင်တုံတရားမရှိသေးတဲ့အရွယ်မို့. . ရေနံဆီပုလင်းကို ဆော့ကစားရင်း ပုလင်းမီးဖိုပေါ်ကျပြီး ထကွဲသွားတယ်ဗျ'

'ဟင်. . ဒုက္ခပါပဲ. . စိတ်မကောင်းစရာပဲဗျာ'





'ညီမလေး သနားပါတယ် ဆရာရယ်. . ရေနံဆီတွေက သူ့မျက်နှာပေါ် စင်ကုန်တော့ မီးကလည်း ညီမလေးရဲ့ မျက်နှာကို တက်ဟပ်ပြီးလောင်ကုန်တော့တာပေါ့'

'အို. . ကြောက်စရာကြီးဗျာ'

'ဟုတ်ပါတယ် ဆရာ. . အဲဒီအခါမှာ ညီမလေးရဲ့ အော်သံကြောင့် ရွာကလူတွေ အပြေးရောက်ရှိလာလို့သာပေါ့ ဆရာရယ်၊ မဟုတ်ရင် ညီမလေးသေမှာ၊ ဒါပေမယ့် သူ့မျက်နှာနဲ့ ခေါင်းတစ်ခုလုံးမီးတွေလောင်ကျွမ်းခံရတာမို့ ကြောက်စရာကောင်းလှတဲ့ မျက်နှာလေးဖြစ်သွားတာပေါ့'

'ဟင်. . ဒါဆို သက်ဖူးငုံရဲ့ အခုမျက်နှာက. . '

'ဟုတ်ကဲ့. . အဲဒါပလပ်စတစ်ဆာဂျယ်ရီ လုပ်ထားတာပါ ဆရာ'

'ဩော်'

'အဲဒီလိုနဲ့ ညီမလေးရဲ့ ဒုက္ခကိုကြည့်ပြီး ကျွန်တော်တို့ ညီအစ်ကိုနှစ်ဦး ဖြေမဆည်နိုင်ဖြစ်ခဲ့ကြတယ်။ နေ့တစ်မူ ညီမလေးရဲ့ မျက်နှာ လေးဘယ်လိုပြန်ကောင်းလာပါ့မလဲပဲ တွက်ဆနေခဲ့ကြတယ်။ ဒီလိုနဲ့ တစ်နေ့တော့ ကျွန်တော်ဟာ မြစ်ပြင်ထဲမှာ ငါးဖမ်းနေတုန်း လူတစ်ယောက် အထုပ်ကြီးတစ်ထုပ် ဖက်ပြီး မျောလာတာ တွေ့လိုက်ရတယ်၊ အဲဒီလူကိုလည်း မြင်ရော ကျွန်တော်ဟာ သူ့ကို သက်စွန့်ဆံဖျားကယ်လိုက်မိတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဦးတိုးဇော်သည် စကားပြောရင်း ခံတွင်းခြောက်သွားသဖြင့် ရေတစ်ခွက်တောင်းသောက်လိုက်၏။ ထို့နောက် သူ့စကားဆက်လာ၏။

'ကျွန်တော် ဆယ်လိုက်တဲ့လူဟာ နိုင်ငံခြားသားကြီးတစ်ဦးဖြစ်နေတယ်ဗျ. . လက်ထဲက အထုပ်ကြီးကို ကျွန်တော့်ကိုလှမ်းပေးပြီး လှေပေါ်တက်လာတယ်လေ. . သူဟာ ကျွန်တော်ကယ်ခဲ့တာကြောင့် ခုလို အသက်ရှင်ရပါတယ်ဆိုပြီး ကျေးဇူးတင်နေတယ်ဗျ'

'ဩော်. . သူက မြန်မာစကားပြောတတ်လို့လား'

'မတောက်တစ်ခေါက်တော့ ပြောတတ်ပါတယ်ဗျာ၊ အဲဒါနဲ့ ကျွန်တော်ဟာ သူ့ကို ကျွန်တော်တို့ နေထိုင်တဲ့ ရွာကလေးဘက်ကို ခေါ်ခဲ့တယ်လေ၊ တစ်ရွာလုံးကတော့ ကျွန်တော်တို့နှစ်ယောက်ကို ထူးထူးဆန်းဆန်းဖြစ်နေကြတာပေါ့၊ ကျွန်တော်ဟာ အဲဒီလူကြီးကို ကောင်းမွန်စွာ ပြုစုလိုက်ပါတယ်၊ ရှိတာထုတ်ကျွေးပြီး သူ့ကိုကောင်းကောင်းမွန်မွန်စောင့်ရှောက်ခဲ့ပါတယ်၊ ဒီအခါမှာတော့ အဲဒီလူကြီးဟာ ကျွန်တော်တို့အဖြစ်ဆိုးကို မေးရင်း ကရုဏာသက်သွားတာနဲ့ သူ ကူညီပါ့မယ်လို့ ကတိပေးခဲ့တယ်ဗျ၊ နောက်ပြီးညီမလေးရဲ့အဖြစ်ကိုကြားရတော့ ဘာမှမပူနဲ့ သူကိုယ်တိုင် ကုပေးမယ်လို့ပြောခဲ့တယ်ဗျ၊ အဲဒီလိုနဲ့ သူဟာကျွန်တော်တို့ဆီမှာ သုံးရက်လောက်နေပြီး မော်တော်လုံးချင်းငှားခိုင်းလိုက်တယ်လေ၊ မော်တော်လဲ ရရော သူဟာသယ်လာတဲ့အထုပ်ကြီးပိုက်ပြီး ကျွန်တော်တို့ကို နှုတ်ဆက်ရင်းထွက်သွား





ခဲ့တယ်၊ ဒါပေမယ့် သူရွာက ထွက်သွားပြီး သုံးလေးနှစ်တိုင်အောင် ပြန်မလာတော့ဘူးဗျ'

'ဟင်. . ဟုတ်လား'

'ဟုတ်တယ်. . ကျွန်တော်တို့ သုံးယောက်လဲ ရှိတာလေးနဲ့ ခြိုးခြံချွေတာ စားသောက်ရင်း အသက်ရှင်အောင် မွေးခဲ့ရတယ်၊ ညီမလေးကတော့ သူ့မျက်နှာလေးကို တစမ်းစမ်းလုပ်ရင်း အမြဲတမ်းငိုနေတတ်တယ်ဗျာ'

'စိတ်မကောင်းစရာပါပဲဗျာ'

'ဟုတ်ပါတယ် ဆရာရယ်. . . အဲဒီလိုနဲ့ ငါးနှစ်လောက်အကြာမှာ ညီမလေးဟာ အသိတရားလေးနည်းနည်းကြွယ်ဝလာပြီဆိုတော့. . သူ့ရဲ့ကြောက်စရာကောင်းတဲ့ မျက်နှာကိုသူတောင် မကြည့်ရဲဘူးဖြစ်နေတာပေါ့။ ပြီးတော့ လူတောထဲလဲ လုံးလုံးမသွားရဲတော့ဘူးဗျ. . နေ့တစ်ရှုဝ စောင်စုတ်ကြီးကို မျက်နှာမှာပတ်ပြီး နေခဲ့တယ်ဗျ'

'အင်း. . . စိတ်အစွဲအလမ်းဖြစ်သွားတယ်ထင်ပါတယ်'

'ဟုတ်တယ် ဆရာ. . ညီမလေးဟာ စိတ်မှာပါ ဒဏ်ရာရသွားသလိုပါပဲ. . သူဟာ အစားအသောက်ကိုတောင် ကောင်းကောင်းမစားတော့ဘဲ. . အမြန်ဆုံးသေချင်တဲ့စိတ်တွေဖြစ်နေတယ်ဗျ. . ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်ဟာ ညီမလေးကို ဝိုင်းပြီး အားပေးခဲ့ပါတယ်။ ဒါပေမယ့် ညီမလေးအဖြစ်က ယူကျုံးမရစရာအဖြစ်မို့ ကျွန်တော်တို့တွေလဲ အမြဲတမ်း ညီမလေးအခြေအနေကိုစောင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတာပေါ့ဆရာရယ်၊ ဒီလိုနဲ့ တစ်နေ့ကျတော့ ရွာကို လူစိမ်းနှစ်ဦး ရောက်လာပြီး ကျွန်တော်ရဲ့ နာမည်ကို ရွာထဲမှာမေးတယ်. . ရွာသား တွေကလည်း သူတို့ကို ကျွန်တော့်ဆီလိုက်ပို့ပေးခဲ့တယ်လေ၊ ဒါနဲ့ အဲဒီ လူစိမ်းနှစ်ဦး ကျွန်တော့်ဆီရောက်လာပြီး. . ကျွန်တော်တို့ မောင်နှမ သုံးယောက်ကို သူတို့နဲ့ လိုက်ခဲ့ဖို့ အတင်းခေါ်တော့တာပဲ၊ ကျွန်တော် က တယ်လိုက်ရဲမလဲဗျ. . . ဒါပေမယ့် လူစိမ်းတစ်ဦးက လွန်ခဲ့တဲ့ ငါး နှစ်က ရေထဲမျောလာတဲ့ လူတစ်ယောက်ရဲ့အဖြစ်ကို ပြောပြပြီး အဲဒီ လူက အခေါ်လွှတ်လို့ပါလို့ဆိုတယ်၊ ဒါနဲ့ ကျွန်တော်တို့ မောင်နှမ သုံးဦးဟာ လူစိမ်းနှစ်ယောက် နောက်ကို လိုက်ခဲ့ကြတယ်ပေါ့ ဗျာ. . ညီမလေးကတော့ သူ့မျက်နှာကို စောင်ကြီးနဲ့ အမြဲတမ်း အုပ်ထားတာပေါ့။ အဲဒီလို နဲ့ ကျွန်တော်တို့ကို မော်တော်တစ်စင်းနဲ့ အတူ မြို့ကြီးတစ်မြို့ပေါ်ကို ခေါ်သွားတယ်လေ. . မြို့ပေါ်လဲ ရောက်ရော ကျွန်တော်တို့ကို ကြိုနေ သူကတော့ ကျွန်တော်ကယ်ခဲ့တဲ့ နိုင်ငံခြားသားကြီးပေါ့ဗျာ'

'ဩော်. . တော်သေးတာပေါ့ဗျာ'

'ဟုတ်တယ် ဆရာ. . သူဟာကျွန်တော်တို့ မောင်နှစ်မသုံး ယောက်ကို တိုက်ကြီးတစ်လုံးပေါ် ခေါ်သွားပြီး ကောင်းကောင်းမွန် မွန်နဲ့ ကျွေးမွေးစည့်ခံတယ်လေ၊ ပြီးတော့ သူဟာ သူ့မိတ်ဆွေ ပရိသတ် တွေ ဖိတ်ပြီး ကျွန်တော်တို့သုံးဦးကို သူပိုင်ဆိုင်သမျှ အမွေတွေအားလုံး လွှဲအပ်လိုက်တယ်ဆိုတာ ကြေညာလိုက်တယ် ဆရာ'





'မယုံနိုင်စရာပါလား ဦးတိုးဇော်'

'ဟုတ်တယ် ဆရာ. . ထူးဆန်းလှတဲ့ ကံတရားကြောင့် ကျွန်တော်တို့ မောင်နှမသုံးယောက်ဟာ စည်းစိမ်ကြီးလှတဲ့ တိုက်ကြီး ပေါ်ကို ရောက်သွားရတယ်ပေါ့ဗျာ. . တကယ်တော့ အဲဒီနိုင်ငံခြားသား ကြီးဟာ ဘိန်းဖြူအရောင်းအဝယ်လုပ်နေတဲ့ လူကြီးဗျ. . ငွေကြေး အရမ်းကို ချမ်းသာတယ်လေ. . သူလုပ်တာလဲ လူမသိဘူးဗျ. . အရမ်း ကိုပိရိတယ်၊ ဒါပေမယ့်. . တစ်နေ့တော့ သင်္ဘောတစ်စီးပေါ်မှာ အရောင်းအဝယ်လုပ်တုန်း လုံခြုံရေးရဲတွေ ရောက်လာတာနဲ့ ဘိန်းဖြူ ထုပ်ပိုက်ပြီး မြစ်ထဲခုန်ချသွားတာလေ'

'ဩော်. . အဲဒါနဲ့ ခင်ဗျားနဲ့ တွေ့ခဲ့တယ်ပေါ့'

'ဟုတ်ပါတယ် ဆရာ. . . သူ့လက်ထဲက ဘိန်းဖြူထုပ်ဟာ သိန်းရှစ်ရာလောက် တန်ဖိုးရှိတယ်လေ၊ ဒါကြောင့်လည်း သူဟာ ကျွန်တော်တို့မောင်နှစ်မသုံးဦးအတွက် တိုက်ကြီးတစ်လုံးဝယ်ပေးခဲ့ တယ်။ ပြီးတော့ ညီမလေးရဲ့ မျက်နှာကိုလည်း ငွေကြေးအကုန်အကျ ခံပြီး ပလပ်စတစ်ဆာဂျယ်ရီကိုင်ခဲ့တာပေါ့'

'ဩော်. . ဒီလိုကိုး'

'အဲဒီလိုအချိန်မှာ စိတ်မကောင်းစရာဖြစ်တာက. . ညီမလေး ဟာ စိတ္တဇရောဂါရနေသလိုပါပဲ ဆရာ. . ဒါကို ကျွန်တော်တို့ ညီအစ် ကိုနှစ်ယောက်ကလွဲလို့ ဘယ်သူမှမသိကြပါဘူး၊ ညီမလေးအရှက်ရမှာ စိုးလို့ ဒီအကြောင်းကို ဖုံးထားခဲ့ပါတယ်၊ ဒီအချိန်မှာ ကျွန်တော်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ခဲ့တဲ့ နိုင်ငံခြားသားကြီးဟာ နယ်စပ်မှာ အရောင်းအဝယ် လုပ်ရင်း အလုပ်ကြံခဲ့လိုက်ရတယ်လေ'

'ဩော်. . ဒါဆို. . .'

'ဟုတ်ကဲ့ ဒီအခါမှာတော့ အဲဒီလူကြီးပိုင်ဆိုင်သမျှ အရာအားလုံး ကျွန်တော်တို့ မောင်နှမတွေ ပိုင်ဆိုင်ခဲ့တယ်ပေါ့ဗျာ. . ဒီအခါမှာတော့ ကျွန်တော်ဟာ ငွေအရင်းအနှီးနဲ့ တိုင်းတစ်ပါးကို ထွက်ခဲ့တယ်၊ ကျွန်တော်တို့ကို စောင့်ရှောက်ခဲ့တဲ့ လူကြီးရဲ့ မိတ်ဆွေတွေနဲ့ လက်တွဲပြီး ဘိန်းဖြူဖြန့်ဖြူးရေးကို လုပ်ခဲ့ပါတယ်၊ ညီလေးနဲ့ ညီမလေးကတော့ ဒီမှာ ဒိုင်ခံရောင်းပေးတာပေါ့ဗျာ'

'ဩော်. . ဒါဆို ခေါင်းသုံးလုံးနဲ့ နဂါးဆိုတာ ခင်ဗျားတို့လား'

'ဟုတ်ပါတယ် ဆရာ. . ကျွန်တော်ဟာ အဲဒီဂိုဏ်းကို ထူထောင်ပြီး ဘိန်းဖြူလုပ်ငန်းကို အကြီးအကျယ်လုပ်ခဲ့ပါတယ်၊ ဒီအချိန်မှာ စိတ္တဇဖြစ်နေတဲ့ ကျွန်တော့်ညီမလေးဟာ အခြေအနေပိုဆိုးလာတယ်လေ၊ သူဟာ သူ့ကိုယ်သူ ကမ္ဘာပေါ်မှာ အလှဆုံးပဲလို့ စိတ်ကြီးဝင်သွားတယ်ဗျ။ ဒါကြောင့် သူ့ထက်လှတဲ့ မိန်းမချောလေးတွေ တွေ့ရင်အမြဲတန်း ရန်လိုတတ်တယ် ဆရာ၊ အဒီလိုနဲ့ နောက်ဆုံးတော့ ညီမလေးဟာ သူကိုယ်တိုင်ခေါင်းဆောင်ပြီး ယောကျ်ားဘဝရှုံးနေတဲ့ လူတွေကို စုစည်းခဲ့တယ်ဗျ'

'ဟင်. . အံ့ဩစရာပဲ. . ဘာစိတ်ကူးရလာလို့လဲဗျ'

'ဒီလို ဆရာ. . အဲဒီယောကျ်ားဘဝရှုံးနေတဲ့ ယောကျ်ားတွေ





ဟာလဲ မိန်းကလေးချောချော်လှလှလေးတွေကို တန်ကော်မကြည့်ဘူးဗျ. . သူတို့ဟာလည်း စိတ္တဇဝေဒနာရှင်တွေပေါ့ဗျာ. . ဒါကြောင့် ညီမလေးနဲ့ ပေါင်းမိကြပြီး ချောချောလှလှမိန်းကလေးတွေကို မင်းပြီးတော့ လွယ်လွယ်ရတဲ့ ဘိန်းဖြူထိုးပြီး မျက်နှာကို ဓါးတွေနဲ့ မွှမ်းသခဲ့တာဗျ'

'ကြောက်စရာကောင်းလိုက်တာဗျာ'

'ဟုတ်ပါတယ် ဆရာ. . ကျွန်တော်လဲ တားပါသေးတယ်. ဒါပေမယ့်ဗျာ ညီမလေးသက်ဖူးငုံရဲ့အဖြစ်က လွန်နေပြီဆရာ၊ နောက်ဆုံးသူက သိပ်လှတဲ့ မိန်းကလေးတွေဆိုရင် ကမ္ဘာပေါ်မှာ လုံးလုံးမမြင်ချင်ဘူးဗျ၊ ဒါကြောင့် မိန်းမချောလေးတွေနေတဲ့ နောက်ကိုလိုက်ပြီး ဒုက္ခပေးခဲ့တာပေါ့ဗျာ၊ တကယ်တော့ ညီမလေးဟာ စိတ်မှာ ဒဏ်ရာရထားတဲ့ သူလေးပါဗျာ၊ အဲဒီ အတေးအမှတ်ကို တွေးပြီး ခုလို ထင်ရာတွေ လုပ်တော့တာပါ ပဲ ဆရာရယ်. . အဖြစ်ကတော့ ဒါပါပဲ ဆရာ'

'အင်း. . ဦးတိုးဇော်ပြောပြတော့မှပဲ ကျွန်တော် အတော့်ကို စိတ်မကောင်းဖြစ်မိပါတယ်ဗျာ. . ဒါထက် ဟိုသင်္ဘောပေါ်ကို ခင်ဗျားဘယ်လိုရောက်နေတာလဲဗျ'

'ဩော်. . အဲဒါ ကျွန်တော်လိုက်လာတဲ့ သင်္ဘောကြီးလေ ညီလေး ညီမလေးကို သတင်းပို့ပြီး ဘိန်းဖြူအရောင်းအဝယ်တွေ့ခဲ့ဖို့ ညှိနှိုင်းနေတုန်း ဆရာတို့ ရောက်လာတာပါ။ ကျွန်တော်တို့မှာ အပြစ်ရှိပါတယ် ဆရာ. . တကယ်တော့ ကျွန်တော်တို့အဖွဲ့ . . .

www.burmeseclassic.com



လွဲခဲ့ကြတာပါ။ ဆင်းရဲတာကို အကြောင်းပြုပြီး ကျွန်တော်တို့ဟာ လူတွေကို တစ်ဖက်သတ် နာကျည်းခဲ့တယ်လေ။ လူရာမဝင်ခဲ့ရတဲ့ ဘဝကနေ တက်ခဲ့ရတော့ လူတွေကို အမြဲတမ်းရန်လိုခဲ့ပါတယ်။ ဒါကြောင့်လဲ လူတွေကို ဒုက္ခအပေးဆုံးဖြစ်တဲ့ ဘိန်းဖြူလက်နက်ကို ကိုင်စွဲခဲ့တာပါ ဆရာ။ ခုတော့ ကျွန်တော် နားလည်ပါပြီ ဆရာ. . ကျွန်တော်တို့ အယူအဆတွေလွဲခဲ့ကြတာပါ'

'တိုင်းပြည်မျက်နှာမထောက်၊ လူမျိုးမျက်နှာမထောက်ဘဲ ထင်ရာလုပ်ခဲ့တာမို့ ကျွန်တော်တို့ သုံးယောက်မှာ တာဝန်ရှိပါတယ် ဆရာ၊ ကျွန်တော်တို့ကို ကြိုက်တဲ့အပြစ်ပေးပါ ဆရာ'

ဦးတိုးဇော်သည် စင်ရန်နိုင်ကို ကြည့်ရင်း မျက်နှာငယ်လေးဖြင့် ဝန်ချတောင်းပန်နေ၏။ မွေးကြီးတို့မှာလည်း ဦးတိုးဇော်တို့၏ အဖြစ်ကို နားထောင်ရတော့ စိတ်မကောင်းဖြစ်နေကြ၏။

ချမ်းသာချင်လွန်း၍ လောဘဇောတိုက်ကာ အတ္တအမှောင်ကျခဲ့ရသော မောင်နှမသုံးဦး၏ အဖြစ်က ရင်နင့်စရာပင်။

ထိုအချိန်တွင် အခန်းတစ်ခန်းထဲ၌ ချုပ်နှောင်ထားသော သက်ဖူးငုံမှာ တခွိခွိနှင့် တစ်ယောက်ထဲ ရယ်မောရင်း အိတ်ထဲက မှန်ကလေးထုတ်လိုက်၊ တို့ပတ်တို့လိုက်၊ နှုတ်ခမ်းနီဆွဲလိုက်နှင့် ဖြစ်ချင်တိုင်းဖြစ်နေ၏။

ထို့ပြင် ပါးစပ်မှလဲ ပွစိပွစိလုပ်ကာ အော်ဟစ်ပြောဆိုနေ၏။ စင်စစ် သက်ဖူးငုံတစ်ယောက် အလှရူး ရူးသွားခြင်းပင် ဖြစ်သည်။



ဆိုရပေမည်။

စင်ရန်နိုင်တို့ လူစုမှာ ရင်နင့်စရာ ကောင်းလှသော မောင်နှမသုံးဦးအကြောင်းကို စဉ်းစားရင်း စိတ်မကောင်းဖြစ်နေကြ၏။

သို့ပေသည့်တာဝန်က ရှိသေးသည်မို့ ဥပဒေ့အရတော့ ဆောင်ရွက်ရပေဦးမည်။ ထို့ကြောင့်လည်း သူတို့သုံးဦးကို လုံခြုံရေးကားပေါ်တင်ရန် အပြင်သို့ ခေါ်ထုတ်ခဲ့၏။

ဦးတိုးဇော်တို့ ညီအစ်ကိုနှစ်ဦး ခမျာမှာတော့ မျက်ရည်တစမ်းစမ်းနှင့် သူ့ညီမလေး သက်ဖူးငုံကို ကြည့်ရင်း ခေါင်းငိုက်စိုက်ချကာ ကားပေါ်တက်သွားကြ၏။

သက်ဖူးငုံမှာ ရဲသားများ လက်ထဲမှ အတင်းရုန်းကန်ကာ အော်ချင်ရာအော်၊ ပြောချင်ရာပြောနှင့် ထင်တိုင်းကြဲနေ၏။ ထိုစဉ် အစ်ကိုဖြစ်သူ ဦးတိုးဇော် ဆင်းလာပြီး ချော့ချော့မော့မော့ ခေါ်မှ တဟီးဟီးနှင့် ငိုရင်း လုံခြုံရေးကားကြီးပေါ် တက်သွားလေတော့သည်။

*** ***

ပြီးပါပြီ။

ဇော်ထက်အောင်

www.burmeseclassic.com